# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၅ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၀၅)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ချင်းပြည်နယ်မှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး



Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ချင်းပြည်နယ်မှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် ဧပြီ ၂၄

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ချင်းပြည်နယ်မှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

---

**ကမ္ဘာ့မူပိုင်ခွင့်နေ့ ၂၀၂၀**

**(Innovate for Green Future)**

ဆောင်းပါး စာ » ၆

**တိုယိုတာကားကုမ္ပဏီက မြောက်အမေရိကရှိ စက်ရုံများကို ပြန်လည် လည်ပတ်တော့မည်**

နိုင်ငံတကာသတင်း စာ » ၁၂

**အချိန်ကြာကြာရှိနေဦးမယ်ဆိုတဲ့ ကိုဗစ် -၁၉ ကြောင့် စီးပွားရေး နာလန်ထူဖို့ လွယ်ပါ့မလား**

နိုင်ငံတကာရေးရာ စာ » ၁၄




မြန်မာ့အလင်း

# ငြိမ်းချမ်းသောစိတ် မွေးမြူကျင့်ကာ

လူ့ဘဝဖြစ်တည်လာကတည်းက ပျော်ရွှင်စရာ၊ နှစ်မြို့က်သဘောကျစရာ စသည်တို့နှင့်အတူ စိတ်ပျက်စရာ၊ ဝမ်းနည်းတုန်လှုပ်စရာ စသည်တို့ကလည်း ရောယှက်ပြည့်နှက်နေသည်ပဲဖြစ်၏။

အကောင်း၊ အဆိုး ဒွန်တွဲ ရှိနေတတ်သည့် လောကဓမ္မတာ။

လာဘ်လာဘ ဥစ္စာပစ္စည်းပေါများရရှိ၍ ပျော်ရွှင်ရသည်။ ဥစ္စာပစ္စည်း မရရှိ နည်းပါး၍ စိတ်ညစ်ရသည်။ မိတ်ဆွေအခြွေအရံ အသင်းအပင်းတို့ တရုန်းရုန်းရှိနေရ၍ စိတ်ချမ်းသာရသည်။ မိတ်ဆွေ လျော့နည်း ရှားပါးရ၍ စိတ်ထိခိုက်ရသည်။ မိမိ၏ လုပ်ရပ်၊ မိမိ၏အောင်မြင်မှုတို့အတွက် ချီးမွမ်းခံရ၍ ပီတိဖြစ်ရသည်။ မိမိကို ကဲ့ရဲ့အတင်းဆိုပြောခြင်းခံရ၍ စိတ်ကုန်ခန်းရသည်။ ဘဝတွင်းသို့ ဝင်ရောက်လာသော ချမ်းသာမှုများအတွက် ချမ်းမြေ့ပြည့်စုံလုံခြုံရ၏။ မဖိတ်ခေါ်ဘဲ ရောက်လာလေ့ရှိသည့် ဒုက္ခဆင်းရဲများနှင့် ကြုံရသည့်အခါ စိတ်ဆင်းရဲခြင်းဖြစ်ရ၏။

ဤသည်ပင် လောကဓံတရားဖြစ်ပေသည်။

ဤသည်ပင် လောကဓံတရားနှင့် ကြုံကြရသည့်အခါ လူသားတို့၏ ရုတ်ခြည်း တုံ့ပြန်တတ်မှုတို့ ဖြစ်ချေသည်။ အကောင်းနှင့် ကြုံသည့်အခါတွင် လှိုက်လှဲဝမ်းသာဖြစ်ရ၊ တက်ထောင်မာန်ကြွ ဖြစ်တတ်သကဲ့သို့ အဆိုးနှင့်ကြုံရသည့်အခါ စိတ်ကျပူပန်၊ ညှိုးနွမ်းရပြန်လေ့ရှိပါ၏။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါ ကမ္ဘာအနှံ့ ပြန့်ပွား ကူးစက်သွားသည့်သတင်း ထွက်ပေါ်လာသည်နှင့် လူတို့၏ ရုတ်ခြည်း စိတ်တုံ့ပြန်မှုမှာ စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်တို့ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ကမ္ဘာကြီးသည် မလုံခြုံ၊ လူသားတို့၏ အသက်အန္တရာယ်များကို ဘယ်ကဘယ်လိုလာမည်မှန်းမသိသည့် မမြင်ရသော ဗိုင်းရပ်စ်ပိုးက ခြိမ်းခြောက်နေပြီဟူသည့် ပူပန်မှုက လွှမ်းခြုံလာ၏။

လူ့သဘာဝ ဓမ္မတာအရ စိုးရိမ်ပူပန်စိတ်၊ ကြောက်ရွံ့စိတ်တို့ မြင့်မားလာသည်ဆိုခြင်းမှာ ယေဘုယျ လူ့စရိုက်လက္ခဏာသာ။

ထို့အတူ လူ့ဘဝ၊ လူဖြစ်သည့်အချိန်မှစ၍ ဘေးဒုက္ခနှင့် ရန်အမျိုးမျိုးကို တွေ့ကြုံရင်ဆိုင်ကျော်လွှားနေရသည်မှာ ဖြစ်ရိုးဖြစ်စဉ်သာ။ လူဖြစ်လာပြီဆိုကတည်းက ရှောင်လွှဲ၍မရနိုင်သည့် အမှန်တရားပင် ဖြစ်ပါသည်။ ဤသည်ကပင် ဒုက္ခသစ္စာ။

ထို့ကြောင့် ဘေးဒုက္ခအန္တရာယ် အခက်အခဲအကျပ်အတည်းများဖြင့် တွေ့ကြုံကြရသည်ကို လောကဓမ္မတာဟု သိမြင်ကာ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်ကြဖို့လည်း လိုပါသည်။ ပုထုဇဉ် လူသားများအနေဖြင့် ကပ်ရောဂါဘေးနှင့်ကြုံရသည့်အခါ စိုးရိမ်ပူပန်ဖြစ်ခြင်းက ဖြစ်ရိုးဖြစ်စဉ်ဆိုသော်လည်း အစိုးရိမ်လွန်ခြင်း အကြောက်လွန်ခြင်းသည်ကား အခက်အခဲအကျပ်အတည်းတွင်းသို့ ပိုမိုနက်ရှိုင်းစွာ တိုးဝင်ရာကျပေသည်။ စိုးရိမ်လွန်ခြင်းက ဘေးဒုက္ခအန္တရာယ်ကို ကျော်လွှားနိုင်လိမ့်မည်မဟုတ်။ အသိပညာရှိရှိ သတိကြီးကြီးဖြင့် တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ခြင်းကသာ အခက်အခဲများကို အမှန်တကယ်အောင်မြင်အောင် ကျော်လွှားနိုင်မည်ဖြစ်၏။

လူတို့ဘဝမှာ တွေ့ကြုံကြရလေ့ရှိသည့် ကောင်းမှု၊ ဆိုးမှု အထွေထွေကို မည်သို့ရင်ဆိုင်ကြ၊ မည်နှယ်ကျော်လွှားကြ၊ မည်ပုံ သဘောထားကြလဲဆိုသည်က ဘဝနေနည်းထိုင်နည်း၊ ဘဝ ရင်ဆိုင်နည်း၊ လောကဓမ္မ ဘဝအမြင်ဟု ဆိုရချေမည်။ ဘဝကို ရဲရဲရင့်ရင့်ဖြင့် ရင်ဆိုင်ခြင်း၊ မှန်မှန်ကန်ကန် သဘောထားခြင်း၊ တည်တည်ငြိမ်ငြိမ် ဖြတ်သန်းခြင်းတို့သည် လောကဓံတရားကို ငြိမ်းချမ်းစွာအောင်မြင်ခြင်း သို့မဟုတ် ဘဝကို မင်္ဂလာရှိစွာ ဖြတ်သန်းခြင်းပင် ဖြစ်ပေမည်။

သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတရား လာ
ဖုဋ္ဌဿ လောကဓမ္မေဟိ
စိတ္တံယဿ န ကမ္ပတိ
အသောကံ ဝိရဇံ ခေမံ ဟူသော

'ကောင်းဆိုးနှစ်တန် လောကဓံတို့ဖြင့် ရင်ဆိုင်ကြရသည့်အခါ မကြောက်မရွံ့မတုန်လှုပ်နှင့်၊ ကြောင့်ကြစိုးရိမ် မလွန်လေနှင့်၊ တပ်မက်မှုရာဂ အပြစ်ဟူ၍ မြူမှုန်မျှမရှိ ကင်းစင်လင့်၊ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိအစရှိသည့် ကိလေသာရန်တို့မှ ဝေးကာ ငြိမ်းချမ်းသောစိတ်ထားကို မွေးမြူကျင့်' ခြင်းဖြင့် လောကဓံတရားရှစ်ပါးကို အောင်မြင်ကျော်လွှားနိုင်ကြပါစေ။ ယနေ့ ရင်ဆိုင်နေရသော ကပ်ရောဂါဘေးမှ ဝေးကွာ လွန်မြောက်နိုင်ကြပါစေ သတည်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## ပေကျင်းမြို့အခြေစိုက် China-Myanmar Cultural and Economic Exchange Center (CMCEEC) မှ မြန်မာနိုင်ငံအတွက် နှာခေါင်းစည်း ၅၀၀၀၀ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၄

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်မှုနှင့် ကုသမှုဆိုင်ရာ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများက နှာခေါင်းစည်း ၅၀၀၀၀ ကို ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ ဧပြီ ၂၃ ရက်က ဆက်သွယ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်း ၅၀၀၀၀ ကို ပေကျင်းမြို့အခြေစိုက် China-Myanmar Cultural and Economic Exchange Center (CMCEEC) ဥက္ကဋ္ဌ Mr.Guo Zhenxi က တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေထံသို့ ဧပြီ ၂၃ ရက် မွန်းလွဲပိုင်းက လွှဲပြောင်းပေးအပ်ခဲ့သည်။

လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် CMCEEC ဥက္ကဋ္ဌ Mr. Guo Zhenxi က လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

တရုတ်နိုင်ငံမှ စေတနာရှင်များ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများကို ပေကျင်းမြို့ မြန်မာသံရုံးအနေဖြင့် ပြည်သူတို့၏နေ့စဉ်ဘဝ အတွက် မရှိမဖြစ်ဆောင်ရွက်လျက်ရှိသည့် အလုပ်သမားများနှင့် အများပြည်သူ အကျိုးအတွက် ရှေ့တန်းမှ အားဖြည့်ဆောင်ရွက်ပေးနေသည့် စေတနာ့ဝန်ထမ်း များသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် ဆက်လက်၍လည်း နှာခေါင်းစည်း ၅၀၀၀၀ ကို ထပ်မံလှူဒါန်းသွားမည် ဖြစ်ကြောင်းနှင့် အဆိုပါ နှာခေါင်းစည်း ၅၀၀၀၀ ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့မှ ကုန်းလမ်းမှတစ်ဆင့် မြန်မာနိုင်ငံ မူဆယ်မြို့ နယ်စပ်ဂိတ်အထိ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပေကျင်းမြို့ မြန်မာသံရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့်နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၄

ထူးခြားသည့်နေ့အပူချိန်များမှာ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ တောင်ငူ (လေကြောင်းမိုးလေဝသ) တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ အမ်းမြို့၊ ပြည်မြို့၊ ဖောင်းတူမြို့၊ ရွှေကျင်မြို့၊ သာယာဝတီမြို့၊ ညောင်လေးပင်မြို့၊ ကြို့ပင်ကောက်မြို့၊ ရန်ကုန်(ကမ္ဘာအေး)၊ ခရမ်းမြို့၊ ဟသ်ာတမြို့၊ ငါးသိုင်းချောင်းမြို့၊ ဇလွန်မြို့၊ ကော့ကရိတ်မြို့နှင့် မြဝတီမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တွန်းဇံမြို့တွင် ၀ ဒသမ ၅၉ လက်မ၊ လားရှိုးမြို့နှင့် ကန့်ဘလူမြို့တို့တွင် ၀ ဒသမ ၄၇ လက်မစီ၊ ကွမ်းလုံမြို့တွင် ၀ ဒသမ ၃၂ လက်မနှင့် သီပေါမြို့၊ ကျောက်မဲမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေး ကိစ္စနှင့် စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာ များက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့်နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/မမှန် စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်း ဆိုင်များတွင် လည်းကောင်း သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန်(၂၃-၀၂-၂၀၂၀)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများနှင့် လူမှုကွန်ရက် မီဒီယာများမှ အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ နိုင်ငံခြားသားများအတွက် Passport တစ်ခုခုဖြင့် (၂) ကတ် ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာ ဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေးကိစ္စများကို စုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး (၃၀-၆-၂၀၂၀) နောက်ပိုင်း အပြီးသတ်ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် မိမိတို့၏ SIM Card များကို မှန်ကန်စွာမှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ချင်းပြည်နယ်မှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

### အစီအစဉ်များကို ရှင်းလင်း

ထို့နောက် ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံ က ချင်းပြည်နယ်အတွင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရင်ဆိုင်ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ ချင်းပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများ၏ စိုးရိမ်ပူပန်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ COVID-19 ရောဂါ ကုသရေးလုပ်ငန်းများ၊ ရောဂါရှာဖွေရေး လုပ်ငန်းများ၊ ထိန်းချုပ်တုံ့ပြန်ရေးလုပ်ငန်းများ၊ ထောက်ပံ့ဖြည့်ဆည်းရေးလုပ်ငန်းများ၊ ကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု၊ လူနာများထားရှိရန် သီးသန့်အဆောက်အဦနှင့် လျှပ်စစ်ဓာတ်အားလိုအပ်မှု အခြေအနေများကိုလည်းကောင်း၊ Hakha COVID-19 Response Committee ၏ Volunteer အဖွဲ့ဝင် ဒေါ်ဗန်ထလာကျဲရ်နီယာန်းက Hakha COVID-19 Response Committee ဖွဲ့စည်းရသည့် ရည်ရွယ်ချက်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ပြည်နယ်ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ COVID-19 ရောဂါနှင့် ပတ်သက်၍ ပညာပေး Video များ ရိုက်ကူးဖြန့်ဝေပေးနေမှုနှင့် COVID-19 ကြောင့် ဖြစ်ပေါ်လာမည့် စိတ်ပိုင်းဆိုင်ရာ အခြေအနေများကို ကုစားနိုင်ရန်အတွက် စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဟားခါးမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်ရှိန်းက COVID-19 နှင့် ပတ်သက်သည့် အမိန့်နှင့်ညွှန်ကြားချက်များကို ပြည်သူများလိုက်နာမှု အခြေအနေနှင့် လိုက်နာမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်နေမှု၊ ချင်းပြည်နယ်အတွင်း Community Base Facility Quarantine စခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကလေးသူငယ်များမှ အစပြု၍ ပြည်သူများအားလုံးကို COVID-19 ရောဂါနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ ကျန်းမာရေးဝန်ထမ်းများ၊ လူနာများနှင့် ပြည်သူများအား စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးရန်နှင့် နိုင်ငံတော်အစိုးရမှ ရေတိုရေရှည် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

> ❐ လိုအပ်ချက်များကို ကြားသိရပြီ ဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ပံ့ပိုးပေးမည်ဖြစ်ပြီး ပြည်သူများကလည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးမည်ဟု ယုံကြည်
>
> ❐ COVID-19 ကို ကျော်လွှားရန် မိမိတို့နိုင်ငံသည် လူသားအရင်းအမြစ်များကို အဓိက အားကိုးရမည်ဖြစ်

### အမှန်တကယ် အင်အားဖြစ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် မိမိတို့ပြည်သူများသည် အင်မတန် ချစ်စရာကောင်းပါကြောင်း၊ ယခုလို Video Conferencing ပြုလုပ်သည့်အခါ လိုအပ်ချက်များကို ကြားသိရသည်ဆိုသည်နှင့် အလှူရှင်များ ချက်ချင်းပေါ်လာပါကြောင်း၊ မိမိအနေဖြင့် မိမိတို့နိုင်ငံသည် စေတနာအရ နေမဝင်သည့်အင်ပါယာဟု စဉ်းစားမိပါကြောင်း၊ နေမဝင်ခင် လိုအပ်သည့် ပစ္စည်းများကို ဝိုင်းဝန်းပံ့ပိုးပေးရန် အလှူရှင်များ ပေါ်လာပါကြောင်း၊ ချင်းပြည်နယ်အတွက်လည်း ဝိုင်းဝန်းပံ့ပိုးပေးမည့် အလှူရှင်များ ပေါ်လာမည်ဖြစ်ပါ ကြောင်း၊ အလှူရှင်များမပေါ်လာပါက နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ပြည်သူများက ဝိုင်းဝန်းပံ့ပိုးပေးခြင်းသည် နိုင်ငံတော်အတွက် အမှန်တကယ် အင်အားဖြစ်စေပါကြောင်း။

### တတ်နိုင်သမျှ ဖြည့်ဆည်းပေးမည်

နိုင်ငံတော်ဘဏ္ဍာငွေ တောင့်တင်းသည့် နိုင်ငံများတွင် အလှူရှင်များက ပံ့ပိုးသည်ဖြစ်စေ၊ မပံ့ပိုးသည်ဖြစ်စေ နိုင်ငံအနေဖြင့် လုပ်နိုင်စွမ်းရှိပါကြောင်း၊ သို့သော် မိမိတို့နိုင်ငံတွင် အလှူရှင်များ၏ စေတနာအင်အားသည် အရေးကြီးပါကြောင်း၊ လိုအပ်ချက်များကို ကြားသိရပြီဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ပံ့ပိုးပေးမည်ဖြစ်ပြီး ပြည်သူများကလည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးမည်ဟု ယုံကြည်ပါကြောင်း၊ COVID-19 ကို ကျော်လွှားရန် မိမိတို့နိုင်ငံသည် လူသားအရင်းအမြစ်များကို အဓိကအားကိုးရမည် ဖြစ်ပါကြောင်း၊ ပထမအချက်အနေဖြင့် ပြည်သူတစ်ဦးချင်း တစ်ဦးချင်းစီက အမိန့်နှင့် ညွှန်ကြားချက်များကို နားလည်ပြီး လိုက်နာရန် အရေးကြီးပါကြောင်း၊ ပြည်သူများနားလည်ပြီး လိုက်နာခြင်းသည် ယခုစိန်ခေါ်မှု၏ ပထမအဆင့်ကို အောင်မြင်ခြင်း ဖြစ်ပါကြောင်း၊ လူနာများအား ပြန်လည်ကောင်းမွန်လာအောင် ကျန်းမာရေးအရ စောင့်ရှောက်ပေးရန် ဖြစ်ပါကြောင်း၊ COVID-19 ရောဂါသည် ရောဂါရလာသည်နှင့် မျှော်လင့်ချက်များ ဆုံးပါးမသွားပါကြောင်း၊ COVID-19 ရောဂါကြောင့် သေဆုံးမှုနှုန်းသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၅ ရာခိုင်နှုန်း၊ ၆ ရာခိုင်နှုန်းသာရှိပါကြောင်း၊ ကုသ၍မရသည့်ရောဂါ မဟုတ်ပါကြောင်း၊ သို့သော် စောစောသိရန်၊ ကုသပေးနိုင်ရန် အခြေအနေများရှိရန်၊ ဆေးရုံများ၊ ဝန်ထမ်းများနှင့် ပစ္စည်းများရှိရန် လိုအပ်ပါကြောင်း၊ အဆိုပါ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း၊ အားလုံးဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ပါက ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း။

### ထိထိရောက်ရောက် ဆောင်ရွက်

ချင်းပြည်နယ်ကိုလည်း အားကိုးပါကြောင်း၊ ပထမဦးဆုံး လူနာတွေ့ခဲ့သည့်နေရာက ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီး အားလုံးကလည်း ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းရုန်းကန်ခဲ့ကြသဖြင့် ယခုစိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဆိုပါက တစ်နိုင်ငံလုံးအတွက် အင်မတန် အားရစရာဖြစ်ပါကြောင်း၊ COVID -19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ချင်းပြည်နယ်မှ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဘက်မှ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်သစ်ကူးတွင် အားလုံးကျန်းမာချမ်းသာကြပါစေ၊ ဘေးအန္တရာယ်ခပ်သိမ်းမှ ကင်းဝေးကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**




ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်းများမြှင့်တင်ရေး၊ ခရီးစဉ်ဒေသများ စနစ်တကျစီမံခန့်ခွဲရေးနှင့် ကိုဗစ်-၁၉ ကပ်ရောဂါသက်ရောက်မှုကို ခံစားရသည့် လုပ်ငန်းများအတွက် ကုစားရေးဆိုင်ရာများဆောင်ရွက်ရန် လိုအပ်သော ဘဏ္ဍာငွေကြေးလျာထားသတ်မှတ်နိုင်ရေးဆိုင်ရာ အစည်းအဝေး ကျင်းပစဉ်။

# ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှုကို ခံစားရသည့်လုပ်ငန်းများအတွက် ကုစားရေးဆိုင်ရာများ ဆောင်ရွက်ရန်လိုအပ်သော ဘဏ္ဍာငွေကြေး လျာထားသတ်မှတ်နိုင်ရေးဆိုင်ရာ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၂၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်းများမြှင့်တင်ရေး၊ ခရီးစဉ်ဒေသများ စနစ်တကျစီမံခန့်ခွဲရေးနှင့် ကိုဗစ်-၁၉ ကပ်ရောဂါသက်ရောက်မှုကို ခံစားရသည့် လုပ်ငန်းများအတွက် ကုစားရေးဆိုင်ရာများ ဆောင်ရွက်ရန် လိုအပ်သော ဘဏ္ဍာငွေကြေး လျာထား သတ်မှတ်နိုင်ရေးဆိုင်ရာ အစည်းအဝေးကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမမှ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇော်နည်အောင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် တာဝန်ရှိသူများ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ Video Conferencing စနစ်ဖြင့် Online မှ ပါဝင်တက်ရောက် ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် ကမ္ဘာ့စီးပွားရေး အခြေအနေကျဆင်းလျက်ရှိပြီး မြန်မာနိုင်ငံကိုလည်း ရိုက်ခတ်လာသည့်အတွက် မြန်မာနိုင်ငံသို့ ခရီးသည်ဝင်ရောက်မှုနှင့် ခရီးသွားလုပ်ငန်းများလည်း ကျဆင်းလျက်ရှိပါကြောင်း၊ ထို့ကြောင့် လာမည့် ဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခရီးသည်များ ပိုမိုရောက်ရှိလာပြီး ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန်နှင့် နိုင်ငံတော်၏ ဝင်ငွေ တိုးတက်ရရှိစေရန်အတွက် ပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသည့်အတွက် ဝိုင်းဝန်းကူညီပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ထို့အပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ကောင်းကျိုးဆိုးပြစ်များ ဒွန်တွဲလျက်ရှိရာ နိုင်ငံနှင့် ဒေသခံပြည်သူများအတွက် ကောင်းကျိုးရရှိခံစားရေး ဆောင်ရွက်သကဲ့သို့ တစ်ဖက်ကလည်း ဆိုးကျိုးများ လျော့နည်းနိုင်သမျှ လျော့နည်းအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ ယနေ့ကြုံတွေ့နေရသော ကပ်ရောဂါကဲ့သို့ ရောဂါဘယများ မရောက်ရှိ မပြန့်ပွားစေရေး ခရီးစဉ်များ သန့်ရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် လိုအပ်သော ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုများ၊ အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်း ပြန်လည်ပွင့်လင်းလာချိန်တွင် ခရီးသွားလုပ်ငန်း နယ်ပယ်ရှိ ထိခိုက်ခံစားကြရသူများအတွက် ကုစားရေး၊ ပံ့ပိုးကူညီရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းအတွက် ယခုကတည်းကပင် ကုန်ကျမည့် ဘဏ္ဍာငွေများ လျာထားသတ်မှတ် ရန် လိုအပ်ပါကြောင်း၊ ယင်းအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အကြံပြု ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ အဓိက စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်ကြောင်းနှင့် ဤကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းစဉ် (Work Plan)များ ချမှတ်ရန်နှင့် လိုအပ်သော ဘဏ္ဍာငွေကြေးကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ တွက်ချက်တောင်းခံ ဆောင်ရွက်ရန် အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇော်နည်အောင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူတို့က ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က လိုအပ်သည်များ ပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပင်စင်ထုတ်ယူရာ၌ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် အင်းစိန်မြန်မာ့စီးပွားရေးဘဏ်တွင် ကြပ်မတ်ဆောင်ရွက်နေ

**ရန်ကုန် ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးတွင် ပင်စင်စားအများဆုံး ထုတ်ပေးရာ အင်းစိန်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးတွင် သက်ကြီးပင်စင်စားများ ပင်စင်လစာမြန်ဆန်စွာ ထုတ်ယူနိုင်ရေးနှင့် ရောဂါသက်ရောက်မှုမရှိစေရန် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ကြပ်မတ်စွာ ဆောင်ရွက်လျက်ရှိကြောင်း အင်းစိန်မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာထံမှ သိရသည်။

"ဧပြီ ၂၁ ရက်ကစပြီး ပင်စင်ထုတ်ယူတာကြောင့် ကောင်တာငါးခုဖွင့်ပြီး တစ်ဦးသုံးပေအကွာ တန်းစီစေကာ အလှည့်ကျ ထုတ်ပေးနေပါတယ်။ ဝင်ပေါက်မှာ ဘယ်သူမဆို လက်ဆေး၊ ကိုယ်အပူချိန်တိုင်း၊ တစ်ဦးသုံးပေအကွာ တန်းစီပြီး ကောင်တာမှာ အရက်ပြန်နဲ့ လက်ဆေးဖို့ ထားပေးထားပါတယ်။ လက်ရှိပင်စင် ၂၅၀၀၀ နီးပါး ရှိတယ်။ လစဉ်လူဦးရေ ၁၅၀၀၀ ခွဲထုတ်ကြတယ်။ ၃၀၀၀ ခန့်က Mobile money၊ e-money၊ ATM ကတ်နဲ့ ထုတ်ကြတယ်။ ဝန်ထမ်းတစ်ရာရှိတဲ့အတွက် တစ်ယောက်ဖြစ်ရင် ဝန်ထမ်းအားလုံး ဖြစ်နိုင်တာကြောင့် ပင်စင်စားကြီးတွေ ရောဂါကာကွယ်ထိန်းချုပ်ရေးကို မြို့နယ်အုပ်ချုပ်ရေး၊ ကြက်ခြေနီနဲ့ ဘဏ်ဝန်ထမ်းတွေပူးပေါင်းပြီး ကြပ်မတ်ဆောင်ရွက်နေပါတယ်" ဟု အင်းစိန်မြန်မာ့စီးပွားရေး ဘဏ်မန်နေဂျာ ဦးထက်နိုင်က ပြောသည်။

အင်းစိန်မြန်မာ့စီးပွားရေးဘဏ်သို့ အင်းစိန်မြို့နယ်ရှိ ရပ်ကွက်ပေါင်း ၂၁ ရပ်ကွက်မှ ပင်စင်စားများနှင့် ရွှေပြည်သာ၊လှိုင်သာယာ၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ တောင်ဥက္ကလာနှင့် သန်လျင်မြို့နယ်တို့မှ ပင်စင်စားများ လစဉ်လာရောက်ထုတ်လျက်ရှိပြီး ဧပြီ ၂၁ ရက်က လူဦးရေ၁၅၀၀ လာရောက်ထုတ်ယူသောကြောင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကို အထူးကြပ်မတ် ဆောင်ရွက်ခဲ့ရကြောင်း၊ ပင်စင်ထုတ်ပေးသော တစ်ပတ်အတွင်း လူဦးရေများတတ်၍ အချို့မှာ နီးစပ်ရာ Wave money နေရာတို့တွင် ထုတ်ယူသူများရှိသော်လည်း ဘဏ်တွင် လူစုလူဝေးမဖြစ်စေရန် လစဉ် ၂၁ ရက်သာမက အခြားသော ရက်များတွင်လည်း စိတ်အေးချမ်းသာစွာ ထုတ်ယူနိုင်ရန် သက်ဆိုင်ရာဘဏ်များက သတင်းမီဒီယာများနှင့် ရုပ်သံတို့တွင် ကြိုတင်အသိပေး ကြေညာထားကြောင်းနှင့် အင်းစိန်ဘဏ်သည် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်တွင် ပင်စင်စားအများဆုံး ထုတ်ယူသောဘဏ်ဖြစ်သောကြောင့် ကိုဗစ် -၁၉ ရောဂါ ကူးစက်သက်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန် ယခုရက်ပိုင်းအတွင်း ကြပ်မတ်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းကျေးရွာများတွင် သတ်မှတ်အတိုးနှုန်းအား ဖြေလျှော့ပေးမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်မှန်း၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း (၁၁၆၄၃)ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းမှ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် ငွေကျပ်သိန်း (၃၀)မတည်ပေးပြီး တိုးပွားလာသောငွေများအား ကျေးရွာရန်ပုံငွေအဖြစ်ထားရှိ၍ ကျေးရွာပြည်သူများထံ ပြန်လည်ထုတ်ချေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်တွင် ကျေးလက်နေပြည်သူများ၏မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများသက်သာစေရန်နှင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အတိုးနှုန်းအား ငွေတစ်ရာကျပ်အတွက် တစ်လလျှင် ပြား(၅၀)နှုန်းသို့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ တစ်နှစ်တိတိ လျှော့ချသတ်မှတ်ပေးခဲ့ကြောင်း အသိပေးအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

# ပညာပေးနှိုးဆော်ချက်

- မိုးဦးကျကာလဖြစ်သော ဧပြီ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့် ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။
- အဆိုပါမျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများမပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော( သို့မဟုတ်) ဥနှင့် ပြည့်ဝနေသောမျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ရေချိုပုစွန်ကြီးများကို ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**



## ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသော ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

# အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံဗဟိုဘဏ် ဥက္ကဋ္ဌများ၊ ဘဏ္ဍာရေးဝန်ကြီးများ Video Conferencing ဖြင့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးကျော်ကျော်မောင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် IMF/WB Spring Meetings ၊ Washington D.C. ကို အခြေခံသော အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF) နှင့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဘဏ္ဍာရေးဝန်ကြီးများ၏ အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

### မူဝါဒများနှင့် အစီအမံများ ဆွေးနွေး

အစည်းအဝေးတွင် တက်ရောက်လာသူများက ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ ကာကွယ်ထိန်းချုပ်ရေးနှင့် ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးထိခိုက်မှု အခြေအနေနှင့် အဆိုပါ ထိခိုက်မှုများအတွက် မိမိတို့နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် မူဝါဒများနှင့် အစီအမံများကို ဆွေးနွေးပြောကြားကြသည်။

### စိန်ခေါ်မှုများနှင့်ရင်ဆိုင်

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Ms. Kristalina Georgieva က ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာနှင့်အဝန်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိပါကြောင်း၊ ပထမဦးစွာ ကမ္ဘာ့စီးပွားရေးအပေါ် သက်ရောက်နိုင်မှု အခြေအနေနှင့် စပ်လျဉ်း၍ မိမိတို့၏ သုံးသပ်ချက်များကို တင်ပြလိုပါကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့စီးပွားရေး တိုးတက်မှုသည် ၃ ရာခိုင်နှုန်းသို့ ကျဆင်းနိုင်ပြီး အာဆီယံနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုမှာ ၀ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းနိုင်ပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စီးပွားရေး ဦးမော့မှုပြန်လည်ရရှိလာမည်ဟု ခန့်မှန်းသော်လည်း အနာဂတ်တွင်မည်သို့ ကြုံတွေ့နိုင်မည်ကို အတိအကျ ခန့်မှန်း၍ မရနိုင်ပါကြောင်း၊ အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုကိုကုစားရန် သုံးစွဲသည့် အသုံးစရိတ်သည် မကြုံစဖူးများပြားသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ထိခိုက်မှုခံစားရ လွယ်သူများနှင့် စီးပွားရေးလုပ်ငန်းများကို မည်ကဲ့သို့ ထိရောက်စွာ ကူညီနိုင်မည်ကို စဉ်းစားပါကြောင်း၊ အလုပ်လက်မဲ့ဦးရေမြင့်တက်လာမှုကို မလိုလားပါကြောင်း၊ ကာလတို ငွေဖြစ်လွယ်မှုကို ဖန်တီးပေးနိုင်မည့် ငွေကြေးဖလှယ်မှုအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဝင်ငွေနည်းသော နိုင်ငံများကိုလည်း ကြည့်ရှုပါကြောင်း၊ G-20 နိုင်ငံများက ဝင်ငွေနည်းသော နိုင်ငံများ၏ ချေးငွေပေးဆပ်မှုကာလကို ဆိုင်းငံ့ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အဖွဲ့ဝင်နိုင်ငံများသို့ မူဝါဒဆိုင်ရာ အကြံပေးမှုများ၊ ငွေရေးကြေးရေး အကူအညီများ တိုးမြှင့်ကူညီသွားမည် ဖြစ်ပါကြောင်း၊ သို့ပါ၍ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်ရှိကြုံတွေ့နေရသည့် အခြေအနေများနှင့် မိမိတို့အနေဖြင့် မည်ကဲ့သို့ ကူညီနိုင်သည်ကို ကြားသိလိုပါကြောင်း ပြောကြားသည်။



အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံဗဟိုဘဏ် ဥက္ကဋ္ဌများ၊ ဘဏ္ဍာရေးဝန်ကြီးများ Video Conferencing ဖြင့် အစည်းအဝေးကျင်းပစဉ်။

### အလုပ်အကိုင်ဆုံးရှုံးမှုများ

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့အနေဖြင့် အဖွဲ့ဝင်နိုင်ငံများသို့ မူဝါဒအကောင်အထည်ဖော်မှုဆိုင်ရာ အကြံဉာဏ်များနှင့် ငွေရေးကြေးရေး အထောက်အပံ့များအား တိုးမြှင့်ပံ့ပိုးပေးနေမှုများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဧပြီ ၂၄ ရက်အထိ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ တွေ့ရှိ ဓာတ်ခွဲအတည်ပြုလူနာ ၁၃၂ ဦး၊ သေဆုံးသူ ၅ ဦးနှင့် ပြန်လည်ကျန်းမာလာသူ ၉ ဦး ရှိပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအပေါ် သက်ရောက်မှုများ ရှိပါကြောင်း၊ အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှာ အများဆုံး ထိခိုက်ခံရပြီး အဆိုပါကဏ္ဍများတွင် လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများ အထူးသဖြင့် အထည်ချုပ်စက်ရုံအလုပ်သမားများမှာ အလုပ်အကိုင်ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရပါကြောင်း၊ လတ်တလော အခြေအနေများနှင့် ကျဆင်းလာဖွယ်ရှိသည့် စီးပွားရေး အလားအလာများကြောင့် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို လျော့ကျစေရေး လုပ်ဆောင်ချက်များအား တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ဗိုင်းရပ်စ်ဖြစ်ပွားမှု၏ သက်ရောက်မှုကို လျော့နည်းသက်သာစေရန်အတွက် ငွေကြေးမူဝါဒဖြေလျှော့မှုများနှင့် ဘဏ္ဍာရေးတွန်းအားပေး အစီအစဉ်များကို ဆောင်ရွက်လျက် ရှိပါကြောင်း။

### ယာယီရပ်ဆိုင်းပေးထား

ငွေကြေးမူဝါဒဆိုင်ရာ ဆောင်ရွက်မှုများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီးပွားရေးအား မြှင့်တင်ပေးနိုင်ရန်နှင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များအား လှုံ့ဆော်ပေးနိုင်ရန်အတွက် ဗဟိုဘဏ်အတိုးနှုန်းကို ၃ ဒသမ ၀ ရာခိုင်နှုန်း လျှော့ချပေးခဲ့ပြီး အပ်ငွေများအပေါ် ပေးရမည့် အနည်းဆုံးအတိုးနှုန်းကို ၅ ဒသမ ၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် အာမခံပစ္စည်းများရယူ၍ ထုတ်ချေးသည့် ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံး အတိုးနှုန်းကို ၁၀ ရာခိုင်နှုန်းသို့ လည်းကောင်း လျှော့ချပေးခဲ့ပါကြောင်း၊ ထို့ပြင် ပြည်တွင်း ငွေရေးကြေးရေးကဏ္ဍတွင် လုံလောက်သည့် ငွေဖြစ်လွယ်မှုရှိနေစေရန်အတွက် ဘဏ်များမှထားရှိရမည့် အနည်းဆုံး သီးသန့်ငွေကြေးလိုအပ်ချက်ကို ၅ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ပါကြောင်း၊ ငွေဖောင်းပွမှုနှုန်းနှင့် ငွေဖြစ်လွယ်မှုအား စီမံခန့်ခွဲနိုင်ရန် အသုံးပြုသည့် ငွေကြေးမူဝါဒ နည်းလမ်းတစ်ခုဖြစ်သော အပ်ငွေလေလံခေါ်ယူခြင်းအား ယာယီရပ်ဆိုင်းပေးထားပါကြောင်း။

### ငွေကြေးကူညီထောက်ပံ့ပေးလျက်ရှိ

ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် အစိုးရသည် ကျပ်ငွေ ၁၀၀ ဘီလီယံပမာဏရှိ ကိုဗစ်-၁၉ ရန်ပုံငွေတစ်ခုအား ထူထောင်ခဲ့ပြီး ဦးစားပေးချေးငွေထောက်ပံ့ပေးရမည့် ကဏ္ဍများအဖြစ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများကို သတ်မှတ်ပြီး ချေးငွေများ ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ပုံမှန်ဝင်ငွေမရှိသည့် ပြည်သူများသို့လည်း အခြေခံစားကုန်များ ထောက်ပံ့ပေးခြင်း၊ မီတာအခွန်အခများအား သတ်မှတ်အဆင့်တစ်ခုသို့ လျှော့ချပေးခြင်းတို့ကို ပြုလုပ်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ၏ သက်ရောက်မှုသည် ကာလတိုသာဖြစ်ပြီး အဆိုပါသက်ရောက်မှုကို ပြည်တွင်း ဝယ်လိုအားမြှင့်တင်ခြင်းဖြင့် ခုခံနိုင်စွမ်းရှိသည်ဟု မျှော်မှန်းထားသော်လည်း အကယ်၍ ကိုဗစ်-၁၉ သည် ကာလကြာရှည်စွာ ဖြစ်ပေါ်မည်ဆိုပါက စီးပွားရေးတိုးတက်မှု ပိုမိုလျော့ကျမည့်အခြေအနေ ဖြစ်ပေါ်လာနိုင်မှုကိုလည်း သတိကြီးစွာ ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံများ ကြုံတွေ့နေရသည့် အခက်အခဲများ ပြေလည်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ငွေကြေးထောက်ပံ့မှုများမှာ အလွန်အရေးကြီးသည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ငွေကြေးကူညီထောက်ပံ့ပေးလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများကိုလည်း အထူး ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ Rapid Credit Facility (RCF) နှင့် Rapid Financing Instrument (RFI) ချေးငွေ အစီအစဉ်ရယူရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ဆွေးနွေးလျက်ရှိပြီး မိမိတို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ချေးငွေအစီအစဉ် လျှောက်ထားသည့်အခါ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ကောင်းမွန်သော တုံ့ပြန်မှုကို မျှော်လင့်ပါကြောင်း ပါဝင်ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းနှင့် အဆင့်မြင့်အရာရှိများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဦးထန်ဒေါင့်တွန်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးဗျားရယ်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်လဝက ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းအဖွဲ့က မြို့အဝင်ပေါက်တွင် ဝင်/ထွက်သွားလာသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ရပ်တန့်စေပြီး လက်ဆေးဆပ်ပြာရည်ဖြင့် လက်ကိုသန့်စင်အောင် ဆေးကြောပေးခြင်း၊ အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးပေးခြင်း၊ ရပ်ဝေးမှ ဝင်ရောက်လာသည့် ပြည်သူများအား မှတ်တမ်းကောက်ယူခြင်း၊ နှာခေါင်းစည်း မပါလာသောသူများအား နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ကမ္ဘာ့မူပိုင်ခွင့်နေ့ ၂၀၂၀ (Innovate for Green Future)

## ဒေါက်တာမိုးမိုးသွယ်

**၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၆ ရက်နေ့ဟာ “ကမ္ဘာ့မူပိုင်ခွင့်နေ့” World IP Day ဖြစ်ပါတယ်။**

**ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီး (World Intellectual Property Organization-WIPO) ဖြစ်တည်လာတဲ့ “WIPO Convention” အသက်ဝင်ခဲ့တဲ့နေ့က ၁၉၇၀ ပြည့်နှစ် ဧပြီလ ၂၆ ရက်နေ့ ဖြစ်ပါတယ်။ အဲဒီနေ့ကို အသိအမှတ်ပြုတဲ့အနေနဲ့ ဧပြီလ ၂၆ ရက်နေ့ကို “ကမ္ဘာ့မူပိုင်ခွင့်နေ့” အဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါတယ်။**


ကမ္ဘာ့မူပိုင်ခွင့်နေ့ကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးက အဖွဲ့ဝင်နိုင်ငံများမှာ မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်ပြီး နှစ်စဉ်ကျင်းပခဲ့ပါတယ်။ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးက မူပိုင်ခွင့်နေ့အတွက် မူပိုင်ခွင့်နဲ့ သက်ဆိုင်တဲ့ ဆောင်ပုဒ်တစ်ခုကို နှစ်စဉ်ရွေးချယ်သတ်မှတ်ပေးပါတယ်။ WIPO ရဲ့ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်နိုင်ငံများကို အဲဒီဆောင်ပုဒ်နဲ့သက်ဆိုင်တဲ့ သတင်းစကားကို ပြောကြားပေးလေ့ရှိပါတယ်။ WIPO ရဲ့ အဖွဲ့ဝင်နိုင်ငံအသီးသီးက မူပိုင်ခွင့်နေ့အတွက် ချမှတ်ပေးတဲ့ဆောင်ပုဒ်ကို လမ်းညွှန်ချက်တစ်ခုအနေနဲ့ခံယူပြီး မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတမြှင့်တင်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ကျင်းပပြုလုပ်ကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၀၁ ခုနှစ်မှာ WIPO ရဲ့ ၁၇၆ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါတယ်။ မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ဖို့အတွက် ယခုပညာရေးဝန်ကြီးဌာန (ယခင်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)၊ သုတေသနနဲ့ တီထွင်စမ်းသစ်မှုဦးစီးဌာနအောက်မှ ဌာနခွဲတစ်ခုဖြစ်တဲ့ မူပိုင်ခွင့်ဌာနက ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးနဲ့ အဓိကဆက်သွယ်ဆောင်ရွက်မယ့် ဌာနအဖြစ် တာဝန်ယူခဲ့ပါတယ်။ မူပိုင်ခွင့်ဌာနအနေနဲ့ မူပိုင်ခွင့်ဥပဒေများ ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်း၊ မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများ ဖြန့်ဝေခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ မူပိုင်ခွင့်နှင့် စပ်လျဉ်းသော လှုပ်ရှားမှုများ ပြုလုပ်ခြင်းစတဲ့ ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါတယ်။

### မြန်မာနိုင်ငံနှင့် မူပိုင်ခွင့်နေ့အခမ်းအနားများ

မူပိုင်ခွင့်ဌာနအနေနဲ့ ၂၀၁၄ ခုနှစ်ကစပြီး “ကမ္ဘာ့မူပိုင်ခွင့်နေ့” World IP Day အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ပါတယ်။ ယခင်နှစ်များမှာ ရန်ကုန် သို့မဟုတ် နေပြည်တော်မှာ မူပိုင်ခွင့်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါတယ်။ မူပိုင်ခွင့်နေ့ အခမ်းအနားမှာ မူပိုင်ခွင့်ဌာနရဲ့ မူပိုင်ခွင့်ဥပဒေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၏ အသိပညာပေး ဟောပြောပွဲများ၊ မူပိုင်ခွင့်ရေးရာစကားဝိုင်းများ၊ မူပိုင်ခွင့်နဲ့ ပတ်သက်ပြီး ကြုံတွေ့နေရသော ပြဿနာများအပေါ် ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ကြပါတယ်။ တီထွင်စမ်းသပ်မှုများ တိုးမြှင့်ရေးအတွက် တက္ကသိုလ်များ၏ သုတေသနပြိုင်ပွဲနှင့် ပြပွဲများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပြခန်းများ၊ မြန်မာနိုင်ငံ၏ ထင်ရှားသော ဒေသထွက်ကုန်ပြခန်းများ စတဲ့အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မူပိုင်ခွင့်ဆိုင်ရာ ဗဟုသုတများ မြှင့်တင်နိုင်ရေးအတွက် မူပိုင်ခွင့်နေ့ စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများ၊ တီထွင်ဆန်းသစ်မှုသုတေသနပြိုင်ပွဲများ၊ ထုတ်ကုန်ဒီဇိုင်းပြိုင်ပွဲများ၊ မူပိုင်ခွင့် အသိပညာပေး ကာတွန်းပြိုင်ပွဲများ စသည်တို့ကိုလည်း အချို့နှစ်များမှာ ကျင်းပပေးနိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်က စတင်ပြီး မူပိုင်ခွင့်နေ့အတွက် ဂုဏ်ပြုသီဆိုတဲ့ သီချင်းများကိုလည်း ဖန်တီးနိုင်ခဲ့ပါတယ်။

ယခုနှစ်ရဲ့ ဧပြီလ ၂၆ ရက်နေ့မှာ ကျရောက်မယ့် “မူပိုင်ခွင့်နေ့” အခမ်းအနားကို သတင်းမီဒီယာများ၊ မူပိုင်ခွင့်ဌာနရဲ့ Facebook(IP Myanmar)နဲ့ စာစောင်များမှတစ်ဆင့် မူပိုင်ခွင့်ဆိုင်ရာ သတင်းဆောင်းပါးများ၊ ပိုစတာများ၊ မူပိုင်ခွင့်ကို တိုက်တွန်းနှိုးဆော်တဲ့ ပိုစတာ၊ ကဗျာနဲ့ အသိပညာပေးကာတွန်းများကို ဖြန့်ချိသွားမှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်က မြန်မာနိုင်ငံမှာ အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်း မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား (MRTV) ရဲ့ “မူပိုင်ခွင့်နေ့ အထိမ်းအမှတ်စကားဝိုင်း” အစီအစဉ်မှတစ်ဆင့် အများပြည်သူကို မျှဝေသွားမှာဖြစ်ပါတယ်။




### စိမ်းလန်းတဲ့အနာဂတ်ကို တီထွင်ဖန်တီးကြပါစို့

၂၀၂၀ ပြည့်နှစ် မူပိုင်ခွင့်နေ့အတွက် ချမှတ်ထားတဲ့ ဆောင်ပုဒ်က “Innovate for a Green Future” **“စိမ်းလန်းတဲ့အနာဂတ်ကို တီထွင်ဖန်တီးကြပါစို့”** ဖြစ်ပါတယ်။ အနာဂတ်ကမ္ဘာကို သန့်ရှင်းစင်ကြယ်စေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့နဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သာယာလှပဖို့အတွက် ယနေ့ဆောင်ရွက်သင့်တဲ့ လမ်းကြောင်းကို ပုံဖော်နိုင်ဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်။ စိမ်းလန်းတဲ့အနာဂတ်ဆိုတာ လေထုအတွင်းမှာ ကာဗွန်ထုလျှော့နည်းပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနဲ့ ဥတုရာသီပြောင်းလဲမှုများကို ထိန်းထားနိုင်တဲ့ အနာဂတ်ကို ဆိုလိုတာဖြစ်ပါတယ်။ ဒီလိုမျိုး စိမ်းလန်းတဲ့အနာဂတ်ကို တည်ဆောက်နိုင်ဖို့အတွက် သိပ္ပံနဲ့နည်းပညာ၊ စိုက်ပျိုးရေး၊ သစ်တောနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးစတဲ့ နယ်ပယ်အသီးသီးမှာ ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ကြရန်နဲ့ ထိုသို့တီထွင်မှုတွေအပေါ်မှာ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ရရှိနိုင်ဖို့အတွက် တွန်းအားပေးတဲ့ လမ်းညွှန်ဆောင်ပုဒ်တစ်ခုဖြစ်ပါတယ်။

မူပိုင်ခွင့်နဲ့ အသိအမှတ်ပြု တွန်းအားပေးခြင်းအားဖြင့် ယနေ့ကမ္ဘာမှာ ကြုံတွေ့နေရတဲ့ ရာသီဥတုပြောင်းလဲမှုများ၊ ကမ္ဘာကြီးပူနွေးလာမှုများ၊ ရေလွှမ်းမိုးမှုများ၊ သစ်တောလောင်ကျွမ်းမှုများ၊ ဥတုရာသီဖောက်ပြန်မှုများ၊ လေထုအတွင်း ကာဗွန်ပမာဏမြင့်မားလာမှုများ၊ အိုဇုန်းလွှာ ပါးလာမှုကြောင့် ခရမ်းလွန်ရောင်ခြည်ပမာဏမြင့်မားလာမှုများ၊ စွမ်းအင်အစားထိုး အသုံးပြုနိုင်မှုများအစရှိတဲ့ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့နဲ့ ဖြစ်ပေါ်ဆဲ၊ ဖြစ်ပေါ်လတ္တံ့သော သဘာဝဘေးအန္တရာယ်ဆိုးများကို အဖြေရှာနိုင်တဲ့ ဆန်းသစ်တီထွင်မှုများစွာ ထွက်ပေါ်လာနိုင်မှာဖြစ်ပါတယ်။ ဆန်းသစ်သော နည်းပညာတွေကိုအသုံးပြုပြီး အနာဂတ်ကမ္ဘာကြီး စိမ်းလန်းစိုပြည်နိုင်ဖို့အတွက် ရေ၊ မြေ ၊ လေထု စတဲ့ သဘာဝပတ်ဝန်းကျင်ညစ်နွမ်းစေမယ့် အပြုအမူများကို ဖယ်ရှားနိုင်မှာဖြစ်ပါတယ်။ ကမ္ဘာ့မူပိုင်ခွင့် အဖွဲ့ကြီးအနေနဲ့လည်း အဖွဲ့ဝင်နိုင်ငံများရဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မယ့် အစီအစဉ်များနဲ့ ဆန်းသစ်တီထွင်မှုများကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုလျက်ရှိပါတယ်။ ဥပမာအားဖြင့် ဥရောပကော်မရှင်အနေနဲ့ ဥရောပသမဂ္ဂနိုင်ငံများ၌ ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်သန့်စင်သည့် နိုင်ငံများအဖြစ် ရပ်တည်သွားနိုင်ရန်အတွက် ရည်ရွယ်ချက်များချမှတ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးက ချမှတ်ပေးတဲ့ဆောင်ပုဒ်ကို လမ်းညွှန်ချက်အဖြစ်မှတ်ယူပြီး အနာဂတ်စိမ်းလန်းစိုပြည်ရေးအတွက် တီထွင်ဖန်တီးနိုင်မှုစွမ်းအားများ မြှင့်တင်နိုင်ရေးနဲ့ မူပိုင်ခွင့်စနစ်အသုံးပြုရေးဆိုင်ရာလှုပ်ရှားမှုများကို တက္ကသိုလ်များ၊ သုတေသနဌာနများ၊ စိုက်ပျိုးရေးသုတေသနဌာနများ စသည့် သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် တက္ကသိုလ်များနဲ့ သုတေသနဌာနများအနေနဲ့ တီထွင်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုထိရောက်စွာရယူအသုံးပြုနိုင်ရေးအတွက် နည်းပညာနဲ့ တီထွင်ဆန်းသစ်မှု အထောက်အကူပြုစင်တာများ (Technology and Innovation Support Centers – TISCs) နဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများကိုလည်း ဖြန့်ဝေသွားမှာဖြစ်ပါတယ်။

### မြန်မာနိုင်ငံရှိ မူပိုင်ခွင့်ဥပဒေများ

မြန်မာနိုင်ငံမှာ မူပိုင်ခွင့်ဥပဒေများဖြစ်တဲ့ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနဲ့ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေကို မတ်လ ၁၁ ရက်နေ့နဲ့ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို မေလ ၂၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ မူပိုင်ခွင့်ဥပဒေများကို နိုင်ငံတော်သမ္မတရဲ့ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သောနေ့ရက်မှာ စတင်အာဏာတည်စေမှာဖြစ်ပါတယ်။ အဆိုပါ မူပိုင်ခွင့်ဥပဒေများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာနအနေနဲ့ တာဝန်ပေးအပ်ထားပါတယ်။ မူပိုင်ခွင့်ဌာနအနေနဲ့ မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်နိုင်ရေးလုပ်ငန်းစဉ်များကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့လမ်းညွှန်မှုနဲ့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

မူပိုင်ခွင့်ဌာနအနေနဲ့ မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းများ ပြုစုရေးဆွဲခြင်း၊ မူပိုင်ခွင့်ဦးစီးဌာနနဲ့ လိုအပ်တဲ့အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်နိုင်ရန်နဲ့ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ခြင်း၊ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ခြင်းစသည့်တို့အပြင် ပြည်သူအများကိုလည်း မူပိုင်ခွင့်ဆိုင်ရာ ဗဟုသုတများကိုလည်း ဖြန့်ဝေလျက်ရှိပါတယ်။ မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ရာမှာ လူ့စွမ်းအားအရင်းအမြစ်နဲ့ နည်းပညာဆိုင်ရာ လိုအပ်ချက်များနဲ အခြားသောလိုအပ်ချက်များ ရှိနေတာကြောင့် ဥပဒေ(၄)ရပ်လုံးကို တစ်ပြိုင်နက်အကောင်အထည်ဖော်ခြင်းထက် ဦးစားပေးအစီအစဉ်အလိုက် ဥပဒေတစ်ခုချင်းစီ အကောင်အထည်ဖော်ခြင်းက ပိုပြီးထိရောက်နိုင်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့ကုန်သွယ်မှုမှာ အရေးပါတဲ့ ကုန်အမှတ်တံဆိပ်များကို အကာအကွယ်ပေးနိုင်ဖို့အတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ဦးစွာအကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးနောက် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနဲ့ အနုပညာမူပိုင်ခွင့်ဥပဒေနဲ့ တီထွင်မှု မူပိုင်ခွင့်ဥပဒေတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်းထားပါတယ်။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေရဲ့ နည်းဥပဒေရေးဆွဲခြင်း၊ လျှောက်လွှာများ ပြင်ဆင်ခြင်း၊ မူပိုင်ခွင့်မှတ်ပုံတင်အခကြေးငွေများ သတ်မှတ်ခြင်းနဲ့ ကုန်အမှတ်တံဆိပ်စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မယ့် ဝန်ထမ်းများအား လေ့ကျင့်ပညာသင်ကြားမှုများနဲ့ အများပြည်သူကို ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အသိပညာပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

### ဥပဒေများကို အကောင်အထည်ဖော်ပေးမည့်ကော်မတီ

အတည်ပြုပြဋ္ဌာန်းပြီးတဲ့ မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၊ အေဂျင်စီနဲ့ ဦးစီးဌာနတို့ကို ဖွဲ့စည်းတည်ထောင်ရမှာ ဖြစ်ပါတယ်။ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကတော့ မူဝါဒပိုင်းဆိုင်ရာများကို အဓိကဆောင်ရွက်မှာဖြစ်ပြီး မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီနဲ့ မူပိုင်ခွင့်ဦးစီးဌာနအနေနဲ့ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် မတ်လ ၆ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့က မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဗဟိုကော်မတီကို ဒုတိယသမ္မတဦးဆောင်ပြီး မူပိုင်ခွင့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်မှုပေးမှာဖြစ်ပါတယ်။ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို များမကြာမီကာလမှာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးလူမှုရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ စမ်းသစ်တီထွင်ဖန်တီးနိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ တိုးမြှင့်နိုင်ဖို့ကို အထောက်အကူပြုနိုင်မယ့် မြန်မာနိုင်ငံရဲ့မူပိုင်ခွင့်ဥပဒေများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

> **“၂၀၂၀ ပြည့်နှစ် မူပိုင်ခွင့်နေ့အတွက် ချမှတ်ထားတဲ့ ဆောင်ပုဒ်က “Innovate for a Green Future” “စိမ်းလန်းတဲ့အနာဂတ်ကို တီထွင်ဖန်တီးကြပါစို့” ဖြစ်ပါတယ်။ အနာဂတ်ကမ္ဘာကို သန့်ရှင်းစင်ကြယ်စေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့နဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သာယာလှပဖို့အတွက် ယနေ့ဆောင်ရွက်သင့်တဲ့ လမ်းကြောင်းကို ပုံဖော်နိုင်ဖို့ ရည်ရွယ်ခြင်း ဖြစ်ပါတယ်”**

# မေ ၂၄ ရက် ည ၁၁ နာရီအထိ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၂ ဦးထပ်တိုး စုစုပေါင်း ပိုးတွေ့လူနာ ၁၉၄ ဦးရှိလာ

နေပြည်တော် မေ ၂၄

မေ ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ ၁၂ ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၉၄ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ ၁၂ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၊ တာမွေမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ လှိုင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်နှင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တို့မှဖြစ်ပြီး အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၅ ဦးဖြစ်သည်။ အသက် ၂၀ ကျော် ၄ ဦး၊ ၃၀ ကျော် ၅ ဦး၊ ၄၅ နှစ် ၁ ဦး၊ ၅၃ နှစ် ၁ ဦးနှင့် ၈၇ နှစ် အရွယ် ၁ ဦးတို့ ဖြစ်သည်။

ရောဂါပိုးရှိသူ ၁၉၄ ဦးအနက် သေဆုံးသူ ၅ ဦး၊ ရောဂါသက်သာ၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၉ ဦးရှိသဖြင့် ကျန်လူနာ ၁၃၀ ရှိကြောင်း၊ ၎င်းတို့အနက် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ၂ ဦးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံကြီးတွင် ၁ ဦး ပေါင်း၃ ဦးကို အထူးကြပ်မတ်ကုသပေးလျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၁၂၅ | ၁၉၄ |
| **ရောဂါကင်းစင်၍ဆေးရုံမှ ဆင်းခွင့်ရရှိသူ** | **သေဆုံးသူ** |
| ၉ | ၅ |

**စောင့်ကြည့်လူနာ စုစုပေါင်း ၂၅၄၁**

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ ပြန်လည်သက်သာ၊ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | ပြန်လည်သက်သာသူ | သေဆုံးသူ |
|---|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၂ | ၇ | ၄ |
| ၂ | ပဲခူး | ၇ | - | ၁ |
| ၃ | စစ်ကိုင်း | ၆ | - | - |
| ၄ | ချင်း | ၅ | - | - |
| ၅ | ရှမ်း(ရှေ့) | ၃ | - | - |
| ၆ | မန္တလေး | ၃ | ၁ | - |
| ၇ | ရှမ်း (တောင်) | ၂ | - | - |
| ၈ | ရှမ်း (မြောက်) | ၂ | ၁ | - |
| ၉ | နေပြည်တော် | ၁ | - | - |
| ၁၀ | မွန် | ၁ | - | - |
| ၁၁ | မကွေး | ၁ | - | - |
| ၁၂ | ကချင် | ၁ | - | - |
| | စုစုပေါင်း | ၁၉၄ | ၉ | ၅ |

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ။ ၂၄-၄-၂၀၂၀ ရက်ည(၁၁)နာရီ

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကားအစီး ၃၀ နှင့် ရောဂါကာကွယ်ရေးဝတ်စုံ ၄၀၀ လှူဒါန်း

ရန်ကုန် မေ ၂၄

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ နှင့် အမြဲတမ်းဥက္ကဋ္ဌတို့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးတွင် အသုံးပြုနိုင်ရန်အတွက် ကားအစီး ၃၀နှင့် ရောဂါကာကွယ်ရေးဝတ်စုံ ၄၀၀ ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ မေလ ဒုတိယပတ်က လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းမှုတွင် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၊ CHINA HONGKONG MACAU ENTERPRISE ASSOCIATION CONSTRUCTION GROUP LIMITED နှင့် KHAING KHAING SANGDA GROUP LIMITED တို့၏ မန်နေဂျင်းဒါရိုက်တာ Mr. Yu Jian Chen က ငွေကျပ်သိန်း ၃၀၈၀ တန်ဖိုးရှိ ကားအစီး ၃၀ နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၏ အမြဲတမ်းဥက္ကဋ္ဌ ဦးသစ္စာက ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၄၀၀ တို့ကို လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံရယူသည်။ (ယာပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှူရှင်များဖြစ်သည့် Mr.Yu Jian Chen နှင့် ဦးသစ္စာတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ယခုလှူဒါန်းခဲ့သော ကားအစီး ၃၀ အား အစီး ၂၀ ကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ဖောင်ကြီးမှ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် Medical Center Yangon တွင် အသုံးပြုရန် စီမံထားပြီး ကျန် ၁၀ စီးကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏လုပ်ငန်းများတွင် အသုံးပြုရန် စီမံထားကြောင်း သိရသည်။ **အာကာစိုး**




# ဆန်စပါးကုန်စည်ဒိုင်များကို လာမည့် မေ ၂၇ ရက်တွင် ပြန်ဖွင့်မည်

ရန်ကုန် မေ ၂၄

ဆန်စပါးကုန်စည်ဒိုင်များကို လာမည့် မေ ၂၇ ရက်တွင် ပြန်ဖွင့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းထံမှ သိရသည်။

ဆန်စပါးသည် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာတွင် အဓိက ပါဝင်နေသော ကုန်စည်ဖြစ်သည့်အပြင် မေလကုန်မေလအတွင်း ကာလများသည် နွေစပါးရိတ်သိမ်းသည့် ကာလဖြစ်သဖြင့် နွေစပါးဈေးနှုန်းများ ကျဆင်း၍ တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး ထည့်သွင်းစဉ်းစားရမည်ဖြစ်သကဲ့သို့ ဈေးကွက်အတွင်း ဆန်များ ပြတ်လပ်မှုမရှိစေရန်လည်း အရေးကြီးသည့်ကာလဖြစ်သည့်အတွက် ဆန်စပါးကုန်စည်ဒိုင်များကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ကုန်စည်ဒိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင်လည်း ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအစီအစဉ်များအနေဖြင့် ကုန်စည်ဒိုင်အတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ ကုန်စည်ဒိုင်အတွင်း ရောင်းသူနှင့် ဝယ်သူအချင်းချင်း တစ်ဦးနှင့်တစ်ဦး နီးကပ်စွာမရှိစေရန် အကွာအဝေးများကို ကျန်းမာရေးဦးစီးဌာန၏ အကြံအဉာဏ်များ ရယူကာ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းထံမှ သိရသည်။

ထို့ပြင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လာရောက်စစ်ဆေးခြင်းကိုလည်း ခံယူထားပြီးဖြစ်ကြောင်း သိရသည်။

ဆန်စပါးကုန်စည်ဒိုင်များကို ပြန်ဖွင့်မည်ဆိုသော်လည်း ကုန်စည်ဒိုင်အတွင်း ဆန်အရောင်းအဝယ်ပြုလုပ်ချိန်ကို နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီခွဲအချိန်အတွင်းသာ အရောင်းအဝယ်ပြုလုပ်ရန်၊ ကုန်စည်ဒိုင်အတွင်းသို့ လာရောက်အရောင်းအဝယ်ပြုလုပ်နေချိန်တွင်လည်း နှာခေါင်းစည်းများ၊ လက်အိတ်များကို ဝတ်ဆင်ထားရန်နှင့် တစ်ဦးနှင့်တစ်ဦး သတ်မှတ်ထားသော အကွာအဝေးတွင်သာနေ၍ အရောင်းအဝယ်ပြုလုပ်ရန် စည်းကမ်းချက်များ ထုတ်ပြန်ထားသည်။

ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်၍သာ အရောင်းအဝယ် ပြုလုပ်ကြရန်နှင့် ကုန်စည်ဒိုင်ကိုလာသည့် ကိုယ်ပိုင်မော်တော်ယာဉ်များကိုလည်း သတ်မှတ်ထားသည့်နေရာတွင် ရပ်နားထားပြီး ရောင်းချသူများအနေဖြင့် ဆန်နမူနာထုပ်များကိုသာ ယူဆောင်လာရမည်ဖြစ်ကြောင်း စည်းကမ်းချက်များ ထုတ်ပြန်ထားသည်။

ဆန်စပါးကုန်စည်ဒိုင်များအနေဖြင့် သင်္ကြန်ကာလဖြစ်သည့် ဧပြီ ၉ ရက်မှ ဧပြီ ၂၀ ရက်အထိ ပိတ်ထားခဲ့ပြီး ကိုဗစ် - ၁၉ ဖြစ်ပွားချိန်မှာလည်း ပိတ်ရက်များကို အချိန်တိုး၍ ပိတ်ထားခြင်းဖြစ်သည်။ **ငြိမ်းငြိမ်း**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများ

**တွေ့ဆုံမေးမြန်း - ညွန့်ကိုကို၊ ဓာတ်ပုံ - ဇော်မင်းလတ်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ကိုဗစ်-၁၉ ကုသရေးဌာန (Covid-19 Medical Center) ထားရှိရန်အတွက် လမ်းများပြုပြင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်း၊ အဆောက်အဦများပြုပြင်ခြင်း၊ အထူးကြပ်မတ်ကုသဆောင်(ICU)၊ လူဦးရေ ၂၄၀ အထိ အောက်ဆီဂျင်ပေးနိုင်သော အထူးကုသဆောင်၊ လူဦးရေ ၂၄၀ ဆံ့ သာမန် ကိုဗစ်-၁၉ လူနာဆောင်၊ ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများနေထိုင်ရန် အဆောက်အဦ၊ ဆေးနှင့်ဆေးပစ္စည်းများ သိုလှောင်ရာဌာန၊ လူနာများ အသုံးပြုရန် အောက်ဆီဂျင်ရရှိရေး၊ ဆေးရုံသုံးအမှိုက်စွန့်ပစ်မှုနှင့် အရေးပေါ်မီးရှို့စက်တို့ကို ဧပြီလဆန်းပိုင်းမှစတင်ကာ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါတွင် ကိုဗစ်-၁၉ လူနာ ၅၀၀ ထားရှိနိုင်သည့်အဆင့်အထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ဆောင်ရွက်နေမှုများသည် ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

ထို့ကြောင့် ကိုဗစ်-၁၉ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို သိရှိစေရန် တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**ဒေါက်တာကိုကိုနိုင် (ဆေးရုံအုပ်ကြီး) ကိုဗစ်-၁၉ ကုသရေးဌာနနှင့် မင်္ဂလာဒုံ အထူးကုဆေးရုံ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေနဲ့ ပထမအဆင့်မှာ ကိုဗစ်-၁၉ လူနာတွေကို ဝေဘာဂီဆေးရုံမှာ စထားတယ်။ အဲဒီမှာ မလုံလောက်ဘူးဆိုရင် ဒုတိယအနေနဲ့ တောင်ဥက္ကလာပ မိခင်နှင့်ကလေးဆေးရုံပါ။ အဲဒါနဲ့ မလုံလောက်တော့ရင် COVID-19 Medical Center (ဖောင်ကြီး) မှာထားဖို့ စီစဉ်ဆောင်ရွက်ပါမယ်။ ပြည်သူလူထုနဲ့ အလှမ်းဝေးတဲ့ ဖောင်ကြီးက သီးခြားဖြစ်တယ်။ လူအများကြီးထားနိုင်တဲ့ အဆောင်တွေ ၊ အခန်းတွေ အများကြီးရှိတယ်။ ICU လိုမျိုး ဆောက်လို့ရတဲ့ စာသင်ဆောင်တွေ ရှိတယ်။ ဒါကြောင့် ဒီနေရာကို ရွေးချယ်ပါတယ်။ ပထမအဆင့်အနေနဲ့ လူနာ ၅၀၀ ထားလို့ရအောင် ဆောင်ရွက်နေပါတယ်။ ကုသရေးပိုင်းကို စတင်တာဝန်ထမ်းဆောင်တဲ့ အခါမှာ ကျန်းမာရေးနှင့် အာကစားဝန်ကြီးဌာနတစ်ခုတည်းတင် မဟုတ်ပါဘူး။ တပ်မတော်ဆေးတပ်ဖွဲ့အနေနဲ့ အင်အား ၄၀ စီပါတဲ့ အသုတ်နှစ်သုတ်ခွဲပြီး ပြင်ဆင်ထားပါတယ်။ ပုဂ္ဂလိက ဆေးရုံတွေက အင်အားတွေလည်း ပါပါတယ်။ သုံးခုပေါင်းပြီး ဆောင်ရွက်နေပါတယ်။

ကုသမှုအပိုင်းမှာ ကျွန်တော်တို့က လမ်းညွှန်ချက်တွေ ရှိပါတယ်။ အခုဆိုရင် WHO လမ်းညွှန်ချက်တွေအပြင် ကျွန်တော်တို့ နိုင်ငံရဲ့ ပုံစံနဲ့ ကုသမယ့် လမ်းညွှန်ချက်တွေ ရှိပါတယ်။ ဒါတွေကို အမြဲတမ်း Update လုပ်နေတာပါ။ သတ်မှတ်ထားတဲ့ ဆေးဝါးတွေနဲ့ ကုသမှာပါ။ CCTV ကတော့ လူနာတွေနဲ့ လိုအပ်ရင် ချက်ချင်း ဆက်သွယ်ကြည့်ရှုကုသနိုင်အောင်ပါ။ နောက်အခြားဆေးဝန်ထမ်းတွေက လူနာတွေဆီ မကြာခဏ ဝင်ကြည့်စရာမလိုဘဲ တစ်ဦးနဲ့ တစ်ဦးကြည့်ပြီး စကားပြောလို့ရအောင် စီစဉ်ထားပါတယ်။ ဆေးကုသမယ့် ဝန်ထမ်းတွေအတွက် ကာကွယ်ရေးဝတ်စုံ၊ PPE ဝတ်နည်း၊ ချွတ်နည်းသင်တန်းတွေပေးပြီးသားပါ။ သန့်ရှင်းမှုဆိုင်ရာ စီမံခန့်ခွဲမှုအတွက် သင်တန်းတွေ၊ ညှိနှိုင်းဆွေးနွေးတာတွေ လုပ်ပြီးသားပါ။ ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေက တာဝန်ယူပြီး အဆင့်ဆင့်ကြီးကြပ်ပြီး ကုသသွားမှာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက နေ့စဉ်ထုတ်ပြန်တဲ့ ညွှန်ကြားချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေ အတိုင်းသာ လိုက်နာဆောင်ရွက်မယ်ဆိုရင် ဒီကပ်ရောဂါဘေးကနေ လွတ်ကင်းပြီး အားလုံး ကျန်းမာချမ်းသာစွာ နေထိုင်သွားနိုင်မှာပါ။

**ဒုတိယရဲမှူးကြီးလှဝေ ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး**

ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) မှာ လုံခြုံရေးရဲတပ်ဖွဲ့ (၃) က တာဝန်ယူထားပါတယ်။ ဖောင်ကြီးနယ်မြေရဲစခန်းကတော့ အပြင်စည်းလှည့်ကင်း၊ ပတ်ကင်းများနဲ့ လုံခြုံရေးတာဝန်ယူဆောင်ရွက်နေပါတယ်။ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) မှာ ဂိတ်ပေါင်း လေးဂိတ်ရှိပါတယ်။ ဂိတ် (၁) ဝန်ထမ်းတွေ ဝင်ထွက်သွားလာမယ့်နေရာပါ။ ဂိတ်(၂) က ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်မှာနေတဲ့ မိသားစုတွေနဲ့ တာဝန်ထမ်းဆောင်နေတဲ့သူတွေ၊ ဂိတ်(၃)ကတော့ Positive လူနာတွေ ဝင်လာမယ့်နေရာ ဖြစ်ပါတယ်။ ဂိတ် (၄) ကတော့ စွန့်ပစ်ပစ္စည်းတွေ သွားရောက်စွန့်ပစ်မယ့်နေရာပါ။ ဂိတ် (၂) နေရာကလွဲပြီး ကျန်တဲ့ ဂိတ်တွေမှာ ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်မှာ ဖြစ်ပါတယ်။ မိသားစုလိုင်းခန်းတွေနဲ့ လူနာတွေ ရောရောထွေးထွေး မဖြစ်အောင်လည်း ဆောင်ရွက်ထားပါတယ်။ common center ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ နဲ့ ဒီအတွင်းထဲမှာ ရှိတဲ့သူတွေ ချိတ်ဆက်လို့ရအောင် CCTV Control Room ကိုလည်း တပ်ဆင်ပြီး ဆောင်ရွက်နေပါတယ်။ CCTV ကတော့ လူနာတွေနဲ့ ချိတ်ဆက်တာရော၊ လုံခြုံရေးကင်း တွေမှာ ရှိတာရော၊ ဂိတ် လေးဂိတ်လုံးမှာရှိတဲ့ CCTV တွေနဲ့ Control Room ချိတ်ဆက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ကညွှန်ကြားချက်တွေကို လိုက်နာဖို့လည်း အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ကို ကာကွယ်ဖို့ အခုလို ကြိုတင်ဆောင်ရွက်ထားတာ အင်မတန်မှ ကောင်းမွန်ပါတယ်။

**ဦးထွန်းဇော်ဝင်း (Executive Director) Vanguard Solution Co.,Ltd.**

ကျွန်တော်တို့အနေနဲ့ COVID-19 Medical Center (ဖောင်ကြီး) မှာ CCTV တပ်ဆင်ခြင်းနဲ့ လုံခြုံရေးနဲ့ ပတ်သက်တဲ့ နည်းပညာအထောက်အကူပြုလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်ပါတယ်။ လက်ရှိအနေနဲ့ ကင်မရာတပ်ဆင်ခြင်းကို နှစ်ပိုင်းခွဲထားပါတယ်။ လုံခြုံရေးကင်မရာ တပ်ဆင်ခြင်းနဲ့ ကုသရေးပိုင်း အထောက်အကူပြုတဲ့ ကင်မရာတွေဖြစ်ပါတယ်။ လုံခြုံရေးကင်မရာပိုင်းမှာ အဝင်အထွက်ဂိတ်တွေနဲ့ လမ်းဆုံလမ်းခွတွေမှာ တပ်ဆင်ထားပါတယ်။ ကုသရေးပိုင်းမှာ ICU (အထူးကြပ်မတ်ကုသဆောင်) နဲ့ လူနာဆောင်တွေမှာ တပ်ဆင်ထားပါတယ်။ ကင်မရာ ၃၁၄ လုံး ဖြစ်ပါတယ်။ အဓိက ရည်ရွယ်ချက်က သက်ဆိုင်ရာကုသရေး ဆရာဝန်တွေက လူနာတွေနဲ့ ထိတွေ့မှုအနည်းဆုံးဖြစ်အောင်၊ လိုအပ်လို့ လူနာတွေနဲ့ ထိတွေ့ရင် မှန်ကန်တဲ့ကုသမှုတွေ ပေးနိုင်အောင်ပါ။ နောက် ဆရာဝန်အချင်းချင်း Video Conferencing လုပ်နိုင်အောင်ပါ။ ကိုဗစ်-၁၉ ရဲ့ သဘောသဘာဝကိုက လူတွေ အချင်းချင်း ထိတွေ့မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်တာ ဖြစ်တဲ့အတွက် ICU မှာလည်း ဆရာဝန်တွေ ခဏခဏ မဝင်ရအောင်ပါ။ အဆောင်အချင်းချင်းမကူးရအောင် ဆက်သွယ်ရေးစနစ်တွေကို တော်တော်လေး လုပ်ထားပေးပါတယ်။ လုံခြုံရေးအတွက် အဝင်၊ အထွက်ဂိတ် လေးဂိတ်လုံးမှာ တပ်ဆင်ထားပါတယ်။ အဲဒါတွေကိုတော့ ဖိုင်ဘာဆက်ကြောင်းကတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး common center ကို ပို့ထားပါတယ်။ ကုသရေးပိုင်းက ကင်မရာတွေကတော့ ဖောင်ကြီး Call Center မှာပဲ ထားပါတယ်။ အဓိကကတော့ ဆရာဝန်ကြီးတွေက ကုသနေတဲ့ ဆရာဝန်တွေကို ထိရောက်တဲ့ အကြံဉာဏ်တွေပေးနိုင်အောင် ICU နဲ့ ဆက်သွယ်ထားပါတယ်။ ကိုဗစ်- ၁၉ ကုသရေးဌာန (ဖောင်ကြီး)မှာ တော်တော်လေး ပြည့်ပြည့်စုံစုံရှိပါပြီ။ လုပ်ငန်းရှင်တွေကလည်း အများကြီးဝိုင်းပြီး ကူညီပေးပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ တတ်တဲ့အတတ်ပညာလုပ်အားဒါနနဲ့ဝိုင်းပြီး ဆောင်ရွက်ပေးနေတာပါ။

**ဒေါက်တာထင်ပေါ် (ဥက္ကဋ္ဌ) မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း**

ကိုဗစ်-၁၉ ကုသရေးဌာနကို ရန်ကုန်-ဖောင်ကြီးမှာ လုပ်တဲ့အခါ စပြီးအကြံဉာဏ်ထုတ်တာတော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရပါ။ ဝန်ကြီးချုပ်က ကျွန်တော်တို့ကို ခေါ်ပြီး အစည်းအဝေးလုပ်တဲ့အခါ ကျွန်တော်တို့ကလည်း အဲဒါမျိုး ဖြစ်ချင်တယ်။ ဒီလို ကိုဗစ်-၁၉ ရောဂါဖြစ်နေတဲ့သူတွေ ပုဂ္ဂလိကဆေးရုံကိုဝင်လာတဲ့အခါ မကုရင်လည်းခက်၊ ရောပြီးကုရလည်း ခက်တဲ့အခြေအနေပါ။ အဲဒီလိုအခြေအနေမှာ ဒီလိုသီးသန့် ပေါ်လာတော့ တကယ်လည်း ကျွန်တော်တို့ ဖြစ်ချင်တာမျိုးဖြစ်သွားတယ်။ နောက် ရန်ကုန်မြို့နဲ့ မိုင် ၃၀ ခန့်ဝေးတဲ့ နေရာမျိုးမှာလုပ်လိုက်တော့ မြို့နဲ့ သီးသီးသန့်သန့် ဖြစ်သွားတယ်။ ကိုဗစ်-၁၉ နဲ့ မဆိုင်တဲ့ လူနာတွေ မြို့ပေါ်မှာ စိတ်အေး၊ လက်အေး ကုသမှုခံယူနိုင်မယ်။ ဒီဦးတည်ချက်တွေနဲ့ တည်ထောင်ဖြစ်တာပါ။

အဲဒီမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများ အသင်းအနေနဲ့ ဘယ်အခန်းကဏ္ဍကပါလဲဆိုတော့ ဒီနေရာကြီးက သင်တန်းကျောင်းကြီးတစ်ခုပါ။ ဆောက်လုပ်ရေးကဏ္ဍမှာ ဆောက်လုပ်ရေးပိုင်းက အားတက်သရော လုပ်ကြပေမယ့် ကုသရေးပိုင်းအတွက် အထောက်အကူပစ္စည်းတွေကိုတော့ ဒီလိုအခြေအနေမျိုးမှာ နိုင်ငံတကာကနေ ဝယ်ယူတင်သွင်းဖို့ အင်မတန် အခက်အခဲရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရန်ကုန်မှာရှိတဲ့ ပုဂ္ဂလိကဆေးရုံတွေ တချို့လည်း လှူတယ်။ တချို့လည်း ငှားတဲ့အနေနဲ့ လုပ်ပါတယ်။ ဆေးရုံအသီးသီးကပေးတဲ့ ပစ္စည်းတွေကို စာရင်းဇယားနဲ့ ပေးရတယ်။ ပြန်ယူရင်လည်း စာရင်းဇယားနဲ့ ယူလို့ရအောင်ပါ။ ထာဝရ လိုအပ်ချက်မဟုတ်တဲ့အတွက် ပုဂ္ဂလိက ဆေးရုံတွေကနေ ခုတင်၊ လိုအပ်တဲ့ မွေ့ရာ၊ ခေါင်းအုံးကအစ အစုံလိုက် ၃၅၉ ခုတင် ရောက်ပါပြီ။ ICU ခုတင်အတွက် ဆိုလို့ရှိရင်လည်း ၂၈ ခုတင် ရောက်ပါပြီ။ Ventilators အလုံး ၂၀ ရောက်ပါပြီ။ ရောဂါရှာဖွေဖို့အတွက် Digital X-Ray တွေပေးတယ်။ CT-Scan တွေဆိုလည်း တပ်ဆင်နေပါပြီ။ ဆေးရုံတစ်ခုတည်းကမဟုတ်ဘဲ ပုဂ္ဂလိကဆေးရုံအသီးသီးက ကူညီနေကြတာပါ။ ကုသရေးပိုင်းမှာ

*စာမျက်နှာ ၉ သို့*



ဦးမျိုးမြင့် (အတွင်းရေးမှူးချုပ်) မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းချုပ်



ဒုတိယရဲမှူးကြီး လှဝေ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့



ဦးထင်လင်းခ ဒုတိယညွှန်ကြားရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ



ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကိုဗစ် - ၁၉ ရောဂါ ကုသရေးဌာနတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ CCTV များဖြင့် လုံခြုံရေး ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လှူဒါန်းသည့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ



**ရန်ကုန် မေ ၂၄**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လှူဒါန်းသည့် ဆေးဘက်ဆိုင်ရာထောက်ပံ့ရေးပစ္စည်းများနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် သံရုံးတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် သံရုံးတာဝန်ရှိသူတို့က COVID-19 Nucleic Acid Test Kit(PCR) ၁၀၀၀၀၊ Type-KN 95 Medical Surgical Mask ၂၀၀၀၀၊ Medical Surgical Mask ၅၀၀၀၀၀၊ Medical Goggles ၂၀၀၊ Medical Gloves ၁၀၀၀၀၊ Surgical Cap ၁၀၀၀၀၊ Medical Shoe Cover ၂၀၀၀၀၊ Infrared Forehead Thermometer ၂၀၀၊ Wash-Free Hand Gel Sanitizer ပုလင်း ၂၀၀၀ တို့အား လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် တာဝန်ရှိသူတို့က လက်ခံယူကြသည်။

### မြန်မာနိုင်ငံနဲ့အတူ ပူးပေါင်းဆောင်ရွက်မှာဖြစ်

လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီးက "တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါစတင် ဖြစ်ပွားနေစဉ်မှာ မြန်မာ့တပ်မတော်အနေနဲ့ တရုတ်ပြည်သူတွေအတွက် ဆေးဝါးအထောက်အကူပြုပစ္စည်းတွေ လှူဒါန်းခဲ့ပါတယ်။ အခုမြန်မာနိုင်ငံမှာ ကိုဗစ် - ၁၉ ရောဂါအတည်ပြုလူနာတွေ့ရှိပြီး နောက်ပိုင်းမှာ တရုတ်နိုင်ငံအနေနဲ့လည်း ဆေးပညာရှင်အဖွဲ့တွေ စေလွှတ်မှုနဲ့အတူ ဆေးဝါးကုသမှု အထောက်အကူပြုပစ္စည်းတွေကို ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။ ဒီနေ့မှာတော့ တရုတ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ဆေးပညာရှင်အဖွဲ့နဲ့အတူ ဆေးဝါးကုသမှု အထောက်အကူပြုပစ္စည်းတွေ ထပ်မံရောက်ရှိလာတာဖြစ်ပါတယ်။ နောက်ထပ်လည်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးအပိုင်းကို တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အလားတူ လှူဒါန်းမှုအပေါ် ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးက "ဒီပစ္စည်းတွေကို အချိန်တိုအတောအတွင်းမှာ မြန်မာနိုင်ငံအနှံ့ လိုအပ်တဲ့နေရာတွေကို အမြန်ဆုံးဖြန့်ဖြူးဆောင်ရွက်ပေးသွားမှာဖြစ်သလို တရုတ်နိုင်ငံက အခုရောက်ရှိလာတဲ့ စစ်ဘက်ဆိုင်ရာဆေးပညာရှင်တွေနဲ့ ပူးပေါင်းပြီး ရန်ကုန်မြို့မှာရှိတဲ့ တပ်မတော်ဆေးရုံကြီးတွေမှာ ကိုဗစ်-၁၉ ရောဂါ ရှာဖွေခြင်းလုပ်ငန်းတွေ၊ ကာကွယ်ကုသခြင်းလုပ်ငန်းတွေကို တိုင်ပင်နှီးနှောဖလှယ်ပြီး အကောင်းဆုံးတိုက်ဖျက်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ယနေ့ ရောက်ရှိလာသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Dr.Bai Chong ဦးဆောင်သည့် အဖွဲ့ဝင်ခြောက်ဦးပါဝင်သော ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ မြန်မာ့တပ်မတော်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရက်သတ္တနှစ်ပတ်ကြာ ပြုလုပ်သွားမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကူညီမှုအနေဖြင့် မေ ၈ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အဖွဲ့ဝင် ၁၂ ဦးပါဝင်သော ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့အား စေလွှတ်ပေးမှုနှင့်အတူ ဆေးဝါးကုသမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ကူညီပေးခဲ့သည့်အပြင် မေ ၂၂ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား အသက်ရှူစက်ကိရိယာ ၁၅ စုံ၊ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အား အသက်ရှူစက်ကိရိယာ ငါးစုံတို့ကို ထောက်ပံ့လှူဒါန်းခဲ့သည်။

### ကိုဗစ် - ၁၉ ရောဂါထိန်းချုပ်၊ ကုသရေးပူးပေါင်းဆောင်ရွက်မည်

ထို့အပြင် အသက်ရှူစက်ကိရိယာ ၁၅ စုံအား ထပ်မံလှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆောင်ရွက်မှုများတွင် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးထံမှ သိရသည်။

**ဇော်ကြီး၊ ခတ်ပုံ-ဖေဇော်**

---

*စာမျက်နှာ ၈ မှ*

ကျန်းမာရေးဌာနက လာတယ်။ စစ်ဘက်ဆိုင်ရာက လာတယ်။ ပုဂ္ဂလိကက လာကြတယ်။ အခုဆိုရင် ပုဂ္ဂလိကပိုင်းမှာ ဆရာဝန်၊ ဆရာမ၊ ပညာရှင်၊ အုပ်ချုပ်မှုအပိုင်း ပထမအသုတ်စပြီး တာဝန်ထမ်းဆောင်နေကြပါပြီ။ ဆရာဝန်၊ ဆရာမဦးရေ ၇၀ ကျော်ပါ။ ရန်ကုန်မှာ ပုဂ္ဂလိကဆေးရုံ ၅၀ ကျော်ရှိတဲ့အနက် ၄၁ ရုံကနေ ကူညီနေပါတယ်။

**ဦးမျိုးမြင့် (အထွေထွေအတွင်းရေးမှူးချုပ်) မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် COVID-19 ကျန်းမာရေးစင်တာ (ဖောင်ကြီး) ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး (၃) COVID-19 Medical Center ဖြစ်မြောက်ရေး ကော်မတီဝင်**

ကျွန်တော်တို့ မေ ၂၈၊ ၂၉၊ ၃၀ မှာ ဆရာဝန်တွေနေမယ့် ဒဂုံဆောင်၊ မြတ်လေးဆောင်၊ ဥတ္တရဆောင်တို့ကို သန့်ရှင်းရေးလုပ်တယ်။ ပထမ Quarantine အတွက်ပဲ ထားမယ်ဆိုလို့ လိုအပ်တဲ့ အိမ်ရာ၊ ရေ၊ မီး ဆောင်ရွက်တယ်။ မေ ၃၁ မှာ ကိုဗစ် - ၁၉ နဲ့ ပတ်သက်တဲ့ ကုသရေးဌာန လုပ်မယ်။ Positive လူနာတွေထားမယ်ဆိုတော့ စာသင်ဆောင်လေးဆောင်နဲ့ ဥက္ကလာဆောင်ဆိုပြီး ငါးဆောင်ရှိတယ်။ ICU (အထူးကြပ်မတ်ကုသဆောင်) လေးဆောင်နဲ့ ဥက္ကလာဆောင်က စီမံခန့်ခွဲရေးဆိုပြီး အဲဒီငါးဆောင်ကို ကျွန်တော်တို့ လုပ်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ ခွာညို၊ သရဖီ၊ ခတ္တာ၊ သဇင်၊ ယုဇနငါးဆောင်ကိုလည်း လူနာဆောင်အဖြစ် ကျွန်တော်တို့ လုပ်တယ်။ မန္တလာဆောင်အထိ ခြောက်ဆောင်ရှိပေမယ့် သင်္ကြန်ကာလဖြစ်တဲ့အတွက် ငါးဆောင်ကို ပြီးအောင်အရင်လုပ်တယ်။ ဒါကြောင့် လက်တလော တစ်ဆောင် ကို အခန်း ၁၂၀ ပါတဲ့အတွက်ကြောင့် လူ ၆၀၀ အတွက် အရင်လုပ်ပါတယ်။

လိုအပ်တဲ့ ရေချိုးခန်းဖွဲ့တာ၊ ဆရာဝန်တွေ ဝင်တဲ့ထွက်တဲ့အခါ PPE ဝတ်စုံ ဝတ်ဖို့၊ ချွတ်ဖို့အခန်း၊ အဲယားကွန်းတပ်ဆင်ခြင်းလုပ်ငန်း အဲဒါတွေ လုပ်တယ်။ ဆရာဝန်၊ ဆရာမ၊ သူနာပြုတွေ နေဖို့အတွက်လည်း ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်မှာရှိတဲ့ ကုမ္ပဏီတွေ ရှစ်ခု၊ ကိုးခုလောက်က စုပေါင်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိ အဆောက်အအုံဒီဇိုင်းကို ချက်ချင်းဆွဲ၊ ချက်ချင်းအကောင်အထည်ဖော်ပြီး အချိန်တိုအတွင်း ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ လုပ်သားအင်အား ၆၀၀ လောက်နဲ့ ဆောင်ရွက်ခဲ့တာပါ။ ပုဂ္ဂလိက လုပ်ငန်းကုမ္ပဏီတွေအားလုံးက နိုင်ငံအတွက် လိုအပ်တဲ့အချိန်မှာ ဝိုင်းဝန်းဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ကုန်ကျစရိတ်ကို နိုင်ငံတော်ကပေးလို့ ရခဲ့ရင်တောင် တချို့တစ်ဝက်ယူပြီး တချို့တစ်ဝက်လှူမယ်ဆိုတဲ့ စိတ်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

**ဦးထင်လင်းခ (ဒုတိယညွှန်ကြားရေးမှူး) ရေရရှိရေးနှင့်ရေပေးဝေရေးတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရေရရှိရေးနှင့် ရေပေးဝေရေးတာဝန်ခံအဖွဲ့အနေနဲ့ ကိုဗစ်-၁၉ အမှိုက်မီးရှို့စက်မှာ လိုအပ်တဲ့ ရေအဝီစိတွင်း တစ်တွင်းနဲ့ ICU (အထူးကြပ်မတ်ကုသဆောင်) အတွက် အဝီစိတွင်း တစ်တွင်း တူးဖော်ပေးခဲ့ပါတယ်။ ရေစတင်ရရှိပြီး သုံးစွဲနေပါပြီ။ ရေတွင်း တစ်တွင်းမှာ တစ်နာရီကို ရေဂါလန် ၃၀၀၀ ထွက်ပါတယ်။ WHO ရဲ့ လမ်းညွှန်ချက်အတိုင်း Parameter တွေ အကုန်လုံးစစ်ပြီးတော့ Reliable ဖြစ်တဲ့ သင့်တော်တဲ့ သောက်သုံးရေရရှိအောင် တူးပေးထားပါတယ်။ ရေတွင်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ အားလုံး လွှဲပြောင်းပေးပြီးသွားပါပြီ။

ကိုဗစ် - ၁၉ ကုသရေးဌာန (Medical Center) ကြီးတစ်ခု လိုအပ်နေတဲ့အချိန်မှာ လိုနေတဲ့ ကဏ္ဍအသီးသီးကို အားလုံးက ကူညီပူးပေါင်း ဆောင်ရွက်ကြတဲ့အတွက် အခုလို အောင်မြင်စွာ ပေါ်ထွက်လာတယ်လို့ ယုံကြည်မိပါတယ်။ ။



ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကိုဗစ် - ၁၉ ရောဂါကုသရေးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်များအား YRTA မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ပေးစဉ်။

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ သတင်းထောက်များ၏ မေးခွန်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ရှင်းလင်းဖြေကြား

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက သတင်းထောက်များ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေ မေးခွန်းနှင့် စပ်လျဉ်း၍ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးမှာ EAO တွေနဲ့ ပူးပေါင်းညှိနှိုင်းရေးကိစ္စခေါင်းစဉ်ဖြင့် ယနေ့တွင် ဖေ့စ်ဘွတ်စာမျက်နှာမှ ပြန်လည်ရှင်းလင်းဖြေကြားထားသည်ကို တွေ့ရသည်။

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက " ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးမှာ လူမျိုး၊ ဘာသာခွဲခြားခြင်း၊ နေထိုင်ရာဒေသ ခွဲခြားခြင်း အလျဉ်းမရှိဘဲ နိုင်ငံတော်၏ပိုင်နက်နယ်မြေအတွင်း မှီတင်းနေထိုင်သူ မည်သူ့ကိုမျှ ချန်လှပ်မထားရေးမူဝါဒ (No one left behind Policy) ချမှတ်ထားပါကြောင်း။

" EAO အခြေပြုရာဒေသတွေမှာ နေထိုင်သူတွေဟာလည်း မြန်မာနိုင်ငံသားတွေပဲ ဖြစ်ပါကြောင်း၊ ဟန်ချက်ညီ ဆောင်ရွက်နိုင်ဖို့အတွက် NRPC ကနေ EAO အားလုံး (NCA ထိုးပြီးသား ၁၀ဖွဲ့၊ မထိုးရသေး ၈ဖွဲ့) စုစုပေါင်း (၁၈)ဖွဲ့ဆီကို (၁၉-၃-၂၀၂၀) ရက်စွဲနဲ့ ကျန်းမာရေး လမ်းညွှန်ချက်တွေ ပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ EAO များအနေနဲ့ ပြည်သူလူထုအတွင်း ဆောင်ရွက်ရမည့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနဲ့ နယ်စပ်ဖြတ်ကျော်ဂိတ်များမှာ ဆောင်ရွက်ရမယ့် လုပ်ငန်းလမ်းညွှန်တွေ ဖြစ်ပါကြောင်း" ရေးသားဖြေကြားထားသည်။

ဆက်လက်၍ " အထူးဒေသ(၄)မိုင်းလားဆိုရင်လည်း တရုတ်နိုင်ငံက ပြန်လည် စေလွှတ်လိုက်တဲ့ မြန်မာနိုင်ငံသား ၃၆၀၇ ဦးကို မိုင်းလားဒေသမှာ Quarantine ၂၁ ရက် ထားရှိပြီးမှ ရှမ်းပြည်နယ် အစိုးရကတစ်ဆင့် သက်ဆိုင်ရာဒေသတွေကို ပြန်ပို့ပေးတာ ဆောင်ရွက်နေပါကြောင်း၊ လူအများကြီးအတွက် ကျွေးမွေးရာမှာ အခက်အခဲ မရှိစေဖို့အတွက် NRPC ကပဲ ဆန်အိတ် ၁၀၀၀ နဲ့ စားဆီ နှစ်ပီပါ ရှမ်းပြည်နယ်အစိုးရကတစ်ဆင့် ပေးပို့ထားပါကြောင်း" ဖြေကြားထားသည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက " ဒီကြားထဲမှာ NCA-S EAO ကိုယ်စားလှယ်တွေနဲ့ အလွတ်သဘော အစည်းအဝေးတွေမှာ ဒီကိစ္စကို ထည့်သွင်းပြီး ဆွေးနွေးတာတွေလည်း ရှိပါတယ်။ ဆက်လက်ပြီးလည်း NRPC အနေနဲ့ ပိုမိုပြီး ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းနေတာတွေလည်း ရှိပါတယ် " ဟု ဖြေကြားထားသည်။

သတင်းစဉ်

# Coronavirus Disease 2019 (COVID -19) နှင့် စပ်လျဉ်း၍ ကုန်ပစ္စည်းတင်သွင်းဖြန့်ဖြူးသူများအား အသိပေးထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
Coronavirus Disease 2019 (COVID –19) နှင့် စပ်လျဉ်း၍
ကုန်ပစ္စည်းတင်သွင်းဖြန့်ဖြူးသူများအား အသိပေးထုတ်ပြန်ကြေညာခြင်း
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၄ ရက်)

၁။ လက်ရှိဖြစ်ပေါ်နေသော Coronavirus Disease 2019 (COVID –19) အခြေအနေအရ ပြည်တွင်းဈေးကွက်အတွင်း အခြေခံစားသောက်ကုန်နှင့် မရှိမဖြစ် လူသုံးကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်စေရေးတို့အတွက် နေ့စဉ် ပြည်သူများကို ရောင်းချပေးနိုင်ရေးအတွက် တိုင်း/ ပြည်နယ်အသီးသီးတွင် လက်လီဆိုင်များ အပါအဝင် ဈေးများကို စနစ်တကျ ဖွင့်လှစ်ခွင့်ပြုထားသကဲ့သို့ ကုန်စည်စီးဆင်းမှု အဆင်ပြေစေရေးအတွက်လည်း ယာဉ်/လူပုဂ္ဂိုလ်များကိုလည်း သတ်မှတ်ချက်များနှင့်အညီ သွားလာခွင့်ပြုထားပါသည်။

၂။ ပြည်ပမှ တင်သွင်းရန်လိုအပ်သည့် ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ တင်သွင်း ရောင်းချနိုင်ရေးအတွက်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ လုပ်ငန်းစဉ်များ ဖြေလျှော့ပေးသည့် စီမံချက်များဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ကုန်ပစ္စည်းပြတ်လပ်မှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရေးအတွက် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်များကို ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချပေးခြင်းကို တားမြစ်ကန့်သတ်ထားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ကုန်ပစ္စည်းထုတ်လုပ်(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စံသတ်မှတ်ချက်နှင့်အညီ စစ်ဆေးမှု ခံယူပြီးသော) ဖြန့်ဖြူးရောင်းချသူ၊ ပို့ဆောင်ဖြန့်ဖြူးသူ၊ တင်သွင်းရောင်းချသူများ အနေဖြင့် မိမိတို့လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရန် အသိပေးကြေညာအပ်ပါသည်။

၄။ ယင်းသို့ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် ဖြစ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# ထိုင်းနိုင်ငံဘက်မှ ပြန်လာမည့် အလုပ်သမားများကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြား

နေပြည်တော် ဧပြီ ၂၄

သတင်းထောက်များ မေးမြန်းသည့် ထိုင်းဘက်မှ ပြန်လာမည့် အလုပ်သမားများကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက " ထိုင်းနိုင်ငံက အရေးပေါ်အခြေအနေ ကြေညာထားတဲ့ ဒီဧပြီလကုန်ရင် ထိုင်းဘက်က မြန်မာအလုပ်သမားတွေကို ပြန်လည်လက်ခံမှာ ဖြစ်ပါတယ်။ စိစစ်မှုတွေ ကြန့်ကြာမှုမရှိအောင် လဝကနဲ့ အခြားဝန်ထမ်းတွေ၊ အပူချိန်တိုင်းကိရိယာအပါအဝင် လိုအပ်တာတွေ ထပ်တိုးပြီး လူစုလူဝေးကြီး မဖြစ်အောင် စီစဉ်ဆောင်ရွက်ဖို့ မှာကြားထားပါတယ်။ ဝင်လာတဲ့သူတွေကို ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေမှာ နေရာတွေခွဲပြီး Quaratine (၂၁)ရက် ထားရှိပြီးမှ သက်ဆိုင်ရာ ဒေသတွေကို ပြန်လည်ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။

ဧပြီလကုန်အထိ လူစုလူဝေး မဖြစ်အောင် ကန့်သတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို မေလ ၁၅ ရက်နေ့အထိ တိုးချဲ့သတ်မှတ်ထားပါတယ်" ဟု ပြန်လည်ရှင်းလင်းဖြေကြားထားသည်။

သတင်းစဉ်

# ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ငြိမ်းချမ်းရေးကိစ္စ မေးမြန်းမှုနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြား

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက သတင်းထောက်များ မေးမြန်းသည့် ငြိမ်းချမ်းရေးကိစ္စ နှင့် ပတ်သက်၍ ဖေ့စ်ဘွတ်စာမျက်နှာမှ ပြန်လည်ရှင်းလင်းဖြေကြားထားသည်။

၎င်းက " (၂၁)ရာစုပင်လုံညီလာခံ လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး အစိုးရနဲ့ NCA-S EAO ကြားမှာ ဆက်တိုက်ညှိနှိုင်းမှုတွေ ရှိနေပါတယ်။ ဧပြီလ ၄-၅-၆ မှာ ပြုလုပ်ခဲ့တဲ့ အလွတ်သဘော အစည်းအဝေး ဆိုရင် ၄ ရက်နေ့မှာ တွေ့ဆုံပြီး ဆွေးနွေးပါတယ်။ ၅ ရက်နေ့မှာ NCA-S EAO အချင်းချင်း Video Conferencing နဲ့ ပြန်လည်ဆွေးနွေးမှု လုပ်ပါတယ်။ အစိုးရဘက်လည်း ပြန်လည်ဆွေးနွေးပြီး ၆ ရက်နေ့မှာ အလွတ်သဘော ပြန်တွေ့ပြီး ဆွေးနွေးခဲ့ပါတယ်။

"ဆက်လက်ပြီးတော့လည်း မေလဆန်းမှာ ထပ်မံဆွေးနွေးဖို့ ရှိပါတယ်။ နည်းလမ်း (၂) ရပ် အဆိုပြုထားပါတယ်။ နည်းလမ်း(၁)ကတော့ ပြည်တွင်းမှာ ရှိနေတဲ့ NCA-S EAO ကိုယ်စားလှယ်တွေနဲ့ အစိုးရကိုယ်စားလှယ်တွေ Physical Distancing နဲ့ အလွတ်တွေ့ဆုံဆွေးနွေးဖို့။ သူတို့ချင်း အွန်လိုင်းနဲ့ ဆွေးနွေး၊ ပြီးရင် ပြန်တွေ့တဲ့နည်း။ နည်းလမ်း (၂) ကတော့ အွန်လိုင်းချိတ်ဆက်ပြီး Video Conferencing နဲ့ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

"လက်ရှိ NCA-S EAO အတွင်းမှာလည်း အစိုးရနဲ့ ဆွေးနွေးမှုတွေကို ပြန်ပြီး ဆွေးနွေးနေကြပါတယ်။ NCA-S EAO ဘက်က ဘုံသဘောထားတွေ ရရှိပြီးရင် အစိုးရနဲ့ ဆက်လက်ပြီး ဆွေးနွေးသွားဖို့ ရှိပါတယ်။ ငြိမ်းချမ်းရေး ဆွေးနွေးမှုတွေကို COVID - 19 ကြောင့် နှောင့်နှေးကြန့်ကြာမှုမရှိအောင် နှစ်ဖက်လုံးက ကြိုးစားနေကြပါတယ်" ဟု ပြန်လည်ရှင်းလင်း ဖြေကြားထားသည်။

သတင်းစဉ်

# မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်ရှိ ပြည်သူများအား ခရမ်းကျောင်းဆရာတော်က အခြေခံစားသောက်ကုန်များ ထောက်ပံ့

ရန်ကုန် ဧပြီ ၂၄

ကိုဗစ် – ၁၉ ကာကွယ် ထိန်းချုပ်ရေး ကာလဆောင်ရွက်နေစဉ်အတွင်း တစ်ဖက်တစ်လမ်းမှ ကူညီသည့်အနေဖြင့် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်ရှိပြည်သူများအား ဧပြီ ၂၂ ရက်ညနေပိုင်းက အာသာဝတီပရိယတ္တိသာသနာ့ဗိမာန်၌ ခရမ်းကျောင်းဆရာတော် ဦးမေဓာဝီက ဆန်၊ ဆီ၊ ဆားနှင့် ကြက်သွန်နီများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ထောက်ပံ့ပေးအပ်မှုတွင် ဆရာတော်တစ်ဦးတည်းက မတည်ခဲ့ခြင်းဖြစ်ပြီး အိမ်ထောင်တစ်စုလျှင် ဆန် ငါးပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ ၅၀ ကျပ်သားနှင့် ဆားတစ်ထုပ်နှုန်းဖြင့် အိမ်ထောင်စုပေါင်း ၃၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကာ တန်ဖိုးအားဖြင့် ငွေကျပ်သိန်း၃၀ ရှိကြောင်း သိရသည်။

မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက်အတွင်း အိမ်ထောင်စုပေါင်း ၁၈၀၀ ရှိပြီး အများစုမှာ လက်လုပ်လက်စားများဖြစ်ကြကာ ဆရာတော်အနေဖြင့် ယင်းမိသားစုများအား ထပ်မံ ထောက်ပံ့ပေးနိုင်အောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

အာကာလင်း



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အခြေခံလူတန်းစားများ အလုပ်နားရက်ရှည်ကြာလာခြင်းအတွက် စားရေးသောက်ရေး အဆင်ပြေစေရန်အတွက် မီးဖိုဆောင်သုံး အသီးအရွက်များကို ဧပြီ ၂၄ ရက်က အိမ်အရောက် ဒီမိုကရေစီကို ကူညီကြသူများ ကွန်ရက်အဖွဲ့က လိုက်လံလှူဒါန်းပေးစဉ်။

မွေးကြူဇင်

# မိုးညှင်း၊ ရေး၊ ဟိုပုံးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် ည ၇ နာရီက မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ မော်ဟန် – နမ္မချီသွားကားလမ်း သင်္ချိုင်းအနီးတွင် ကျော်သန်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေးမြို့နယ် ကျောက်မီချောင်း(မြောက်) ကျေးရွာနေ တင်မောင်ဦး(ခ) ယု၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဟိန်းလင်းစိုး (ခ) မောင်ဟိန်း၊ မသင်းသင်းခိုင် (ခ) ငယ်ငယ် တို့ကိုတွေ့ရှိပြီး ငွေကျပ်သိန်း ၁၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀၊ ဟွန်ဒါဖစ်ယာဉ်တစ်စီးနှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

ထို့အတူ ယင်းနေ့ ညနေပိုင်းတွင် ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ခိုလိုင်ကျေးရွာအနီး ခိုလိုင်–ဟိုလိကျေးရွာသွားလမ်းတွင် ခွန်သိန်းမောင်အား စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အလားတူ ညပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုနမ့်ကျေးရွာအနီး ဟိုပုံး–လွိုင်လင်သွားကားလမ်း ဟိုပုံးရေထွက်ကြီးအနီးတွင် တင်မြင့် မောင်းနှင်ပြီး အောင်ခန့်ဖြိုး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ဟိန်းလင်းစိုး (ခ)မောင်ဟိန်း၊ တင်မောင်ဦး (ခ)ယု ၊ မသင်းသင်းခိုင်(ခ) ငယ်ငယ်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၅ . ၄ . ၂၀၂၀ (စနေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ – Breakfast News
- ၇:၃၅ – "ခနုဒေသ အကအလှ ၊ ခနုခလေ့သဘာဝ"
- ၈:၃၅ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြည်ထဲရေးဝန်ကြီးဌာန)
- ၉:၁၅ – မဟော်သဓာ (အပိုင်း– ၂၂) " မဟော်သဓာနှင့် အမတ်ကြီးလေးဦး"(ဒုတိယပိုင်း)
- ၁၀:၃၀ – "Flowers and Butterflies" (Season– 2) (အပိုင်း– ၁၀၉ + ၁၁၀)
- ၁၁:၃၅ – ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၃၀ – "ရတနသုတ်တော်နှင့် ပတ်သက်သည့် သင်ကြားပို့ချမှု " (အပိုင်း– ၁)
- ၁၃:၄၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း– ၃၆)

**ညပိုင်း**

- ၁၆:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ဆိုးမလေးရဲ့ ကိုယ်ရံတော်" (အပိုင်း– ၁၅)
- ၁၇:၄၅ – ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၈:၃၀ – MRTV Travelogue "ရွှေသောင်ယံသို့ ခရီးသွားခြင်း" (အပိုင်း– ၁၃)
- ၁၉:၂၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ" (အပိုင်း– ၂၄)
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)
- – ရာဇဝင်ထဲက သမိုင်းအနုပညာ"သမိုင်းထဲမှ မက္ခရာ" (အပိုင်း– ၇) (မက္ခရာမင်းသားများနှင့် ခေါင်းလောင်းတော်ကြီး)
- – မြန်မာဗီဒီယိုဇာတ်လမ်း "မယားပြောတော့တစ်ည" ကျော်ရဲအောင် ၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ– သားကြီး)
- – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## လားရှိုးမြို့တွင် တားမြစ်ကန့်သတ်ထားသော ညမထွက်ရအမိန့်ကို ချိုးဖောက်သူ လေးဦးအား ထောင်ဒဏ် သုံးလစီချမှတ်

**လားရှိုး မေ ၂၄**

လားရှိုးမြို့တွင် တားမြစ်ကန့်သတ်ထားသော ညမထွက်ရအမိန့်ကို မလိုက်နာဘဲ ချိုးဖောက်ခဲ့သည့် အမျိုးသားလေးဦးကို မေ ၂၃ ရက် ည ၁၂ နာရီခန့်တွင် လားရှိုးမြို့ မြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး မေ ၂၄ ရက်တွင် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားတရားစွဲဆိုခဲ့ရာ ထောင်ဒဏ် သုံးလစီကျခံရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

မေ ၂၃ ရက် ည ၁၁ နာရီခန့်တွင် လားရှိုးမြို့ ရပ်ကွက်(၁၁) နယ်မြေ(၃) နမ့်ပါချီးလမ်းပေါ်တွင် လမ်းလျှောက်နေသော လားရှိုးမြို့ သုခမ်းလမ်းပေါ်ရှိ ဟိုတယ်တစ်ခုမှ စားဖိုမှူးနှင့် လက်ထောက် စားဖိုမှူးများဖြစ်သော အောင်ကျော်ဌေး (၃၀ နှစ်)၊ ကိုနိုင်(၃၁ နှစ်) နှင့် သူရအောင်(၂၀ နှစ်) တို့ကို တွေ့ရှိရသဖြင့် စိစစ်မေးမြန်းရာ သက်ဆိုင်ရာမှ ထုတ်ပြန်ထားသော ညမထွက်ရအမိန့်နှင့် ပတ်သက်၍ သိရှိနားလည်သော်လည်း လိုက်နာမှုမရှိခြင်း၊ ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ရပ်ကွက်(၁၁) နယ်မြေ(၇)အောင်စေတနာလမ်းသွယ်(၁၀)တွင် သွားလာနေသော မင်းမင်း(၂၄ နှစ်) ကိုလည်း ခိုင်လုံသောအကြောင်းအရာ တစ်စုံတစ်ရာမရှိဘဲ တွေ့ရှိရသည့်အတွက် ၎င်းတို့လေးဦးကို မြို့မရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ **ဟန်ဌေး(လားရှိုး)**

## ဘိုကလေးမြို့နယ်တွင် ညမထွက်ရအမိန့်အပေါ် လိုက်နာခြင်းမရှိသူများကို ထောင်ဒဏ် တစ်လစီ ချမှတ်ထား

**ဘိုကလေး မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်တွင်းရှိ ပြည်သူများကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရမှုမရှိစေရေးနှင့် အချိန်မီထိန်းသိမ်းနိုင်ရေးအတွက် ညမထွက်ရ ဒေသန္တရအမိန့်ထုတ်ပြန်ထားရှိရာ ယင်းအမိန့်အား လိုက်နာဆောင်ရွက်ခြင်းမရှိသူ နှစ်ဦးကို မြို့နယ်တရားရုံးက ထောင်ဒဏ်တစ်လစီ ချမှတ်ခဲ့သည်။

မေ ၂၂ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူးနှင့် အရန်မီးသတ်များနှင့်အတူ လှည့်ကင်းတာဝန် ထမ်းဆောင်နေစဉ် ဘိုကလေးမြို့ အမှတ်(၂)ရပ်ကွက် ပိတောက်လမ်းနှင့် ကွမ်းသီးချောင်းလမ်းကြားအရောက်တွင် အောင်ကျော်မိုး (၃၇ နှစ်) အား တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းရာ ကောင်းမွန်စွာ ဖြေဆိုနိုင်ခြင်းမရှိသည့်အတွက် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း၊ အလားတူ မေ ၂၁ ရက် ည ၁၂ နာရီကျော်ခန့်တွင် ဘိုကလေးမြို့နယ် အမှတ်(၈)ရပ်ကွက် ယုဇနလမ်းဖြတ်တာလမ်းမပေါ်ရှိ ကွမ်းယာဆိုင်အနီးတွင် အောင်ဖြိုးခန့် (၂၀ နှစ်) အား တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းရာ ကောင်းမွန်စွာဖြေဆိုနိုင်ခြင်းမရှိသည့်အတွက် ထိန်းသိမ်းခဲ့ပြီး မြို့နယ်တရားသူကြီးက ညမထွက်ရ အမိန့်ထုတ်ပြန်ချက်အပေါ် မလိုက်နာသူတို့အား ထောင်ဒဏ် တစ်လစီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သက်ဆိုင်ရာမှ သိရသည်။

**မိုးစက်(ဘိုကလေး)**

## တောင်ကြီးမြို့၌ ညမထွက်ရအမိန့်ဖောက်ဖျက်သူများအား အရေးယူဆောင်ရွက်လျက်ရှိ

**တောင်ကြီး မေ ၂၄**

မေ ၂၀ ရက်မှစ၍ နေ့စဉ် သတ်မှတ်ကာလအတွင်း ညမထွက်ရအမိန့်အား တောင်ကြီးမြို့နယ်တွင် ထုတ်ပြန်၍ ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ညမထွက်ရအမိန့်ထုတ်ပြန်ပြီးနောက် တောင်ကြီးမြို့နယ်အတွင်း မေ ၂၄ ရက်အထိ ညမထွက်ရအမိန့်ကို ဖောက်ဖျက်ကျူးလွန်သူ မြို့ပေါ် ရပ်ကွက်များမှ သုံးဦး၊ အေးသာယာမြို့သစ်မှ ခုနစ်ဦး စုစုပေါင်း ၁၀ ဦးကို အမှုဖွင့်အရေးယူထားကြောင်း တောင်ကြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်ထံမှ သိရသည်။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့တွင် မေ ၂၀ ရက်မှစတင်၍ မေ ၁၉ ရက်အထိ ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်ကို ပြည်နယ်ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မေ ၂၀ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်ခဲ့ပြီး မေ ၂၂ ရက်တွင် တောင်ကြီးမြို့နယ်အတွင်းရှိ ပြည်သူလူထုများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရမှုမရှိစေရေးနှင့် အချိန်မီထိန်းသိမ်းနိုင်ရေးအတွက် အရေးပေါ်ကိစ္စများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာခွင့်ပြုချက်မှအပ မေ ၂၂ ရက်မှစ၍ နေ့စဉ် ည ၁၀ နာရီမှ နောက်တစ်နေ့ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်ကို ထုတ်ပြန်သည့်နေ့မှ နှစ်လအထိ အတည်ဖြစ်ကြောင်း၊ ယခင်ထုတ်ပြန်ခဲ့သည့်အမိန့်ကို လွှမ်းမိုးသည့် ညမထွက်ရ သတ်မှတ်ကာလ ထပ်တိုးသည့် အမိန့်ကို မေ ၂၂ ရက်တွင် ထပ်မံထုတ်ပြန်ခဲ့ကြောင်း၊ ယခုအမိန့်ကို ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

## မြို့နယ်အချို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက်မှ ၂၂ ရက်အတွင်း ရပ်စောက်မြို့နယ် အင်တောမြို့အနီးမှ တရားမဝင် အင်ကြင်းခွဲသား ၃ ဒသမ ၂၁၂၆ တန်၊ ချောင်းသာကြိုးဝိုင်း အကွက်အမှတ်(၁၂) မှ တရားမဝင် မကျီးပွေး/ ဘောင်ဆန့်သစ်လုံး/ လုံးပတ် ၃ ပေအောက် မကျီးပွေး/ ဘောင်ဆန့်သစ် ၃ ဒသမ ၁၇၂၀ တန်၊ ကျောက်တံခါးမြို့နယ် အိုင်တုံကွန်းကြိုးဝိုင်း အကွက်အမှတ် (၂၀၊ ၃၆)မှ တရားမဝင်သစ် ၇ ဒသမ ၀၄၂၀ တန်နှင့်အတူ ဆိုင်ကယ် ငါးစီး၊ ကဒင်ဘီးလင်းကြိုးဝိုင်းအကွက်အမှတ်(၆၈)နေရာမှ တရားမဝင် ကျွန်းနှင့် အခြားသား ၅ ဒသမ ၆၀၂၀ တန်၊ ပဲခူးမြို့နယ် သရက်ခြံရွာအနောက်မှ ၁၀ ဒသမ ၀၀၃၀ တန်နှင့်အတူ သစ်စက်၊ ဆက်စပ်ပစ္စည်းများ၊ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်ပျဉ်းကတိုး ၃ ဒသမ ၀၅၁၀ တန်၊ ပန်းတောင်းမြို့နယ် ကြိုးပြင်ခုတ်ကွက်(၁၂၆၊ ၁၂၈)အတွင်း တရုတ်နီအင်ဂျင် တစ်လုံးပါ သစ်စက်ဆက်စပ်ပစ္စည်းများနှင့်အတူ တရားမဝင်ပျဉ်းကတိုးသစ်/ခွဲသား ၁၁ ဒသမ ၁၅၀၀ တန်၊ ကျွန်းစုမြို့နယ် တောကာကျေးရွာမှ တရားမဝင် ကဒွတ်/တောဒူးရင်းခွဲသား ၃ ဒသမ ၆၉၉၈ တန်၊ ပျော်ဘွယ်မြို့နယ် တောင်နီကျေးရွာအနီးမှ ၇ ဒသမ ၆၃၇၀ တန်၊ တကောင်း–မြတောင်သွားကားလမ်း အရှေ့ဘက် ကျွဲကူးကန်အနီးမှ တရားမဝင်အင်သစ် ၆ ဒသမ ၂၉၄၀ တန်၊ အင်းတော်မြို့နယ် မံမော်ကြိုးဝိုင်း (၈၉)နေရာမှ တရားမဝင် ကျွန်းသစ် ၉ ဒသမ ၉၀၀ တန်၊ မင်းကင်းမြို့နယ် ဘင်ကျွန်းချင်းတွင်းမြစ်အတွင်း တရားမဝင် ကျွန်း/အင်/ကညင်/သစ် ၄၀ ဒသမ ၉၁၀၀ တန်၊ ထီးချိုင့်မြို့နယ် ကလုံကြိုးဝိုင်းအကွက်အမှတ်(၃၅)အတွင်းမှ တရားမဝင်သစ်စက် အင်ဂျင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်း လေးမျိုး၊ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၄၈၈ တန်၊ ထီးချိုင့်မြို့နယ် မကျီးပင်ကျေးရွာမြောက်ဘက် နှစ်မိုင်ခန့်အကွာနေရာမှ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၃၁၀ တန်၊ ခင်ဦးမြို့နယ် အင်းပတ်ကျေးရွာအနီးမှ တရားမဝင်သစ် ၃ ဒသမ ၄၇၀၂ တန်၊ ကျွန်းလှမြို့နယ် နောင်ကောက်ကျေးရွာ၏ အနောက်မြောက်ဘက်မှ တရားမဝင် ကျွန်း/ ပျဉ်းကတိုး/ သစ်ရာခွဲသား ၁၀ ဒသမ ၁၆၄၀ တန်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဟုမ္မလင်းမြို့နယ် ငေါက်စားကျေးရွာအနီး စက်လှေငါးစင်းပေါ်မှ တရားမဝင် ကျွန်းခွဲသား ၁၆ ဒသမ ၉၈၁၆ တန် နှင့်အတူ ပြစ်မှုကျူးလွန်သူ (စက်လှေပိုင်ရှင်) လေးဦး၊ လှည်းကူးမြို့နယ် သစ်တောထွက်ပစ္စည်းများ သယ်ယူခြင်း၊ စုပုံခြင်းများမရှိရေး နယ်မြေအတွင်း လှည့်လည်စစ်ဆေးခြင်းဆောင်ရွက်ရာ စံပြကျေးရွာနှင့် ဥတိုကျေးရွာ(၄)နေရာတို့မှ တရားမဝင် ကျွန်း/ ပျဉ်းကတိုး / ထောက်ကြံ့/တောင်သဘော်ခွဲသား ၆ ဒသမ ၀၈၇၆ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ နေပြည်တော်– တောင်တွင်းကြီး ကားလမ်း(၂၈/၀)မိုင်အနီး မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားမဝင် ဇောင်းပလွေ/ သက်ရင်းကြီး/ ဒီးဒူး/ ချဉ်ယုတ်/ ငွေးထင်း ၆ ဒသမ ၃၇၅၆ တန်၊ ပြစ်မှုကျူးလွန်သူ သုံးဦး၊ လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်းအကွက် အမှတ်(၁၀၂)အတွင်း ယာဉ်ပေါ်မှ တရားမဝင် ကျွန်း/ ပျဉ်းကတိုးခွဲသား ၅ ဒသမ ၆၀၇၆ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ မဘိမ်းမြို့နယ် ခေါတောကျေးရွာအနီး ယာဉ်နှစ်စီးပေါ်မှ ကျွန်းခွဲသား ၇ ဒသမ ၆၉၆ တန်ကို ပြစ်မှုကျူးလွန်သူ သုံးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာရဲစခန်းတွင် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**

## ငါးလုဖမ်းရာမှ အငြင်းပွားပြီး ဓားဖြင့်ခုတ်၍ လူနှစ်ဦးသေဆုံး

**ကျိုက်ထို မေ ၂၄**

ကျိုက်ထိုမြို့နယ် ဝါးဘိုးချောင်းကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာ၌ မေ ၂၂ ရက် ညနေပိုင်းက ငါးလုဖမ်းရာမှ အငြင်းပွားပြီး ဓားခုတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်ဖျာကျေးရွာ ကျောက်ဆင်ဘုန်းတော်ကြီးကျောင်းအနောက်ဘက်ရှိ ချောင်းအတွင်း၌ စောအယ်ထူး၏ဇနီးဖြစ်သူ မစောမြ (၂၆ နှစ်) မှာ သားဖြစ်သူ ပိုင်ဇင်ထွန်း(၃ နှစ်)နှင့်အတူ ငါးရှာနေစဉ် တစ်ရွာတည်းနေ ကျော်ကျော်ဌေး (၁၇ နှစ်) ရောက်ရှိလာပြီး ငါးလုဖမ်းရာမှ အငြင်းပွားကာ ကျော်ကျော်ဌေးက မစောမြနှင့် သားဖြစ်သူ ပိုင်ဇင်ထွန်းကို ဓားဖြင့်ခုတ်၍ ထွက်ပြေးသွားကြောင်း သိရပြီး ပိုင်ဇင်ထွန်းတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကာ မစောမြတွင် ဒဏ်ရာများရရှိခဲ့၍ ကျိုက်ထိုပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့်ပြီး ကျော်ကျော်ဌေးကို ဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

# နာဂါဆာကီရှိ ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော အီတလီအပျော်စီးဇိမ်ခံသင်္ဘောပေါ်တွင် နောက်ထပ် ကိုဗစ်-၁၉ အတည်ပြုလူနာ ၄၃ ဦး ထပ်မံတွေ့ရှိ

တိုကျို မေ ၂၄

ဂျပန်နိုင်ငံအနောက်ပိုင်း နာဂါဆာကီဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် အီတလီမှတ်ပုံတင် ကော်စတာ အတ္တလန်တီကာသင်္ဘောပေါ်တွင် လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ တွေ့ရှိသူ ၄၃ ဦးနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ တွေ့ရှိသူ ၉၁ ဦးအထိ မြင့်တက်လာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၄ ရက်က ဖော်ပြသည်။

ကိုဗစ်-၁၉ ရှိ မရှိ စမ်းသပ်စစ်ဆေးမှုများကို သင်္ဘောပေါ်ရှိ သင်္ဘောအမှုထမ်းပေါင်း ၆၂၃ ဦးအထိ စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါသင်္ဘောကို ပြင်ဆင်မှုများပြုလုပ်ရန် မစ်ဆူဘီရှိ အကြီးစားစက်မှုလက်မှ ဆိပ်ကမ်းသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ ဗိုင်းရပ်စ် ရှိ မရှိ စစ်ဆေးမှုများကိုလွန်ခဲ့သော ၂၄ နာရီက သင်္ဘောအမှုထမ်း ၁၂၇ ဦးကို ထပ်မံပြုလုပ်ခဲ့ရာ ၎င်းတို့ထဲတွင် ၄၈ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ တွေ့ရှိသူများအနက် နာဂါဆာကီမြို့တော်ရှိ ဆေးရုံတစ်ရုံတွင် ကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးမှာ အလွန်ဆိုးရွားပြင်းထန်လျက်ရှိကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

စီရင်စုအာဏာပိုင်များသည် ကျန်ရှိနေသော သင်္ဘောအမှုထမ်း ၂၉၀ ၏ နမူနာများကို စနေနေ့မတိုင်မီ ရယူနိုင်ရန် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ



အီတလီမှတ်ပုံတင်ထားသော အပျော်စီးဇိမ်ခံသင်္ဘောကြီးကို တွေ့ရစဉ်။

# တောင်အာဖရိကနိုင်ငံတွင် ကန့်သတ်မှုများကို ဖြေလျှော့ပေး

ဂျိုဟန်နစ္စဘတ် မေ ၂၄

တောင်အာဖရိကနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အလုံပိတ်ကန့်သတ်မှုကို လျှော့ချလိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၄ ရက်က ဖော်ပြလိုက်သည်။

တောင်အာဖရိကသမ္မတ ဆိုင်ရယ်ရာမာဖိုဆာက နိုင်ငံ့မိန့်ခွန်းတွင် အစိုးရအနေဖြင့် မေ ၁ ရက်တွင် စီးပွားရေးများကို တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရာမာဖိုဆာက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အလုံပိတ်ကန့်သတ်မှုပြုလုပ်ခြင်းသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်သည့် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ကြောင်း ပြောသည်။

သို့သော်လည်း အမြဲတမ်း သတ်မှတ်ပြဋ္ဌာန်းထားမည် မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပြည်သူလူထု၏ စားဝတ်နေရေးကြောင့်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါ အသွားအလာကန့်သတ်ပိတ်ဆို့မှုကို မတ် ၂၇ ရက်က အကောင်အထည်ဖော် ကျင့်သုံးခဲ့သည်။ အသွားအလာကန့်သတ်ပိတ်ဆို့မှုကြောင့် လူပေါင်းများစွာ ဝင်ငွေမရှိ၊ အစားအစာလုံလောက်မှု မရှိမှုများ ဖြစ်ပေါ်ခဲ့သည်။ ရံဖန်ရံခါတွင် လုယက်မှု၊ ဆူပူမှုများ ဖြစ်ပွားခဲ့သည်။



ဂျိုဟန်နစ္စဘတ်တွင် ပိတ်ထားသော ဆိုင်တစ်ဆိုင်ရှေ့ လမ်းပေါ်မှ လမ်းသွားလမ်းလာ အချို့ကို တွေ့ရစဉ်။

အစိုးရသည် နိုင်ငံခြားဝင်ငွေရရှိပြီး အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရာတွင် သတ္တုတွင်းလုပ်ငန်းများ၊ စက်မှုထုတ်ကုန်လုပ်ငန်းများ စသည့် လုပ်ငန်းများကို တစ်စိတ်တစ်ပိုင်းပြန်ဖွင့်ပေးရန် ခွင့်ပြုလျက်ရှိသည်။

တောင်အာဖရိကနိုင်ငံသားများ အနေဖြင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေသည့်အလေ့အထများနှင့် နှာခေါင်းစည်းတပ်ဆင်သည့် အလေ့အထများကို ဆက်လက်လိုက်နာလုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀ ရာခိုင်နှုန်းနီးပါးသည် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်နွှယ်လျက်ရှိ

တိုကျို မေ ၂၄

အင်န်အိတ်ချ်ကေ စစ်တမ်းအရ ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀ ရာခိုင်နှုန်းနီးပါးသည် ဆေးရုံများနှင့် အခြားဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများအတွင်းရှိ ရောဂါဖြစ်ပွားစေသော အရာများမှတစ်ဆင့် ရောဂါကူးစက်ခံရခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

**ကျန်းမာရေးဝန်ထမ်းများ ကူးစက်ခံရ**

အင်္ဂါနေ့အထိ နိုင်ငံတစ်ဝန်း ဆေးရုံများအပါအဝင် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းပေါင်း ၆၀ မှ ရောဂါကူးစက်မှုဖြစ်စဉ်ပေါင်းသည် ၁၀၈၆ ခုအထိရှိကြောင်း သိရသည်။

ရောဂါတွေ့ရှိမှုဖြစ်စဉ် ၅၁၃ ခုတွင် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများ ကူးစက်ခံရကြောင်း သိရသည်။

**ကျန်းမာရေးစနစ်ထိခိုက်လာနိုင်**

တိုကျိုသည် ဆေးရုံများမှ ကူးစက်မှုဖြစ်စဉ်ပေါင်း ၄၅၄ ခုဖြင့် အများဆုံး စံချိန်တင်လျက်ရှိပြီး အိုဆာကာတွင် ကူးစက်မှု ၁၅၅ ခုဖြင့် ဒုတိယ၊ ထို့နောက်တွင်တော့ ဟော့ကိုင်းဒိုး၊ ဖူကူအိုကာ၊ ဟူဂို၊ ဆိုင်တာမာတို့ အစဉ်လိုက်ဖြစ်ကြောင်း သိရသည်။

နောက်ထပ်ထပ်မံတိုးမြင့်လာပါက ဂျပန်နိုင်ငံ၏ ကျန်းမာရေးစနစ်များကို ထိခိုက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

အင်န်အိတ်ချ်ကေ

# တိုယိုတာကားကုမ္ပဏီက မြောက်အမေရိကရှိ စက်ရုံများကို ပြန်လည် လည်ပတ်တော့မည်

တိုကျို မေ ၂၄

တိုယိုတာကားကုမ္ပဏီက ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် မတ်လကတည်းက ရပ်နားထားသော မြောက်အမေရိက စက်ရုံများ၏ လုပ်ငန်းများကို လာမည့်လမှစပြီး ပြန်လည်လည်ပတ်သွားမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။



တိုယိုတာကားစက်ရုံတစ်ရုံတွင် ကားတစ်စီး တပ်ဆင်နေသည်ကို တွေ့ရစဉ်။

တိုယိုတာကုမ္ပဏီက အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ မက္ကဆီကိုရှိ ကားထုတ်လုပ်ရေး စက်ရုံများကို မေလ ၄ ရက်မှစပြီး တဖြည်းဖြည်း ပြန်လည် လည်ပတ်သွားရန် စီစဉ်ထားကြောင်း ပြောကြားလိုက်သည်။

ဂျပန်ကားထုတ်လုပ်သူများသည် အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းဝေးရေးအတွက် ဒေသတွင်းကားထုတ်လုပ်မှုများကို မတ် ၂၃ ရက်မှစပြီးရပ်နားခဲ့သည်။

တိုယိုတာကားကုမ္ပဏီက ခွင့်ယူထားသော အလုပ်သမား ၅၀၀၀ ခန့်သည်လည်း တဖြည်းဖြည်းလုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဟွန်ဒါကားကုမ္ပဏီက မေ ၁၁ ရက်မှစပြီး အမေရိကန်ရှိ ကားထုတ်လုပ်ရေးစက်ရုံများကို ပြန်လည်လည်ပတ်သွားရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုတွင် နှစ်စဉ် မော်တော်ကားအစီးရေ ၁၇ သန်းခန့် ပုံမှန်ရောင်းချနေရကြောင်း သိရသည်။ သို့သော်လည်း ကိုဗစ်-၁၉ ပျံ့နှံ့ဖြစ်ပွားမှုကြောင့် လွန်ခဲ့သည့်လမှစပြီး မော်တော်ကားရောင်းချသည့်ဈေးကွက်ကို ရုတ်တရက်ထိုးကျစေခဲ့သည်။

ကားထုတ်လုပ်သူများသည် ကားထုတ်လုပ်ရေးစက်ရုံများ ပြန်လည်စတင်ပြီးနောက် စီးပွားရေး စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# မြောက်ကိုရီးယားခေါင်းဆောင် နေမကောင်းဆိုသည့် သတင်းသည် သတင်းမှန်မဟုတ်ကြောင်း ထရမ့်ပြော

ဝါရှင်တန် မေ ၂၄

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း နေမကောင်းဖြစ်နေသည်ဆိုသည့် သတင်းဖော်ပြမှုသည် မှန်ကန်သည်ဟု မထင်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၄ ရက်က ပြောသည်။

**ကောင်းမွန်သည့်ဆက်ဆံရေးရှိ**

သမ္မတဒေါ်နယ်ထရမ့်က ယမန်နေ့က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် သူ့အနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ကောင်းမွန်သည့်ဆက်ဆံရေးရှိကြောင်းနှင့် ကင်ဂျုံအန်းအနေဖြင့် အဆင်ပြေမည်ဟု မျှော်လင့်ကြောင်း ပြောကြားလိုက်သည်။

**အနီးကပ်စောင့်ကြည့်**

စီအင်န်အင်န်သတင်းဌာနသည် အစောပိုင်းက အမေရိကန်သတင်းရင်းမြစ်များကို ကိုးကားပြီး မြောက်ကိုရီးယားခေါင်းဆောင် ခွဲစိတ်ကုသမှုပြုလုပ်ပြီးနောက် အန္တရာယ်ရှိသည့်အခြေအနေဖြင့် ရင်ဆိုင်နေရသည်ဟု သတင်းဖော်ပြခဲ့သည်။ အမေရိကန်က အဆိုပါအခြေအနေကို အနီးကပ်စောင့်ကြည့်ခဲ့သည်။

**သတင်းမှားသာဖြစ်**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အဆိုပါ သတင်းဖော်ပြမှုသည် ယခင်က အချက်အလက်အဟောင်းကို အခြေခံပြီး ဖော်ပြခြင်းသာဖြစ်ကြောင်းနှင့် ယင်းသတင်းသည် သတင်းမှားတစ်ခုသာဖြစ်ကြောင်း ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ

## ဂျာမနီနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူအရေအတွက် တစ်သိန်းခွဲကျော်လွန်

ဘာလင် ဧပြီ ၂၄

ဂျာမနီနိုင်ငံတွင်ပြီးခဲ့သည့် ၂၄နာရီအတွင်း ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၃၃၇ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၁၅၀၃၈၃ ဦးအထိရှိလာပြီဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးအေဂျင်စီ ရောဘတ်ကို့ခ်ျ အင်စတီကျူ၏ဖေဖော်ဝါရီ ၂၄ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

သေဆုံးသူစုစုပေါင်းအရေအတွက်မှာ ၅၃၂၁ ဦးရှိပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်း ၂၂၇ ဦးသေဆုံးခဲ့ရသည်။ ပြန်လည်သက်သာလာသူအရေအတွက်မှာ ၁၀၆၈၀၀ ရှိသည်ဟု စာရင်းဇယားများအရ သိရသည်။

ဧပြီ ၂၃ ရက်က အောက်လွှတ်တော်တွင် ဂျာမနီဝန်ကြီးချုပ်အင်ဂျလာမာကယ် မိန့်ခွန်းပြောကြားခဲ့ပြီး လက်ရှိ အချက်အလက်များအရ မျှော်လင့်ချက်ရောင်ခြည်သန်းလာပြီဖြစ်ကြောင်း၊ သို့သော် ကြားဖြတ်ရလဒ်များမှာ ထိရှလွယ်နေသေးကြောင်း ပြောကြားခဲ့သည်။

သွားလာလှုပ်ရှားမှုများအလျင်စလို ပြန်လည်လုပ်ဆောင်နေသည့် ဒေသများကို အပြစ်တင်ခဲ့ပြီး အမြော်အမြင်ရှိရှိ သတိရှိရမည်ဖြစ်ကြောင်း၊ အောင်မြင်မှုများကို ဖျက်ဆီးပစ်လျှင် ဆိုးရွားသည့်အခြေအနေများ ပြန်လည်ရောက်ရှိလာမည်ဟု မာကယ်က သတိပေးပြောကြားခဲ့သည်။

ဧပြီ ၂၀ ရက်မှစတင်ကာ အချို့သောစီးပွားရေးလုပ်ငန်းများနှင့် အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းသို့ပြန်ဖွင့်ပေးခဲ့သော်လည်း အများပြည်သူများ၏ သွားလာလှုပ်ရှားမှုများကို မေ ၃ ရက်မတိုင်မီအထိ ကန့်သတ်သွားဦးမည်ဖြစ်သည်။

တစ်နိုင်ငံလုံးအနှံ့ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းနေသော်လည်း တိုင်းပြည်အတွင်းပြည်နယ် ၁၆ ခုတွင် ပိတ်ဆို့ကန့်သတ်မှုများကို ဆက်လက်ထားရှိရေးနှင့် ဖြေလျှော့ပေးရေးတို့ကြား သဘောထားကွဲလွဲမှုများရှိနေသည်။

အချို့ပြည်နယ်များတွင်လည်း ကန့်သတ်မှုများဆက်လက်ထားရှိရေးနှင့်ပတ်သက်ပြီး အငြင်းပွားလျက်ရှိကြသည်။

ဆင်ဟွာ



ကိုဗစ်-၁၉ စစ်ဆေးမှုကို လက်တွေ့သရုပ်ပြနေသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

## ဂျပန်၌ ယခုနှစ်ရာသီ ဘေ့စ်ဘောအားကစားပြိုင်ပွဲကို ပရိသတ်မပါဘဲပြုလုပ်သွားမည်

တိုကျို ဧပြီ ၂၄

ဂျပန်နိုင်ငံမှ ဘေ့စ်ဘောအားကစားအသင်းများသည် ယခုနှစ်ရာသီအတွင်း ကစားပွဲများကို ကြည့်ရှုသူပရိသတ်မပါဘဲ ကျင်းပသွားရန်သဘောတူထားကြောင်း သိရသည်။ ဂျပန်နိုင်ငံအတွင်း ကိုဗစ် -၁၉ ကူးစက်ခံရမှုများကြောင့် ယခုလိုပြုလုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဧပြီ ၂၃ ရက်တွင် ကလပ်အသင်း ၁၂ သင်းမှ ကိုယ်စားလှယ်များနှင့်အွန်လိုင်းမှ ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီးနောက် ပရိသတ်မပါဘဲ ကျင်းပရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ကူးစက်ရောဂါကျွမ်းကျင်သူများထံမှ ထောက်ခံချက်များဖြင့်ဆွေးနွေးခဲ့ကြပြီး ပွဲကြည့်ပရိသတ်မပါဘဲ ပွဲကျင်းပသွားရန် ဆွေးနွေးခဲ့ကြသည်။ ဂျပန်ဘေ့စ်ဘောအားကစားပြိုင်ပွဲတွင် ယခုတစ်ကြိမ်သည် နှစ်ပေါင်း ၈၀ အတွင်းပထမဆုံးအကြိမ်အဖြစ် ပရိသတ်မပါဘဲ ကျင်းပရခြင်းလည်းဖြစ်သည်။

မေ ၁၁ ရက်တွင် ဘေ့စ်ဘောအားကစားပြိုင်ပွဲကို ဖွင့်လှစ်သွားရန် ဆုံးဖြတ်ထားကြောင်း နီပွန်ဘေ့စ်ဘောကော်မရှင်နာ ဆိုင်တိုအာဆူရှီက ပြောသည်။ တိုင်းပြည်အတွင်း ကိုဗစ် -၁၉ ကူးစက်ခံရမှု ပိုမိုပျံ့နှံ့လာပြီး အရေးပေါ်အခြေအနေကြေညာရမှုများ ရှိလာပါက ပြိုင်ပွဲပြုလုပ်ရန်ဆုံးဖြတ်ချက်ကို ပြင်ဆင်သွားမည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

J-League ကလပ်အသင်းကလည်း ဧပြီ ၂၃ ရက်က ပြုလုပ်သည့်အစည်းအဝေးကို သဘောတူခဲ့ပြီး ပွဲကြည့်ပရိသတ်မရှိဘဲ အားကစားရာသီပြန်စရန် ပြင်ဆင်နေပြီဖြစ်သည်။

အစောဆုံးအနေဖြင့် ဇွန်လတွင် ပြိုင်ပွဲများ ပြန်စနိုင်ရန် စီစဉ်ထားပြီး တိုင်းပြည်၏အရေးပေါ်အခြေအနေအရ ဇူလိုင်လသို့ ရက်ရွှေ့ကောင်းရွှေ့နိုင်သည်ဟုလည်း ကလပ်အသင်းများက ပြောသည်။

အင်န်အိတ်ချ်ကေ



ဆူလာဝေဆီတောင်ပိုင်းတွင် လမ်းသွားလမ်းလာများကို အပူချိန်တိုင်းတာမှုများ လုပ်ဆောင်နေစဉ်။

## အင်ဒိုနီးရှားတွင် လေကြောင်း၊ ရေကြောင်းခရီးသွားလာခြင်းများကို ဇွန်လမတိုင်မီအထိ တားမြစ်သွားမည်

ဂျကာတာ ဧပြီ ၂၄

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် -၁၉ ပျံ့နှံ့မှုကို တားဆီးနိုင်ရေးအတွက် ယခုနှစ်ဇွန်လမတိုင်မီအထိ ပင်လယ်ရေကြောင်းနှင့် လေကြောင်းခရီးသွားလာမှုများကို တားမြစ်သွားမည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီးက ဧပြီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

လေကြောင်းခရီး သွားလာမှုတားမြစ်ခြင်းသည် ဇွန် ၁ ရက်မတိုင်မီအထိ သက်ရောက်မည်ဖြစ်သည်။

ပင်လယ်ရေကြောင်း သွားလာမှုကိုမူ ဇွန် ၈ ရက်မတိုင်မီအထိ တားမြစ်သွားမည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဒီတာအီရာဝတ်တီက ပြောသည်။

နိုင်ငံ၏အကြီးအကဲပုဂ္ဂိုလ်များ၊ နိုင်ငံတော်ဧည့်သည်များ၊ နိုင်ငံခြားတိုင်းပြည်များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားရောက်ရှိနေသည့် အင်ဒိုနီးရှားနိုင်ငံသားများပြန်ခေါ်ရာတွင် လည်းကောင်း ယခုတားမြစ်ချက်တွင်မပါဝင်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် မြို့တော်ဂျကာတာအပါအဝင် အခြားသောမြို့ကြီးများတွင် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ တစ်စိတ်တစ်ပိုင်းပြုလုပ်ခြင်းဖြင့် ကိုဗစ် -၁၉ ကူးစက်ခံရမှုကို ဖြတ်တောက်နိုင်ရေး ကြိုးပမ်းနေသည်။

သို့သော် အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ပျံ့နှံ့မှုမှာ ဆက်လက်မြင့်တက်ဆဲဖြစ်ပြီး သေဆုံးသူအရေအတွက်မှာ ဧပြီ ၂၃ ရက်တွင် ၆၄၇ ဦးသေဆုံးခဲ့ပြီးဖြစ်သည်။

ကူးစက်ခံရသူ အရေအတွက်မှာ ဧပြီ ၂၃ ရက်အထိ ၇၇၇၅ ဦးအထိရှိလာပြီဟု ကိုဗစ် -၁၉ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အာမက်ယူရီအန်တိုက ကြေညာခဲ့သည်။

ဆင်ဟွာ



ဘေ့စ်ဘောအားကစားပြိုင်ပွဲ ပွဲစဉ်တစ်ခု ယှဉ်ပြိုင်မှု။

## ဂျပန်တွင် ဖြန့်ဝေပြီးသား နှာခေါင်းစည်းများအရည်အသွေး မပြည့်မီသည့်အတွက် ပြန်လည်သိမ်းယူ

တိုကျို ဧပြီ ၂၄

ဂျပန်နိုင်ငံတွင် အဝတ်နှာခေါင်းစည်းဖြန့်ဝေသည့် ကုမ္ပဏီနှစ်ခုသည် ၎င်းတို့ဖြန့်ဝေထားသည့်ပစ္စည်းများကို ပြန်လည်သိမ်းယူမည်ဟု ကြေညာခဲ့သည်။ ဆေးဝါးကုမ္ပဏီဖြစ်သည့် ကိုဝါနှင့် ကုန်သွယ်ရေးကုမ္ပဏီဖြစ်သည့် အီတိုချူတို့သည် ၎င်းတို့ပေးပို့သည့် အဝတ်နှာခေါင်းစည်းများနှင့်ပတ်သက်ပြီး တိုင်တန်းမှုများ ထွက်ပေါ်လာပြီးနောက် ယခုလိုပြန်လည်သိမ်းယူရန် ကြေညာခဲ့ခြင်းဖြစ်သည်။

အဝတ်နှာခေါင်းစည်း လက်ခံရရှိသူများက အဆိုပါနှာခေါင်းစည်းများတွင် ပေကျံနေပြီး ဖုန်များ၊ ဆံပင်မွေးများ ကပ်ငြိနေသည်ဟု တိုင်တန်းခဲ့ကြသည်။ အစိုးရက ယင်းကုမ္ပဏီနှစ်ခုကိုစစ်ဆေးခဲ့ပြီး နှာခေါင်းစည်းထောက်ပံ့ရေးအစီအစဉ်အပြင် အိမ်တိုင်းအိမ်တိုင်းကို နှာခေါင်းစည်းနှစ်ခုစီပေးရန် အစိုးရက သတ်မှတ်ခဲ့သည်။

ကိုဝါနှင့် အီတိုချူကုမ္ပဏီတို့က ပေးသော နှာခေါင်းစည်းများမှာ ပြည်ပမှတင်သွင်းသည့်နှာခေါင်းစည်းများဖြစ်ကြသည်။ ပြည်ပမှတင်သွင်းသည့် နှာခေါင်းစည်းများကို အရည်အသွေးစစ်ဆေးမှု တိုးမြှင့်လုပ်ဆောင်သွားမည်ဟုလည်း အဆိုပါကုမ္ပဏီနှစ်ခုက ပြောကြားခဲ့သည်။

ကိုဝါကုမ္ပဏီကလည်း စုံစမ်းစစ်ဆေးရေးလုပ်ငန်းအတွက် ဝေပြီးသားနှာခေါင်းစည်းများကို ပြန်လည်သိမ်းယူသွားမည်ဟု ကြေညာခဲ့ပြီး အီတိုချူကုမ္ပဏီကလည်း ကိုဗစ် - ၁၉ တိုက်ဖျက်ရေးတွင် အပြည့်အဝပူးပေါင်းပါဝင်သွားမည်ဟု ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၀၃ ဦးရှိပြီး နေ့စဉ်ကူးစက်ခံရမှု စံချိန်တင်မြင့်တက်

ဒါကာ ဧပြီ ၂၄

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ် - ၁၉ နောက်ထပ် ကူးစက်ခံရသူ ၅၀၃ ဦးရှိခဲ့သည်ဟု ဧပြီ ၂၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးအာဏာပိုင်များက အတည်ပြုနိုင်ခဲ့သည်။

တိုင်းပြည်အတွင်း ပထမဆုံး ကိုဗစ် -၁၉ တွေ့ရှိခဲ့သည့်မတ် ၈ ရက်မှစတင်ပြီး ယခုအချိန်သည် ပထမဆုံးအကြိမ်အဖြစ် ကူးစက်ခံရသူအရေအတွက် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဝန်ဆောင်မှုညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ နီဆီမာဆူတန်နာက ယခုလက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကူးစက်ခံရသူအရေအတွက်မှာ စုစုပေါင်း ၄၆၈၉ ဦးအထိ ရှိသွားပြီဟု အွန်လိုင်းမှပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ဧပြီ ၂၀ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၄၉၂ ဦးအသစ်ထပ်မံတွေ့ရှိခဲ့သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း လူလေးဦးထပ်မံသေဆုံးသွားခဲ့သည့်အတွက် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ အရေအတွက်မှာ ၁၃၁ ဦးအထိရှိခဲ့သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် -၁၉ လူနာ လေးဦးပြန်လည်ကျန်းမာလာသည့်အတွက် ပြန်လည်သက်သာလာသည့်အရေအတွက်မှာ ၁၁၃ ဦးအထိရှိလာပြီဟု သိရသည်။

ဆင်ဟွာ

# အချိန်ကြာကြာရှိနေဦးမယ်ဆိုတဲ့ ကိုဗစ် -၁၉ ကြောင့် စီးပွားရေးနာလန်ထူဖို့ လွယ်ပါ့မလား

## ခြူးစန္ဒီနွေး

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ ကိုဗစ် -၁၉ ကပ်ရောဂါဆိုးကြီးဟာ အချိန်ကာလကြာမြင့်ဦးမယ်လို့ သတိပေးခဲ့ပါတယ်။ ကိုဗစ် -၁၉ ကပ်ရောဂါကယ်ဆယ်ရေး အစီအစဉ်နဲ့ပတ်သက်ပြီး ဘယ်လိုမျိုးအဆင်ပြေအောင် ပြုလုပ်ရမလဲဆိုတာနဲ့ပတ်သက်ပြီး ဥရောပခေါင်းဆောင်တွေကြားမှာ သဘောထားအမြင်တွေ ကွဲလွဲလျက်ရှိပါတယ်။**

**ကန့်သတ်မှုများဖြေလျှော့**

ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက် တဖြည်းဖြည်း လျော့ကျလာတာကိုတွေ့မြင်ရပြီး တချို့နိုင်ငံတွေမှာဆိုရင် သန်းနဲ့ချီတဲ့ပြည်သူတွေကို ကန့်သတ်မှုတွေ ဖြေလျှော့ပေးတာတွေ စတင်နေပါပြီ။ အဲဒီနောက် ကမ္ဘာကြီးမှာ စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုပြန်လည်ပြင်ဆင်ရမလဲဆိုတာ အကြောင်းအရာတွေနဲ့ လုံးချာလည်လိုက်နေပါတယ်။ အချို့သောနိုင်ငံတွေကျပြန်တော့လည်း အခုမှကပ်ရောဂါကို စတင်တိုက်ဖျက်တဲ့ ကာလ ဖြစ်နေပါတယ်။ ကိုဗစ် -၁၉ ကပ်ရောဂါက လူပေါင်း ၁၈၀၀၀၀ ကို သေစေခဲ့ပြီး လူပေါင်း ၂ ဒသမ ၆ သန်း ရောဂါကူးစက်ခံထားရပါတယ်။ အဆိုးဆုံးနေရာတွေကတော့ ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုပါပဲ။

**ဒုတိယလှိုင်းကိုကြောက်ရွံ့**

မေ ၂၃ ရက်မှာတော့ စတော့ရှယ်ယာဈေးနဲ့ ရေနံဈေးနှုန်းတွေ ပြန်လည်တက်လာခဲ့ပေမယ့် မသေချာမရေရာမှုတွေကတော့ ရှိနေဆဲပါပဲ။ နိုင်ငံအလိုက် ပိတ်ဆို့ကန့်သတ်မှုတွေကို လျှင်လျှင်မြန်မြန်ကြီး ဖြေလျှော့ပေးလိုက်ရင် ဒုတိယလှိုင်းလုံးအနေနဲ့ ကိုဗစ် -၁၉ ပြန်လည်ဖြစ်ပွားလာမှာကို အစိုးရတိုင်းက ကြောက်ရွံ့နေကြပါတယ်။ ကမ္ဘာပေါ်မှာ ကိုဗစ် -၁၉ ကြောင့် ထိခိုက်မှုအများဆုံးဖြစ်တဲ့ ဥရောပမှာတော့ လူပေါင်း ၁၁၀၀၀၀ သေဆုံးခဲ့ရပါတယ်။ ဥရောပခေါင်းဆောင်တွေဟာ အွန်လိုင်းကနေတစ်ဆင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ကြပြီး စီးပွားရေးပြန်လည်နာလန်ထူနိုင်ဖို့ အစီအစဉ်တွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း တိုးတက်မှုတွေ မရမှာလည်း ကြောက်ရွံ့နေရပါတယ်။ အဲဒီအတွက် သဘောထားကွဲလွဲမှုတွေလည်း ရှိခဲ့ပါတယ်။

**အကူအညီတောင်းခံ**

တောင်ပိုင်းနိုင်ငံတွေဖြစ်တဲ့ စပိန်နဲ့အီတလီတို့ဟာ ၂၀၀၉ ခုနှစ် စီးပွားပျက်ကပ်တုန်းကလည်း အကြွေးတွေ



ဂွါတီမာလာတွင် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်ရသည့် ပြည်သူများထံ အစားအသောက်ပို့ဆောင်ပေးနိုင်ရေး စောင့်ဆိုင်းနေကြသည့် စေတနာ့ဝန်ထမ်းများကို တွေ့ရစဉ်။

ဝိုင်းခဲ့ရပြီး အခု ကိုဗစ် - ၁၉ ကပ်ရောဂါမှာလည်း ဆိုးဆိုးရွားရွားထိခိုက်ရတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ ဒါကြောင့် စပိန်နဲ့အီတလီတို့ဟာ စီးပွားရေးပြန်လည်နာလန်ထူနိုင်ရေးအတွက် အကူအညီပေးဖို့ တောင်းခံခဲ့ပါတယ်။ အသက် ၅၃ နှစ်အရွယ် ပိုက်ပြင်သမားတစ်ယောက်ဖြစ်တဲ့ ပီထရိုအိုရန်ကတော့ ဒီလိုကပ်ရောဂါ ဆိုက်ကပ်နေတဲ့ကာလမှာ သူ့ကို ဘယ်သူမှ အလုပ်မအပ်ကြဘူးလို့ ပြောပါတယ်။ ချမ်းသာတဲ့ နိုင်ငံတွေဖြစ်ကြတဲ့ ဂျာမနီနဲ့နယ်သာလန်နိုင်ငံတို့ကတော့ သူတို့ဟာ ကူညီဖို့အဆင်သင့်ပဲလို့ ပြောကြပါတယ်။ ဒါပေမယ့် ကာလရှည်ကြာကြီးအထိတော့ ဒီအကြွေးတွေကို ပေးထားနိုင်မှာမဟုတ်ဘူး။ မြေထဲပင်လယ်တစ်ဝိုက်က အစိုးရတွေဟာ အသုံးအဖြုန်းကြီးလွန်းတယ်လို့ စွပ်စွဲပြောဆိုခဲ့ပါတယ်။

> **“စီးပွားရေးအကျပ်အတည်းအပေါ် ဖြေလျှော့ပေးဖို့ကလည်း အစိုးရတိုင်း ဖိအားပေးခံနေရတဲ့ကိစ္စပါပဲ။ ကပ်ရောဂါဆိုးရဲ့ရိုက်ခတ်မှုကြောင့် တချို့သောနိုင်ငံတွေဟာ ငတ်မွတ် ခေါင်းပါးမယ့် ဘေးနဲ့ကြုံတွေ့ရဖွယ်ရှိကာ လူဦးရေသန်းနဲ့ချီပြီး အလုပ်လက်မဲ့တွေ ဖြစ်လာပါတယ်။ တချို့သော ဥရောပနိုင်ငံတွေမှာတော့ ပိတ်ဆို့ကန့်သတ်ထားမှုတွေကို အနည်းငယ်ဖြေလျှော့ပေးခဲ့ပြီး လူစုလူဝေးပြုလုပ်ခြင်းကိုတော့ ဆက်လက်ကန့်သတ်ထားတုန်းပါပဲ”**

**ပူးတွဲကြေညာချက်ထုတ်ပြန်နိုင်ခြင်း မရှိ**

ညီညီညွတ်ညွတ်ရှိတယ်ဆိုတဲ့ စိတ်ဓာတ်ကို ပြသတဲ့အနေနဲ့ ဥရောပဘတ်ဂျက်ကို ပိုမိုထည့်ဝင်ဖို့ ပြင်ဆင်သွားမှာဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က ဘာလင်မြို့က လွှတ်တော်အမတ်တွေကို ပြောခဲ့ပါတယ်။ အခုဆိုရင် အဖွဲ့ကြီးအတွင်းက အဖွဲ့ဝင်နိုင်ငံပေါင်း ၂၇ နိုင်ငံကြား သဘောထားကွဲလွဲမှုတွေ ဘယ်လိုဖြစ်ပေါ်နေသလဲဆိုရင် အစည်းအဝေးပြီးတိုင်း ပုံမှန်ထုတ်ပြန်နေကျဖြစ်တဲ့ ပူးတွဲကြေညာချက်ကိုတောင် ထုတ်ပြန်နိုင်ခြင်း မရှိဘူးလို့ သံတမန်တစ်ဦးက အေအက်ဖ်ပီကို ပြောပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေကြား သဘောထားကွဲလွဲမှုဟာ အဆိုးဆုံးအခြေအနေထိတော့ မရောက်သေးပါဘူး။ ကပ်ရောဂါကြောင့် ဥရောပစီးပွားရေးဟာ ဧပြီလကစလို့ မကြုံစဖူး ဆိုးဆိုးရွားရွားကို ကျဆင်းနေပါတယ်လို့ စီးပွားရေးသတင်းအချက်အလက်ဆိုင်ရာ ကုမ္ပဏီဖြစ်သည့် IHM Markti က စီးပွားရေးဆိုင်ရာ စစ်တမ်းကောက်ယူမှုအရ သိရပါတယ်။

**ငတ်မွတ်မယ့်ဘေးနဲ့ ကြုံရဖွယ်ရှိ**

စီးပွားရေးအကျပ်အတည်းအပေါ် ဖြေလျှော့ပေးဖို့ကလည်း အစိုးရတိုင်း ဖိအားပေးခံနေရတဲ့ကိစ္စပါပဲ။ ကပ်ရောဂါဆိုးရဲ့ရိုက်ခတ်မှုကြောင့် တချို့သောနိုင်ငံတွေဟာ ငတ်မွတ်ခေါင်းပါးမယ့်ဘေးနဲ့ ကြုံတွေ့ရဖွယ်ရှိကာ လူဦးရေသန်းနဲ့ချီပြီး အလုပ်လက်မဲ့တွေ ဖြစ်လာပါတယ်။ တချို့သော ဥရောပနိုင်ငံတွေမှာတော့ ပိတ်ဆို့ကန့်သတ်ထားမှုတွေကို အနည်းငယ်ဖြေလျှော့ပေးခဲ့ပြီး လူစုလူဝေးပြုလုပ်ခြင်းကိုတော့ ဆက်လက်ကန့်သတ်ထားတုန်းပါပဲ။ ကမ္ဘာ့နိုင်ငံအသီးသီးက အစိုးရအသီးသီးဟာလည်း တူညီတဲ့ခြေလှမ်းတွေ လျှောက်လှမ်းနေကြပါတယ်။

**ဗီယက်နမ်နိုင်ငံ၏ အောင်မြင်မှု**

ဗီယက်နမ်နိုင်ငံမှာလည်း ကိုဗစ် -၁၉ ကူးစက်ခံရသူ နောက်ထပ်မတွေ့တော့တာကြောင့် ဗီယက်နမ် အာဏာပိုင်တွေဟာ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေခိုင်းတဲ့ ကန့်သတ်ချက်တွေကို ဖြေလျှော့ပေးခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ အောင်မြင်မှုဟာ တင်းကျပ်တဲ့ ထိန်းချုပ်မှုတွေ၊ ဗိုင်းရပ်စ်ရှိသူနဲ့ ထိတွေ့မှုရှိသူတွေကို ခြေရာခံလိုက်နိုင်တာကြောင့်ဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ပြောပါ တယ်။

**သေဆုံးသူမရှိခဲ့**

အသက် ၇၂ နှစ်အရွယ် ဟန္ဒိုင်းဒေသခံတစ်ဦးဖြစ်တဲ့ ငုယင်ထရီနမ်သန်ကတော့ သံသယလူနာတွေနောက်လိုက်တဲ့အဖွဲ့ကပါ။ သူတို့အဖွဲ့ဟာ နောက်ထပ်ကူးစက်ခံရတဲ့လူ တစ်ယောက်မှ မရှိတော့တဲ့အထိ ကြိုးပမ်းရာမှာ ပါဝင်ခဲ့ကြပါတယ်။ သူတို့အဖွဲ့ဟာ လမ်းကြိုလမ်းကြားမကျန် သံသယလူနာတွေနောက် လိုက်ခဲ့ကြတယ်လို့ သိရပါတယ်။ တရုတ်နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ အရှေ့တောင်အာရှနိုင်ငံဖြစ်တဲ့ ဗီယက်နမ်နိုင်ငံမှာ ကူးစက်ခံရသူ ၂၆၈ ဦးရှိခဲ့ပြီး သေဆုံးသူမရှိခဲ့ဘူးလို့ အာဏာပိုင်တွေရဲ့ တွက်ချက်မှုအရ သိရပါတယ်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ သတိပေးမှု**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ညွှန်ကြားရေးမှူးကတော့ ကိုဗစ် -၁၉ ဟာ ကျွန်တော်တို့နဲ့အတူ အချိန်အကြာကြီးရှိနေဦးမယ်၊ သွားရမယ့်ခရီးလမ်းဟာ ဝေးသေးတာကြောင့် အမှားမလုပ်မိဖို့ လိုတယ်လို့ ပြောခဲ့ပါတယ်။ တချို့တိုင်းပြည်တွေမှာဆိုရင် ကူးစက်မှုက အခုမှစတင်တာပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ ကျန်းမာရေးကျွမ်းကျင်သူတွေကတော့ သေချာတဲ့ ကုသမှုဆေးဝါး ဒါမှမဟုတ် ကာကွယ်ဆေးမရခင်အချိန်အထိတော့ တင်းကျပ်တဲ့ထိန်းချုပ်မှုတွေ ဆက်လက်ထားရှိနေရဦးမယ်လို့ သတိပေးခဲ့ပါတယ်။

**အမေရိကန်၏စွပ်စွဲမှု**

တရုတ်နိုင်ငံဟာလည်း ကိုဗစ် -၁၉ ကပ်ရောဂါကို တိုက်ဖျက်ဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို နောက်ထပ် အမေရိကန်ဒေါ်လာ သန်း ၃၀ လှူဒါန်းခဲ့ပါတယ်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကိုပေးမယ့် ရန်ပုံငွေ ဖြတ်တောက်မယ်လို့ ကြေညာခဲ့ပြီးတဲ့နောက် အခုလိုလှူဒါန်းမှုပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ တရုတ်ပြည်မှာကိုဗစ် -၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ် တခြားနိုင်ငံတွေကိုမကူးစက်မီ ကိုဗစ် -၁၉ ရဲ့ကြောက်မက်ဖွယ်အခြေအနေတွေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးဖို့ ပျက်ကွက်ခဲ့တယ်လို့ သမ္မတထရမ့်က စွပ်စွဲခဲ့ပါတယ်။ အမေရိကန်နိုင်ငံဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အများဆုံး အလှူရှင်နိုင်ငံလည်းဖြစ်ပါတယ်။ အမေရိကန်ဟာ ကိုဗစ် - ၁၉ ကြောင့် ထိခိုက်မှုအများဆုံးနိုင်ငံဖြစ်ပြီး တရားဝင်စာရင်းဇယားအချက်အလက်တွေအရ အမေရိကန်မှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၆၅၀၀ ရှိပြီး ၈၄၀၀၀၀ ကူးစက်ခံထားရတယ်လို့ သိရပါတယ်။

**ကိုးကား - အေအက်ဖ်ပီ**

---

**နိုင်ငံတကာသတင်းတိုထွာ**

### ဝူဟန်မြို့၌ ကိုဗစ် -၁၉ ကြောင့် အခြေအနေဆိုးရွားသည့် လူနာမရှိတော့ဟုပြော

ပေကျင်း မေ ၂၄

ဝူဟန်မြို့တွင် အခြေအနေဆိုးရွားသည့် ကိုဗစ် -၁၉ လူနာအရေအတွက် သုညအထိကျဆင်းသွားကြောင်း ကျန်းမာရေးအရာရှိတစ်ဦးက မေ ၂၄ ရက်တွင် ပြောကြားခဲ့သည်။ ဝူဟန်မြို့မှ ကျန်းမာရေးအခြေအနေဆိုးရွားနေသည့်လူနာတစ်ဦးမှာ မေ ၂၄ ရက်တွင် ကုသမှုပြီးစီးသွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဝူဟန်မြို့တွင် အခြေအနေဆိုးရွားသည့် လူနာမရှိတော့ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ မီဖန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဟူပေပြည်နယ်တွင် မေ ၂၃ ရက်အထိ နောက်ထပ်ကူးစက်ခံရသူ မတွေ့ရှိရတော့ပေ။ ထို့အပြင် သံသယလူနာလည်း မရှိတော့ပေ။ ပြည်နယ်အတွင်း သံသယလူနာနှင့် အတည်ပြုလူနာမတွေ့ရတော့သည်မှာ ရက် ၂၀ ရှိလာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

### ကူးစက်မှုနှုန်းကျဆင်းလာသော်လည်း ကန့်သတ်ပိတ်ဆို့မှုများ ထိုင်းအစိုးရဖယ်ရှားပေးဦးမည်မဟုတ်

ဗန်ကောက် မေ ၂၄

ထိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက် ကျဆင်းလာသော်လည်း မေ ၁ ရက်တွင် ပိတ်ဆို့ကန့်သတ်မှုများကို ဖယ်ရှားပေးဦးမည်မဟုတ်ဟု ကိုဗစ် -၁၉ အခြေအနေများ စီမံခန့်ခွဲရေးဆိုင်ရာ စင်တာ CCSA က မေ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

မေ ၂၄ ရက်တွင် ထိုင်းနိုင်ငံ၌ နောက်ထပ်ကူးစက်ခံရသူ ၁၅ ဦး တွေ့ရှိခဲ့ပြီး သေဆုံးသူမရှိခဲ့ပေ။ ထိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ကြောင့် သေဆုံးသူ ၅၀ ရှိပြီး လူနာ ၂၄၉၀ မှာ ပြန်လည်ကျန်းမာလာပြီဖြစ်သည်။ လူနာ ၃၁၄ ဦးမှာမူ ကုသမှုဆက်လက်ခံယူဆဲဖြစ်သည်။

နောက်ထပ်ကူးစက်ခံရမှုနှုန်း လျော့ကျလာသော်လည်း ထိုင်းနိုင်ငံသားများအားလုံး လူအချင်းချင်းခပ်ခွာခွာ ဆက်လက်နေထိုင်ကြရန် CCSA မှ ပြောရေးဆိုခွင့်ရှိသူက တိုက်တွန်းထားသည်။ ကိုဗစ် -၁၉၏ ဒုတိယမြောက်လှိုင်းနှင့်တတိယမြောက်လှိုင်းရိုက်ခတ်မှုကို ခံနိုင်ရည်ရှိမည်မဟုတ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးရှုံးမှုများ ရှိရသလို ငွေကြေးအကုန်အကျလည်းများကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက်(၉:၀၀)နာရီ

၁။ ဆေးသုတေသနဦးစီးဌာန(ရန်ကုန်) ၏ (၂၃-၄-၂၀၂၀) ရက်နေ့၊ ညတွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၆၄) ခု အနက် (၇) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ)ရပြီး ကျန် (၅၇) ဦးတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ပါ။

၂။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် (၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၉)နာရီ အချိန်အထိ COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၁၃၉) ဦး ရှိပြီဖြစ်ပါသည်။

၃။ အဆိုပါလူနာသစ်များအား သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည် ဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများ၏ သတင်းအပြည့်အစုံကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထပ်မံထုတ်ပြန် ပေးသွားမည်ဖြစ်ပါသည်။

**(မှတ်ချက် ။ ။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (၂၃-၄-၂၀၂၀) ရက်နေ့တွင် စစ်ဆေး ခဲ့သော ဓာတ်ခွဲနမူနာများတွင် လူနာသစ် (၅) ဦးတွေ့ရှိခဲ့မှုကို (၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၀၀:၃၀) နာရီတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ

၁။ ယမန်နေ့ (၂၃-၄-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) နှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) (DMR) တို့မှ ဓာတ်ခွဲနမူနာများ စစ်ဆေးခဲ့မှု၊ လူနာသစ်များ တွေ့ရှိမှုတို့နှင့် ပတ်သက်၍ သတင်းအကျယ်ကို ဖော်ပြအပ်ပါသည်။

၂။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) နှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) တို့သည် (၂၃-၄-၂၀၂၀) ရက်နေ့တွင် စုစုပေါင်း (၃၂၉) ဦးတို့၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ စုစုပေါင်း (၁၂) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၃၁၇) ဦး တွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ပါ။

၃။ သို့ဖြစ်ရာ (၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၁၃၉) ဦး တွေ့ရှိခဲ့ပြီး သေဆုံးလူနာ (၅) ဦးနှင့် ရောဂါသက်သာ၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ (၉) ဦး ရှိပါသည်။

၄။ လူနာများအား သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှုပေးလျက်ရှိပါသည်။

ဇယားများတွင် –

- ယမန်နေ့ညက အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) နှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) တို့မှ စုစုပေါင်း ဓာတ်ခွဲစစ်ဆေးခဲ့မှု၊
- ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) မှ စစ်ဆေးတွေ့ရှိခဲ့သော လူနာသစ် (၇) ဦးနှင့်
- ဓာတ်ခွဲအတည်ပြုလူနာများအား သက်ဆိုင်ရာဆေးရုံများတွင် ကုသမှုခံယူနေမှုများကို ဖော်ပြထားပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ဇယား –၁

**ဆေးသုတေသနဦးစီးဌာန၏ (၂၃-၄-၂၀၂၀ ရက်နေ့) ဓာတ်ခွဲစစ်ဆေးခဲ့မှုတွင် COVID-19 လူနာတွေ့ရှိရမှု**

**(၂၄-၄-၂၀၂၀)ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ယခု ဆေးကုသမှုခံယူလျက်ရှိသည့်/ခံယူစေမည့် ဆေးရုံ | 19-COVID ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| 133 | ၄၅ နှစ် | ကျား | ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-79) | တောင်ဥက္ကလာအထူးကုဆေးရုံ၊ ရန်ကုန်မြို့ | တွေ့ရှိ | ရန်ကုန်မြို့ရှိ ဟိုတယ်တစ်ခုတွင် အသွားအလာ ကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။ |
| 134 | ၃၅ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-79,92,93) | | တွေ့ရှိ | |
| 135 | ၃၅ နှစ် | မ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-79,93) | | တွေ့ရှိ | |
| 136 | ၂၅ နှစ် | ကျား | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-92) | | တွေ့ရှိ | |
| 137 | ၃၁ နှစ် | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-79,93) | | တွေ့ရှိ | |
| 138 | ၅၃ နှစ် | ကျား | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-93) | | တွေ့ရှိ | |
| 139 | ၂၆ နှစ် | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-79,93) | | တွေ့ရှိ | |

* ကျန် (၅၇) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး မတွေ့ရှိပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ**

| | |
|---|---|
| (၂၃-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးခဲ့မှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) (NHL + DMR နှစ်ခုပေါင်း) | (၃၂၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (NHL + DMR နှစ်ခုပေါင်း) | (၁၂) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) (NHL + DMR နှစ်ခုပေါင်း) | (၃၁၇) ဦး |

NHL = အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲမှုဌာန (ရန်ကုန်)
DMR = ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)

**COIVD-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ**

**ဓာတ်ခွဲအတည်ပြုလူနာများအား ကုသပေးနေမှု**

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြုလူနာ ဦးရေ (ဦး) |
|---|---|---|
| ၁ | အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့ | ၆၈ |
| ၂ | တောင်ဥက္ကလာအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၃၆ |
| ၃ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၆ |
| ၄ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၅ |
| ၅ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၃ |
| ၆ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | ၂ |
| ၇ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီး | ၂ |
| ၈ | ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့ | ၁ |
| ၉ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၁ |
| ၁၀ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| | ဆေးရုံတွင်ကုသမှုခံယူလျက်ရှိသောလူနာစုစုပေါင်း | ၁၂၅ |
| | ဆေးရုံဆင်းသူ | ၉ |
| | သေဆုံးလူနာ | ၅ |
| | စုစုပေါင်း | ၁၃၉ |

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၄-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ပထမအသုတ်အဖြစ် ဓာတ်ခွဲစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ(၉၁) ခုအနက် (၁) ဦး၏ ဓာတ်ခွဲနမူနာတွင် COVID–19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၉၀)ခုတွင် COVID–19 ရောဂါပိုး မတွေ့ရှိ(မတွေ့ရှိ)ရပါ။ ဆေးသုတေသနဦးစီးဌာန(ရန်ကုန်) (DMR) တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၇၆)ခုအနက် (၃)ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID–19 ရောဂါပိုး တွေ့ရှိ(တွေ့ရှိ)ရပြီး ကျန်(၇၃)ခုတွင် COVID–19 ရောဂါပိုး မတွေ့ရှိ(မတွေ့ရှိ)ရပါ။

၂။ ယနေ့ စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၁၆၇)ခုအနက် (၄)ခုတွင် COVID–19 ရောဂါပိုး တွေ့ရှိ(တွေ့ရှိ) ရပြီး ကျန် (၁၆၃)ခုတွင် COVID–19 ရောဂါပိုးမတွေ့ရှိ (မတွေ့ရှိ) ရပါ။

၃။ သို့ဖြစ်ပါ၍ (၂၄-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၃) ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ (၉)ဦးနှင့် သေဆုံးသူ (၅)ဦးရှိပြီးဖြစ်ပါသည်။ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၂၉)ဦးအား သက်ဆိုင်ရာဆေးရုံများတွင် လိုအပ်သလို ကုသမှုပေးလျက်ရှိပါသည်။ ၎င်းလူနာ(၁၂၉)ဦးအနက် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၂)ဦးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၁)ဦးရှိကာ ကျန်(၁၂၆)ဦး၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

၅။ ယနေ့ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) နှင့် ဆေးသုတေသနဦးစီးဌာန(ရန်ကုန်) (DMR) တို့၏ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးမှုတွင် တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာသစ် (၄)ဦးကို သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည်ဖြစ်ပါသည်။

၆။ (၂၃-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၄-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၀၁)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၄-၂၀၂၀) ရက်နေ့၊ ည (၁၁:၀၀) နာရီ

၁။ (၂၄-၄-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယ + တတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲအဖြေများတွင် –

- COVID–19 ရောဂါပိုးတွေ့ရှိမှု (လူနာသစ်) = (၁) ဦး ထပ်မံတွေ့ရှိခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ (၂၄-၄-၂၀၂၀) ရက်နေ့၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) နှင့် ဆေးသုတေသနဦးစီးဌာန (DMR) တို့မှ ဓာတ်ခွဲစစ်ဆေးမှု (ယနေ့အတွက် စုစုပေါင်း)တွင် –

- COVID–19 ရောဂါပိုးတွေ့ရှိမှု (လူနာသစ်) = (၅) ဦး (ယနေ့အတွက် စုစုပေါင်း)
- COVID–19 ရောဂါပိုးမတွေ့ရှိမှု = (၃၄၅) ဦးနှင့်
- စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာပေါင်း = (၃၅၀) ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ရာ (၂၄-၄-၂၀၂၀) ရက်နေ့၊ ည (၁၁:၀၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၄) ဦး တွေ့ရှိခဲ့ပြီဖြစ်ပါသည်။

၄။ ယနေ့အတွက် ဓာတ်ခွဲစစ်ဆေးမှုများကို –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (၃)ကြိမ် ခွဲ၍လည်းကောင်း၊
- ဆေးသုတေသနဦးစီးဌာန(DMR) (၁)ကြိမ်ဖြင့်လည်းကောင်း စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။

၅။ ယနေ့အတွက် ထပ်မံထုတ်ပြန်ရန် ဓာတ်ခွဲစစ်ဆေးမှုအဖြေသတင်းများ မရှိတော့ပါ။

(ဇယားများတွင် ယနေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအားလုံးကို ဖော်ပြထားပါသည်။)

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ဇယား -၁

(၂၄-၄-၂၀၂၀ ရက်နေ့) ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိရမှု (ယနေ့စုစုပေါင်း)

(၂၄-၄-၂၀၂၀)ရက်နေ့၊ ည (၁၁:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှုခံယူလျက်ရှိသည့်/ခံယူစေမည့် ဆေးရုံ | 19-COVID ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 140 | ၃၉ နှစ် | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-24, 62) | မရှိပါ။ | တောင်ဥက္ကလာပအထူးကုဆေးရုံ၊ ရန်ကုန်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူများဖြစ်ပါသည်။ |
| 141 | ၂၈ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (အတည်ပြုရန် စုံစမ်းဆဲ) | မရှိပါ။ | | တွေ့ရှိ | |
| 142 | ၃၅ နှစ် | ကျား | ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-79, 93) | မရှိပါ။ | | တွေ့ရှိ | |
| 143 | ၈၇ နှစ် | မ | မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) | မရှိပါ။ | ရှိ | ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့ | တွေ့ရှိ | |
| 144 | ၂၄ နှစ် | ကျား | မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ် | မရှိပါ။ | ရှိ | ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ | တွေ့ရှိ | ပြည်သူ့ဆေးရုံကြီး၊ မိုးညှင်းမြို့နယ် (စောင့်ကြည့်လူနာ) |

- ကျန် (၃၄၅) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID–19 ရောဂါပိုး မတွေ့ရှိပါ။
- လူနာအမှတ် (140, 141, 142 နှင့် 143) တွေ့ရှိမှုကို ယနေ့ည (၈) နာရီတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။

## COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၄-၄-၂၀၂၀) ရက်နေ့၊ ည (၁၁:၀၀) နာရီ

| | |
|---|---|
| (၂၄-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးခဲ့မှု စုစုပေါင်း(ဓာတ်ခွဲနမူနာ) (NHL + DMR) | (၃၅၀) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (NHL + DMR) | (၄) ဦး |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (NHL ဒုတိယအသုတ်) | (၀) ဦး |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (NHL တတိယအသုတ်) | (၁) ဦး |
| COVID–19 (SARS–CoV–2) မတွေ့ရှိ (negative) (NHL + DMR) | (၃၄၅) ဦး |

NHL = အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲမှုဌာန (ရန်ကုန်)

DMR = ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ◆ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ◆ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ◆ စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ◆ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ◆ အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ◆ စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ◆ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ကချင်၊ ကရင်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားခြင်းမှကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ စင်ကြိုင် IDP စခန်း၊ မိုင်းနား AG IDP စခန်း၊ မိုင်းနား(လဝမ်) IDP စခန်း ၊ မိုင်းနား(ဖွံ့ဖြိုးရေးခြံ) IDP စခန်း၊ မိုင်းနားကက်သလစ် IDP စခန်း၊ ရွှေကူမြို့နယ်ရှိ နှစ်ခြင်း IDP စခန်း၊ ကက်သလစ် IDP စခန်းများသို့ သွားရောက်၍ အိမ်ထောင်စုတစ်စုလျှင် ဆပ်ပြာ နှစ်ခဲနှင့် နှာခေါင်းစည်း နှစ်ခုနှုန်းဖြင့် စုစုပေါင်းအိမ်ထောင်စု ၁၀၀၁ စုအတွက် ဆပ်ပြာခဲ ၂၀၀၂ ခဲ၊ နှာခေါင်းစည်း ၂၀၀၂ ခုနှင့် ကိုယ်အပူချိန်တိုင်းကိရိယာ နှစ်ခုတို့ကို ထောက်ပံ့ခဲ့သည်။

ထို့အပြင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တိုက်ပွဲရှောင်စခန်းများဖြစ်ကြသော အလိုတော်ပြည့်ဘုန်းကြီးကျောင်းနှင့် ဇမ္ဗူရတနာဘုန်းကြီးကျောင်း၊ IDP စခန်းများဖြစ်ကြသော သဲချောင်း(ရခိုင်) ၊ သဲချောင်းနှင့် ခေါင်းဒုက္ခာတို့ရှိ အိမ်ထောင်စု ၂၉၄၀ အတွက် ဆပ်ပြာ အတောင့် ၂၉၄၀ ၊ နှာခေါင်းစည်း ၅၈၈၀ နှင့် ကိုယ်အပူချိန်တိုင်းကိရိယာ နှစ်ခု ထောက်ပံ့ခဲ့သည်။

အလားတူ ယနေ့တွင် ကချင်ပြည်နယ် ချီဖွေမြို့နယ်ရှိ IDP စခန်းအမှတ် (၁)နှင့် အမှတ်(၂)တို့တွင် အိမ်ထောင်စု ၃၁၂ စုအတွက် ဆပ်ပြာခဲ ၆၂၄ ခဲနှင့် နှာခေါင်းစည်း ၆၂၄ ခု၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ အေးလင်းမြတ်ရှင် စခန်းနှင့် မြတ်ပန်းဝတ်မှုန် IDP စခန်းတို့တွင် စခန်းနေသူများ အသုံးပြုနိုင်ရန်အတွက် လက်ဆေးကန် ခြောက်ခုနှင့် လက်ဆေးဆပ်ပြာများနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ငတောက်တက်၊ ပါဒလိတ်၊ တောကန်၊ ကြီတဲ၊ ကြက်တောပြင်ကျေးရွာများရှိ တိုက်ပွဲရှောင် အိမ်ထောင်စု ၆၂ စုအတွက် ဆပ်ပြာတောင့် ၆၂ တောင့်၊ နှာခေါင်းစည်း ၁၂၄ ခု တို့ကို ထောက်ပံ့ပေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ယန္တရားများဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မေ ၂၄**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွင်း ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးဌာနများ၊ ဘုန်းကြီးကျောင်းများ၊ ရပ်ကွက်များ၊ လမ်းများ၊ အိမ်ရာများ၊ ဈေးရုံများ၊ အစိုးရဌာနအဆောက်အအုံများ၊ အသွားအလာကန့်သတ်ထားသည့်နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ကူညီဆေးဖျန်းဆောင်ရွက်ပေးသည်။ (ယာပုံ)



အရှေ့ပိုင်းခရိုင်တွင် ပိုးသတ်ဆေး ၄၇၅ ဂါလန်ဖြင့် ၁၉၃ ကြိမ်၊ အနောက်ပိုင်းခရိုင်တွင် ပိုးသတ်ဆေး ၈၅၆ ဂါလန်ဖြင့် ၉၆ ကြိမ်၊ တောင်ပိုင်းခရိုင်တွင် ပိုးသတ်ဆေး ၂၁၃ ဂါလန်ဖြင့် ၁၈၁ ကြိမ်၊ မြောက်ပိုင်းခရိုင်တွင် ပိုးသတ်ဆေး ၉၄၂ ဂါလန်ဖြင့် ၆၇ ကြိမ် စုစုပေါင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ပိုးသတ်ဆေး ၂၄၈၆ ဂါလန်ဖြင့် ၅၃၇ ကြိမ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မီးသတ်ယာဉ် ၇၁ စီး၊ ကျောလွယ်ပုံး ၁၅၆၁ ပုံးကို အသုံးပြုရာ မီးသတ်တပ်ဖွဲ့ဝင် ၃၀၂၇ ဦး ၊ အရန်တပ်ဖွဲ့ဝင် ၁၆၇၄ ဦးတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၄**

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်–၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ (၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီ အထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် (၁၇) ဦး စုစုပေါင်း (၆၀) ဖြင့် မေ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများ စာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## မြောက်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး လက်ဆေးကန်များနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းထားရှိ

**မြောက်ဦး ဧပြီ ၂၄**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကူးစက်ပြန့်ပွားမှုများမဖြစ်ပေါ်စေရန်အတွက် မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့ နံနက် ၈ နာရီက အများပြည်သူ အမြဲလှုပ်ရှားသွားလာနေရသောနေရာများ၊ ရုံးများ၊ ဆေးရုံများနှင့် ယာယီခိုလှုံရာစခန်းများသို့ သွားရောက်ကာ လက်ဆေးကန်၊ ရေပုံးနှင့်ဆက်စပ်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းထားရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ထောက်ပံ့လှူဒါန်းထားရှိမှုကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းရန်နိုင်သူ ဦးဆောင်ကာ တာဝန်ရှိသူများက အများပြည်သူ နေ့စဉ်ဝယ်ယူစားသောက်နေသော မြို့မဈေးကြီး၏ ဝင်ပေါက်အတွင်း၊ အပြင်ဘက်အခြမ်းတွင် လည်းကောင်း၊ ပြည်သူများ ကူးသန်းသွားလာနေရသည့် သင်္ဘောဆိပ်၊ သမ္ဗန်ဆိပ်၊ ကားဂိတ်ဝင်းတို့တွင်လည်းကောင်း၊ မြို့နယ်ကျန်းမာရေးပြည်သူ့ဆေးရုံကြီး၊ မြို့နယ်မီးသတ်ဌာနနှင့် ပြည်တွင်း နေရပ်စွန့်ခွာသူများနေထိုင်ရာ ခိုလှုံရာစခန်း ၂၀ တို့တွင် လည်းကောင်း ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေဘဲ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ လက်ဆေးကန်၊ ရေပုံး၊ လက်ဆေးရည်၊ တစ်ရှူးနှင့် ကျန်းမာရေး အသိပညာပေး ကြော်ငြာ၊ ဗီနိုင်း၊ ပိုစတာများကို ထောက်ပံ့လှူဒါန်းထားရှိကြောင်း သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**



## ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော နှာခေါင်းစည်းများချုပ်လုပ်၍ အခမဲ့ဖြန့်ဝေ

**မြစ်သား ဧပြီ ၂၄**

မြစ်သားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ကလျာဏမိတ္တအလှူရှင်များ ပေါင်းစုလှူဒါန်းချုပ်လုပ်သည့် ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော(သုံးလွှာပါ) နှာခေါင်းစည်း အခု ၁၀၀၀ ကို ယနေ့ နံနက်က မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကူမဲဈေး၊ အခွန်လွတ်ဈေးများတွင် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေရာတွင် စည်ပင်သာယာရေး ကော်မတီဝင်များနှင့် အဖွဲ့ဝန်ထမ်းများက ဈေးရောင်းချသူများအား နှာခေါင်းစည်းအသုံးပြုပုံနည်းစနစ်နှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ပြီး ဈေးရောင်းဈေးဝယ်ပြုလုပ်ကြစေရန် အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ အဆိုပါ ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော နှာခေါင်းစည်းများကို ချုပ်လုပ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ညွှန်ကြားချက်များကိုလိုက်နာကာ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆုမွန်(ပြန်/ဆက်)**



# လောက်ကိုင်မြို့ သီးသန့်စောင့်ကြည့်ရေးစခန်းများသို့ အစားအသောက်ပစ္စည်းများ လာရောက်လှူဒါန်း

**လောက်ကိုင် မေ ၂၄**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် စောင့်ကြည့်ရေးစခန်းများတွင် ထားရှိသည့် မြန်မာ-တရုတ်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန် မြန်မာနိုင်ငံသားများ အစားအသောက်အဆင်ပြေစေရေးအတွက် အစားအသောက်ပစ္စည်းများအား နတလ (လူငယ် ) သင်တန်းကျောင်း၌ ယမန်နေ့က လာရောက်လှူဒါန်းသည်။ **(ယာပုံ)**

ယင်းသို့လှူဒါန်းရာတွင် လောက်ကိုင်မြို့ သီးသန့်စောင့်ကြည့်ရေးစခန်းရှစ်ခုရှိ နေရပ်ပြန်မြန်မာနိုင်ငံသားများ အစားအသောက် အဆင်ပြေရေးအတွက် နယ်ခြားစောင့်တပ်မှ ဦးမောင်မောင် (ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဝင်) က အာလူးပိဿာ ၁၀၀၊ ကြက်သွန်နီပိဿာ ၁၅၀၊ ကော်ဖီ ထုပ် ၁၀၀၊ ဆီ ၅၀ ပိဿာ ၊ မာမီးခေါက်ဆွဲထုပ် အထုပ်ကြီး အထုပ် ၅၀၊ ခရမ်း ချဉ်သီး ၅ ပိဿာ၊ ကြက်ဥအလုံး ၁၅၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀ တန်ဖိုးရှိ အစားအသောက်ပစ္စည်းများကို လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုးနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**



# ရန်ကုန်မြို့ပတ်ရထားအခေါက်ရေ ၂၈ ခေါက်အထိ တိုးချဲ့ပြေးဆွဲပေး

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားပြည်သူ များပြားလာသဖြင့် ရန်ကုန်မြို့ပတ်ရထားများ တိုးချဲ့ပြေးဆွဲပေးလျက်ရှိရာ ယမန်နေ့က ရန်ကုန်မြို့ပတ်ရထားအခေါက်ရေ ၂၈ ခေါက်အထိ တိုးချဲ့ပြေးဆွဲပေးခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

မေ ၂၀ ရက်မှစ၍ ရုံးများပြန်လည်ဖွင့်လှစ်ခဲ့ခြင်းကြောင့် ရထားစီးခရီးသည်များ များပြားလာသဖြင့် မေ ၂၂ ရက်တွင် ရန်ကုန်မှ လှော်ကားသို့ မနက်တစ်ခေါက်၊ ညနေတစ်ခေါက်နှင့် ရန်ကုန်မှ တိုးကြောင်ကလေးသို့ မနက်တစ်ခေါက်၊ ညနေတစ်ခေါက်ရထားများကို ထပ်မံတိုးချဲ့ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မြန်မာ့မီးရထားမှ ကိုဗစ် - ၁၉ တားဆီးကာကွယ်နိုင်ရေးအတွက် သင်္ကြန်ရုံးပိတ်ရက်ကာလဖြစ်သော မေ ၁၀ ရက်မှစ၍ ရန်ကုန်မြို့ပတ်ရထားများကို လှော်ကားလမ်းပိုင်း၊ မင်္ဂလာဒုံလမ်းပိုင်းနှင့် ရွာသာကြီးလမ်းပိုင်းများတွင် မနက်တစ်ခေါက်၊ ညနေ တစ်ခေါက်သာ ရထားပြေးဆွဲခဲ့ပြီး လက်ဝဲရစ် မြို့ပတ်နှင့် လက်ယာရစ်မြို့ပတ်ရထားများကို မနက်တစ်ခေါက်၊ နေ့လယ်တစ်ခေါက် ပြေးဆွဲပေးခဲ့သည်။ မေ ၂၂ ရက်တွင် ရန်ကုန်မြို့ပတ်ရထားစီး ခရီးသည် ၅၄၅၁ ဦးရှိခဲ့ပြီး ရထားအချိန်စာရင်းများကို သက်ဆိုင်ရာဘူတာများတွင် ကြေညာပေးထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - မြန်မာ့မီးရထား**



# မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ ခြင်းလုံးအားကစားသမားများကို အခြေခံစားသောက်ကုန်များထောက်ပံ့

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆင်းရဲနွမ်းပါး မြန်မာ့ခြင်းလုံးအားကစားသမားများကို ယမန်နေ့က မန္တလေးမြို့ မဟာမုနိဝါဆိုခြင်း အဖွဲ့နေရာ၌ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆင်းရဲနွမ်းပါး မြန်မာ့ခြင်းလုံးအားကစားသမားများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငွေးအောင်ကျော်က မန္တလေးမြို့ပေါ်ရှိ အားကစားသမားများအား တစ်ဦးလျှင် ဆန် ၁၂ ပြည်၊ ဆီ ၂ ပိဿာ ၅၀ ကျပ်သား၊ ကြက်သွန်နီနှစ်ပိဿာ၊ ယမ်းယမ်းခေါက်ဆွဲ ဂျပ်ဖာတစ်ဖာ၊ ကော်ဖီမစ်ငါးထုပ်တို့ ပေးအပ်ရာ အသင်းသားများကိုယ်စား အသင်းခေါင်းဆောင်များက လက်ခံယူကြသည်။ မြို့နယ်များမှ အားကစားသမားများအတွက် အိမ်အရောက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်းစုံမှ မြန်မာ့ခြင်းလုံး အားကစားသမား ၁၉၄ ဦးအား ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**သိန်းဇော်**

** ကျောဖုံးမှ*

Yangon Galacticos အသင်းမှ PUBG MOBILE ကစားသမားများသည် မတ်လက ရန်ကုန်မြို့၌ ကျင်းပခဲ့သော PUBG MOBILE Myanmar Championship 2020 ဖိုင်နယ်ပြိုင်ပွဲကြီးတွင် နိုင်ငံတွင်းမှ အသင်းပေါင်း ၁၂၀ နှင့် ယှဉ်ပြိုင်ခဲ့ပြီး First Runner-Up ဆုကို ရရှိခဲ့သည်။ မြန်မာ PUBG MOBILE ကစား သမားအသင်း Yangon Galacticos သည် ၂၀၂၀ ပြည့်နှစ် မတ်လတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သော PUBG MOBILE Myanmar Championship 2020 ဖိုင်နယ်ပြိုင်ပွဲကြီးတွင် နိုင်ငံတွင်းမှ အသင်းပေါင်း ၁၂၀ နှင့် ယှဉ်ပြိုင်ခဲ့ပြီး First Runner-Up ဆုကို ရရှိခဲ့သည်။ Yangon Galacticos နှင့်အတူ PUBG MOBILE Myanmar Championship 2020 ဖိုင်နယ်ပြိုင်ပွဲမှ အခြားထိပ်ဆုံးရရှိသော အသင်းသုံးသင်းဖြစ်သော My GALAXY, DEUS Esport နှင့် Team SCOTT တို့သည် PMCO SEA Wildcard Final အဆင့်သို့ တိုက်ရိုက်ဝင်ရောက်ခွင့် ရရှိခဲ့သည်။ PMCO SEA Wildcard Final အဆင့်သည် ကိုယ်ပိုင် League မရှိသေးသည့် အရှေ့တောင်အာရှနိုင်ငံများမှ အသင်းများ Online တွင် အချင်းချင်းယှဉ်ပြိုင်ရသော ပြိုင်ပွဲဖြစ်သည်။ မြန်မာအသင်း လေးသင်းနှင့် လာအို၊ စင်ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် အရှေ့တီမောနိုင်ငံ များမှ Online ပြိုင်ပွဲများတွင် အနိုင်ရရှိသော အသင်း ၁၂ သင်း စုစုပေါင်း အသင်း ၁၆ သင်းတို့သည် ၂၀၂၀ ပြည့်နှစ် ဧပြီလဆန်းတွင် PMCO SEA Wildcard Final အဆင့်အတွက် အွန်လိုင်းမှတစ်ဆင့် ယှဉ်ပြိုင်ခဲ့ကြသည်။

PMPL (PUBG MOBILE Pro League) SEA Finals ပြိုင်ပွဲကြီးသည် PUBG MOBILE ၏ အရှေ့တောင်အာရှဒေသအတွင်း အကြီးကျယ်ဆုံးပြိုင်ပွဲကြီးဖြစ်သည့်အပြင် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ တန်ဖိုးရှိသည့် ဆုကြေးငွေများလည်း ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်မှုများကို PUBG MOBILE (MM) Facebook Page http://www.fb.com/PUBGMOBILE.MM.OFFICIAL မှ တစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄-၄-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၅၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၃၀/၄၆၅ | ကျပ် | ၄၆၀/၄၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၄၀/၄၇၀ | ကျပ် | ၄၇၅/၅၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၃၀ | ကျပ် | ၃၄၀/၃၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၃၀/၄၇၀ | ကျပ် | ၄၉၅/၅၃၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၈ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၅ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၅ . ၅၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၇ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၇ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၀၂ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၀ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၆၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၀၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၁၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၇၉ | ၁၅၇၉၂၅၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၅၅၁၉ | ၁၉၈၆၈၄၀၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - ဝင်းကျော်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ခင်ရတနာ
**ဘာသာပြန်စာတည်း** - ချြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သရုပ်ဆောင် ခိုင်နှင်းဝေက အနုပညာအသိုင်းအဝိုင်းမှ ခင်မင်သူအချို့အား အလှူဒါနပြု

**သရုပ်ဆောင် ခိုင်နှင်းဝေသည် အနုပညာအလုပ်များအပြင် "ခိုင်နှင်းဝေ မိဘမဲ့ကလေးစောင့်ရှောက်ရေးပရဟိတအဖွဲ့"ကို တည်ထောင်ပြီး မိဘမဲ့ကလေးငယ်များအား ပြုစုစောင့်ရှောက်ပေးနေရုံသာမက ယခု ကိုဗစ်-၁၉ ကြောင့် အနုပညာလုပ်ငန်းများ ရပ်နားထားရသည့်အချိန်တွင် အနုပညာအသိုင်းအဝိုင်းအတွင်းမှ ခင်မင်သူအချို့အား ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည်။**


"အစ်မ ဒီအလုပ်ကို ရွေးချယ်ပြီးလုပ်ခဲ့တာက ကိုယ်ချင်းစာစိတ်လေးတစ်ခုကြောင့် လုပ်ဖြစ်တာ၊ အမှန်တကယ်ကို လိုအပ်နေတဲ့ နေရာလေးတွေကို ဖြည့်ဆည်းပေးချင်တဲ့စိတ်နဲ့ လုပ်ဖြစ်ခဲ့တာပေါ့နော်၊ အစ်မရဲ့ ဆန္ဒလေးတွေလည်း ပြည့်ခဲ့ပါတယ်၊ ပင်ပန်းရကျိုးလည်း နပ်ခဲ့တယ်၊ အခုဆိုလည်း ကပ်ရောဂါဖြစ်လာတဲ့အချိန်မှာ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေအထဲက အနုပညာရှင် သက်ကြီးရွယ်အိုတွေအတွက် လိုအပ်တာလေးတွေကို လှူတယ်၊ ဦးလေး တိမ်ညွန့် အပါအဝင် တခြားလူတွေကိုလည်း အစ်မ တတ်နိုင်သလောက် လှူဖြစ်ခဲ့ပါတယ်၊ ဘာလို့လဲဆိုတော့ အစ်မတို့ အနုပညာစလုပ်ကတည်းက အစ်မတို့ကို သရုပ်ဆောင်ပညာကို သူတို့ကပဲ ဖေးမကူညီပြီး သင်ကြားပေးခဲ့ကြတာလေ၊ အဲဒီတော့ သူတို့က ကျေးဇူးရှင်တွေဆိုရင်လည်း မမှားပါဘူး၊ ဟာသဆိုလည်း ဟာသ၊ ဒရာမာဆိုလည်း ဒရာမာ အကုန်လုံးက ဇာတ်ကို ပို့ပေးနေတာမို့ပါ၊ အစ်မကတော့ ပရဟိတအလုပ် လုပ်ရင် ဘာပြန်ရရမယ်ဆိုတာမျိုး မတွေးသလို နာမည်ကြီးချင်လို့ လုပ်တာလည်း မဟုတ်ပါဘူး၊ အနုပညာ အလုပ်တွေပါးနေချိန် ဒီလိုကပ်ဆိုးကြီးကို ရင်ဆိုင်နေရချိန်မှာ ကျွန်မတို့ မင်းသား မင်းသမီးတွေအတွက် ပံ့ပိုးသရုပ်ဆောင်ပေးကြတဲ့ ဇာတ်ပို့ အနုပညာရှင်ကြီးတွေဖြစ်တဲ့ ဦးရော၊ ဦးတိမ်ညွန့်၊ ဦးမောင်မောင် မျိုးသန့်၊ ဦးမွန်ကြီး၊ မနွယ်နီတို့အတွက် လိုအပ်မယ့် ဆန်တစ်အိတ်၊ ဆီ နှစ်ပိဿာနဲ့ ငွေကျပ်တစ်သိန်းကို သွားပြီး ဂါရဝပြုခဲ့ပါတယ်၊ အနုပညာရှင်တွေက သိပ် နှလုံးသားနုကြတယ်၊ တစ်ခုခုဆို ပုံမှန်ထက်ပိုပြီး ခံစားလွယ်ကြပါတယ်၊ အခုလိုအချိန်မှာ အနုပညာသမားအချင်းချင်း သူတို့ ခံစားချက် အခက်အခဲကို ကျွန်မ ခံစားပေးနိုင်လို့ ဒီနေ့ တတ်နိုင်တဲ့ဘက်က အထောက်အကူပြုတာဖြစ်ပါတယ်"ဟု ခိုင်နှင်းဝေက ပြောကြားသည်။




**ကိုလင်း**

# Save The World သီချင်းကို မူပိုင်ခွင့်မလုပ်ထားကြောင်း အဆိုတော် ယုန်လေး ပြောကြား

အဆိုတော် ယုန်လေးအနေဖြင့် လတ်တလောဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးလုပ်ဆောင်မှုများကို ပြည်သူများ သိရှိလိုက်နာ လုပ်ဆောင်တတ်စေရန်နှင့် ရောဂါကြောင့် ပြည်သူများ စိတ်ဓာတ်မကျအောင် အားပေးရန် ရည်ရွယ်ချက်များဖြင့် Save The World အမည်ရှိ တေးသီချင်းကို ကိုယ်တိုင် ရေးသားထားကာ ပြည်သူများ ပိုမို ကျယ်ပြန့်စွာသိရှိစေရန်အတွက် မူပိုင်ခွင့် မလုပ်ထားကြောင်းနှင့် အဆိုပါသီချင်းကို လူတိုင်း ခွင့်ပြုချက်တောင်းစရာမလိုဘဲ လွတ်လပ်စွာ သီဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။




"Save The World သီချင်းလေးမှာ ကိုနေတိုးက ဂီတပိုင်းရော၊ သရုပ်ဆောင်ပိုင်းတွေရော ဝိုင်းဝန်းကူညီ သီဆိုပေးထားတယ်၊ ဒီသီချင်းလေးက အားလုံးကောင်းဖို့ ရေးစပ်ထားတာဆိုတော့ အဆိုတော် ဘယ်သူမဆို သီဆိုနိုင်ပါတယ်၊ ကျွန်တော်တို့ ဂီတလောကမှာ အချို့ အဆိုတော်လေးတွေအနေနဲ့ တေးရေးဆရာကြီးတွေရဲ့ သီချင်းတွေကို ခွင့်ပြုချက်မရှိဘဲ ဆိုလိုက်လို့ တရားစွဲခံရတာတွေ ရှိပါတယ်၊ ကျွန်တော့် ဒီသီချင်းကိုတော့ အဲဒီလိုမဟုတ်ဘဲ လွတ်လပ်စွာ ဆိုနိုင်ပါတယ်၊ ပွဲတွေမှာ သီဆိုတဲ့အခါမှာလည်း ဒီသီချင်းကို လွတ်လပ်စွာ သီဆိုနိုင်ကြပါတယ်"ဟု အဆိုတော် ယုန်လေးက ပြောသည်။

အဆိုပါ တေးသီချင်းကို ယုန်လေးကိုယ်တိုင် ရေးစပ်ခဲ့ပြီး ကိုယ်တိုင်လည်း ပါဝင်သီဆိုထားကြောင်း၊ တေးသီချင်းဖန်တီးမှုနှင့် သီဆို ရိုက်ကူးရန်အတွက် ၁၀ ရက်မျှ အချိန်ယူခဲ့ရကြောင်း၊ အားပေးကြသူများရှိသလို ဝေဖန်မှုအချို့လည်း ရှိနေကြောင်း၊ ပရဟိတသမားများနှင့် လူငယ် အဆိုဝါသနာရှင်များအနေဖြင့် ယင်းတေးသီချင်းကို ကုသိုလ်ဖြစ် သုံးစွဲစေလိုကြောင်း၊ သီချင်းသီဆိုရန် ပြောဆိုခွင့်တောင်းလာမှုများကိုလည်း လက်ခံကြောင်း၊ မီဒီယာများအနေဖြင့်လည်း သီချင်းကို ထုတ်လွှင့်ပြသမှုများရှိနေသည့်အတွက် ကျေနပ်ကြောင်း ယုန်လေးက ဆက်လက် ပြောကြားသည်။

**ကိုလင်း**

## မူပိုင်ခွင့် အသိရှိပါ။

Facebook ပေါ်ရှိ အကြောင်းအရာတစ်ခုကို အခြားအသုံးပြုသူများအား ဖြန့်ဝေခြင်းများ မလုပ်မီ သင့်တွင် မျှဝေပိုင်ခွင့် ရှိ၊ မရှိကို သေချာအောင် ဆန်းစစ်စေလိုပါသည်။



## နိုင်ငံတကာ အနုပညာ သတင်းပဒေသာ



# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးလှုပ်ရှားမှုတွင် အဆိုတော် အေဗရယ်လာဗင်းလည်း ပါဝင်လာ

ကိုဗစ် -၁၉ ကပ်ရောဂါကို တစ်ကမ္ဘာလုံး ရင်ဆိုင်နေရချိန်မှာ ကမ္ဘာကျော် အဆိုတော် အေဗရယ်လာဗင်းက ကပ်ရောဂါဆိုးကို ရှေ့တန်းကနေ ရင်ဆိုင်နေကြတဲ့သူတွေအတွက် သီချင်းတစ်ပုဒ် ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဲဒီသီချင်းရဲ့ နာမည်ကတော့ We Are Warriors လို့ အမည်ရပါတယ်။ အဲဒီသီချင်းဟာ အေဗရယ်လာဗင်းရဲ့ ၂၀၁၉ ခုနှစ်တုန်းက ထွက်ရှိခဲ့တဲ့ Head Above Water ဆိုတဲ့ အယ်လ်ဘမ်ထဲက သီချင်းဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါဆိုးနဲ့ ကြုံတွေ့နေရချိန်မှာ အေဗရယ်လာဗင်းက ဒီသီချင်းကို ပြန်လည်သီဆိုခဲ့တာလည်း ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကို တိုက်ဖျက်နေကြတဲ့ ကျန်းမာရေးလုပ်သားများ၊ သယ်ယူပို့ဆောင်ရေးလုပ်သားများ၊ နေ့စဉ် လူနေမှု ဘဝ ဆက်လက်ရှင်သန်နေထိုင်နိုင်ရေးအတွက် မိမိရဲ့ကျန်းမာရေးကိုမငဲ့ကွက်ဘဲ တာဝန်ထမ်းဆောင်နေကြသူများအတွက် ဒီသီချင်းကို အေဗရယ်လာဗင်းက သီဆိုပေးခဲ့တာဖြစ်ပါတယ်။ လူတိုင်းလူတိုင်းဟာ ရရာလက်နက်ကို ဆွဲကိုင်ပြီး တိုက်ပွဲဝင်နေကြတယ်လို့လည်း အေဗရယ်လာဗင်းက သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ရေးသားခဲ့ပါတယ်။ ကိုဗစ်-၁၉ တိုက်ဖျက်ရေးမှာသူလည်း တစ်နေရာကနေ ပါဝင်ချင်တာကြောင့် အားလုံး စိတ်သက်သာရာရစေမယ့် ဒီသီချင်းကို ပြန်လည်သီဆိုဖြစ်ခဲ့တာလို့ အေဗရယ်လာဗင်းက ပြောပါတယ်။

အေဗရယ်လာဗင်းဟာ ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် နောက်ထပ်ပါဝင်လာတဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ပြီး သူ့အရင်က လေဒီဂါဂါတို့ကလည်း နေအိမ်အတွင်းကနေ သီချင်းဆိုကာ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်နဲ့ ငွေကြေးလှူဒါန်းမှုတွေ ပြုလုပ်ခဲ့ပါသေးတယ်။

**ကိုးကား - ဟောလိဝုဒ်လိုက်ဖ်**

# ဆယ်မန်ခန်းအနေဖြင့် လက်ထပ်ပွဲ ဖိတ်စာဝေပြီးမှ ဖျက်သိမ်းခဲ့ဖူးကြောင်း သူငယ်ချင်းဖြစ်သူ ပြောပြ



ဘောလိဝုဒ် စူပါမင်းသား ဆယ်မန်ခန်း

ဘောလိဝုဒ်ရဲ့ စူပါစတား မင်းသားတစ်လက်ဖြစ်တဲ့ ဆယ်မန်ခန်းဟာ တီဗွီဖန်သားပြင်မှာတော့ လက်ထပ်ပွဲတွေကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ဖူးပါတယ်။ ရုပ်ရှင်ထဲကမဟုတ်ဘဲ အပြင်လောကက သူ့ရဲ့လက်ထပ်ပွဲကတော့ အားလုံး စိတ်ဝင်စားစရာ ဖြစ်ခဲ့ပါတယ်။ ဆယ်မန်ခန်းဟာ တစ်ကြိမ်တစ်ခါတုန်းကတော့ လက်ထပ်ခါနီးအချိန်အထိ ရောက်ခဲ့ဖူးပါတယ်။ ဆယ်မန်ခန်းရဲ့ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်တဲ့ ဆာဂျစ် နာဒီယာဝါလာက ဒီအကြောင်းကို ဖွင့်ဟပြောဆိုခဲ့ပါတယ်။

၁၉၉၉ ခုနှစ်တုန်းက ဆယ်မန်ခန်းဟာ ချစ်သူရှိခဲ့ပြီး အဲဒီမိန်းကလေးနဲ့ နိုဝင်ဘာလအတွင်းမှာ လက်ထပ်ဖို့ စီစဉ်ခဲ့ကြပါတယ်။ ဆယ်မန်ခန်းနဲ့ ဆာဂျစ်တို့ဟာ တစ်နေ့တည်းမှာလက်ထပ်ကြဖို့ စီစဉ်ခဲ့ကြတယ်လို့ ဆာဂျစ်က အင်တာဗျူးတစ်ခုမှာ ပြောပြခဲ့ပါတယ်။ ဒါပေမယ့် လက်ထပ်ဖို့ ခြောက်ရက်လောက်အလို လက်ထပ်ဖိတ်စာတွေ ဝေပြီးချိန်မှာ ဆယ်မန်ခန်းဟာ စိတ်ပြောင်းသွားခဲ့ပြီး လက်မထပ်ဖြစ်ခဲ့ဘူးလို့ ဆာဂျစ်က ဆက်ပြောပြပါတယ်။ လတ်တလောမှာတော့ ဆယ်မန်ခန်းဟာ လျူလီယာ ဘန်တာနဲ့ ချစ်ကြိုက်နေကြတယ်ဆိုတဲ့ ကောလာဟလတွေလည်း ထွက်ပေါ်နေပါတယ်။ **ကိုးကား - တိုင်းမ်အော့ဖ် အိန္ဒိယဒေ့ါကွန်း**

ခြူး



# ဘာသာစာပေပေါင်းကူး(၁၂)

မောင်ခင်မင် (ဓနုဖြူ)

"မြည်သံစွဲအဖွဲ့တွေလိုပဲ ဘာသာစကားရဲ့ အစွမ်းသတ္တိကြောင့် လူတွေရဲ့စိတ်ထဲမှာ စွဲသွားတဲ့ အဖွဲ့တစ်မျိုးကတော့ နဘောထပ်အဖွဲ့ပဲ သမီးရဲ့၊ နဘောထပ်ဆိုတာ သမီးသိတယ် မဟုတ်လား"

"သိပါတယ် ဘဘ၊ စကားလုံးတစ်လုံးတည်း ကာရန်ယူတာမဟုတ်ဘဲ စကားလုံးတွေ အတွဲလိုက် အစုလိုက် ကာရန်ယူတာပါ"

"ဟုတ်တယ်။ အတွဲလိုက်ကာရန်ယူတော့ ပိုပြီးတော့ ဝေဝေဆာဆာရှိတာပေါ့ကွယ်။ ပိုပြီးတော့လဲ နားထဲမှာ စွဲတာပေါ့"

"ဘဘ၊ သမီးနာမည်ကို ခိုင်ခိုင်သင်းလို့ မှည့်တာက သမီးအမေရဲ့နာမည် လှိုင်လှိုင်ဝင်းနဲ့ နဘောထပ်ပြီး မှည့်တာလို့ သမီးအဖေက ပြောဖူးပါတယ်"

"အေး…ဟုတ်တာပေါ့။ 'လှိုင်လှိုင်ဝင်း'ရယ်၊ 'ခိုင်ခိုင်သင်း'ရယ် နဘောထပ်မိတာပေါ့ကွယ်။ သတိရလို့ ဘဘတို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ နာမည်လဲ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းနဲ့ နဘောထပ်ပြီးမှည့်တာလို့ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိမှာ ရေးထားတယ်လေ"

"ဟုတ်ကဲ့ပါ"

"အဲဒီလို နာမည်တွေကို ကာရန်တူမှည့်တဲ့ အလေ့ဟာ ပုဂံခေတ်မှာကတည်းက ရှိတယ်ကွဲ့။ ပုဂံကျောက်စာတွေမှာ မှတ်တမ်းတင်ထားတဲ့ ကျွန်နာမည်တွေကို သမီး သတိထားမိမှာပေါ့"

"ပြောပြပါ ဘဘ၊ သမီး သိပ်မသိပါဘူး"

"ကျွန်နာမည်တွေကြည့်ရင် အိုဝန်၊ ညီမ အိုထွန်…တဲ့။ ငကောက်၊ ညီ ငနောက်တဲ့။ ငအောင်ဝင်၊ ညီ ငအောင်မြင်တဲ့။ ညီအစ်မတွေ၊ ညီအစ်ကိုတွေ ကာရန်တူနာမည် မှည့်ထားတာလေ"

"ဟုတ်ကဲ့၊ သမီးနားလည်ပါပြီ"

"ကာရန်တူအဖွဲ့တို့၊ နဘောထပ်အဖွဲ့တို့ကို လူအများစိတ်ဝင်စားတတ်ကြတဲ့ သဘာဝကို ပြောတာပါ။ လူရွှင်တော်တွေပြောတဲ့ ပြက်လုံးတွေထဲမှာလဲ နဘောထပ်တွေပါတယ်။ 'တဲကုပ်က မဲနှုတ်ဟာ ပဲပြုတ်ရင်း ဝဲကုတ်နေတယ်' ဆိုတာမျိုးပေါ့ကွယ်"

"ဘဘက တော်တော်မှတ်မိတာပဲနော်"

"နောက်ပြောရအုံးမယ်၊ ကဗျာတွေ၊ သီချင်းတွေထဲမှာ ဖွဲ့လေ့ရှိတယ်။ 'ချစ်သမျှကို ရှစ်ဆပို'တဲ့"

"သမီးကြားဖူးပါတယ်"

"ဒါဆို သမီး စဉ်းစားကြည့်စမ်းပါ။ ချစ်တာကို ဘာဖြစ်လို့ ရှစ်ဆပိုတယ်လို့ ဖွဲ့တာလဲ။ ရှစ်ဆမဟုတ်ဘဲ ငါးဆတို့၊ ဆယ်ဆတို့ရော ဖွဲ့လို့မရဘူးလား"

"သမီးထင်တာတော့ 'ချစ်သမျှကို'နဲ့ နဘောထပ်ပြီး 'ရှစ်ဆပို'လို့ ဖွဲ့တာထင်ပါတယ် ဘဘ"

"ဒါကြောင့် သမီးက စဉ်းစားဉာဏ်ရှိတယ်လို့ ပြောတာ။ တခြားအကြောင်း ဘယ်ရှိပါ့မလဲကွယ်၊ 'ချစ်သမျှ'နဲ့ နဘောထပ်အောင် 'ရှစ်ဆ'လို့ ဖွဲ့တာပေါ့။ တကယ်လို့ မုန်းတဲ့အကြောင်းဖွဲ့ရင် ဘယ်လိုဖွဲ့မယ်ထင်သလဲ"

"အဲ…ဟာ၊ သမီးသိပြီ။ 'မုန်းသမျှကို သုံးဆပို' လို့ ဖွဲ့မှာပေါ့"

"ဟုတ်ပြီ ဟုတ်ပြီ။ အဲဒါ နဘောထပ်အဖွဲ့ရဲ့အာနိသင်လို့ ဆိုရမှာပေါ့ကွယ်။ ကဗျာတွေကို ကြည့်ရင်လဲ အဲဒီနဘောထပ်အဖွဲ့တွေကို ကဗျာဖတ်သူတွေက ပိုပြီးမှတ်မိနေကြတယ်ကွဲ့။ ကုန်းဘောင်ခေတ်ကစာဆို 'ဦးကြော့'ဆိုရင် နဘောထပ်အဖွဲ့တွေနဲ့ ထင်ရှားတာပေါ့ကွယ်"

"ဘဘ၊ စုံနံ့သာမြိုင်ရှာပုံတော်ကြီးမှာ နဘောထပ်အဖွဲ့တွေ အများကြီးပဲနော်"

"ဟေ၊ ဒါဆို သမီးပဲ ရွတ်ပြစမ်းပါ"

"'မြစံပယ်ငုံ၊ လလယ်ယုန်၊ ဆဆယ်ပုံပျက်ခဲ့ ပေါ့'တို့၊ 'ယွဲ့ယွဲ့ကလေး၊ သွဲ့သွဲ့သာဆွေးရ'တို့၊ 'ပြောမဆုံးပေါင်၊ စောဘုန်းခေါင်ကြောင့် တောသုံးထောင်ထပ်ခဲ့ပေ့ါ' တို့၊ အဲဒီ နဘောထပ်အဖွဲ့တွေကို သမီး မှတ်မိနေပါတယ် ဘဘ"

"ဘဘ၊ စုံနံ့သာမြိုင်ရှာပုံတော်ကြီးမှာ နဘောထပ်အဖွဲ့တွေ အများကြီးပဲနော်"
"ဟေ၊ ဒါဆို သမီးပဲ ရွတ်ပြစမ်းပါ"
"'မြစံပယ်ငုံ၊ လလယ်ယုန်၊ ဆဆယ်ပုံပျက်ခဲ့ပေ့ါ' တို့၊ 'ယွဲ့ယွဲ့ကလေး၊ သွဲ့သွဲ့သာဆွေးရ'တို့၊ 'ပြောမဆုံးပေါင်၊ စောဘုန်းခေါင်ကြောင့် တောသုံးထောင်ထပ်ခဲ့ပေ့ါ' တို့၊ အဲဒီနဘောထပ်အဖွဲ့တွေကို သမီးမှတ်မိနေပါတယ် ဘဘ"

"အေး- ဦးကြော့ရဲ့လေးချိုးတွေထဲက 'သုတ်လေနှော-ဘုတ်တွေရော-အုတ်ရွှေဩ'ဆိုတဲ့ နဘောထပ်အဖွဲ့ကလေးတွေလဲ ခေတ်အဆက်ဆက်သဘောကျခဲ့ကြတဲ့ စာပေအလှကွက်ကလေးတွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"စကားနိုင်နင်းတဲ့ စာဆိုကြီးတစ်ယောက် နဘောထပ်ထားတဲ့ အဖွဲ့တစ်ခုအကြောင်း ပြောအုံးမယ်။ မဟာဂီတကျမ်းပြုစုတဲ့ ဆရာကြီးဦးပြုံးချိုဆိုတာ သမီးကြားဖူးသလား"

"ကြားတော့ကြားဖူးပါတယ် ဘဘ၊ ဆရာကြီးရေးတဲ့ စာတွေအကြောင်းတော့ မသိပါဘူး"

ဆရာကြီးက မြန်မာဂန္ထဝင်သီချင်းကြီးတွေကို စုစည်းပြီး 'မဟာဂီတ'ဆိုတဲ့ ကျမ်းကြီးပြုစုသလို ကိုယ်တိုင်လဲ သီချင်းကြီးတွေ ရေးတယ်ကွဲ့။ 'တေ ဘုမ္မာ'ဆိုတဲ့ ဓမ္မဂီတမော်ပြန် ယိုးဒယားသီချင်းဟာ သိပ်ထင်ရှားတာပေါ့။ အခုဘဘပြောမှာက 'ဧယတုသဗ္ဗမင်္ဂလံ' ဆိုတဲ့ ယိုးဒယားသီချင်းမှာ ဆရာကြီးဖွဲ့ထားတဲ့ နဘောထပ်အဖွဲ့ပဲ…ကွဲ့"

"ဟုတ်ကဲ့၊ မှတ်ထားပါ့မယ် ဘဘ"

"နဘောထပ်ထားပုံက 'စိတ်မှာကြံသမျှ ဣဋ္ဌာ ရမ္မကာ ဘောဂသမ္ပန္န'တဲ့၊ 'စိတ်မှာကြံသမျှ'ဆိုတဲ့ မြန်မာစကားနဲ့ 'ဣဋ္ဌဟာရမ္မကာ'ဆိုတဲ့ ပါဠိစကားကို နဘောထပ်နိုင်တဲ့ ဆရာကြီးရဲ့ ဘာသာစကားစွမ်းရည်ပေါ့ကွဲ့။ ဣဋ္ဌာရမ္မကာဆိုတာ နှစ်သက်စရာကောင်းတဲ့ အာရုံတွေကို ဆိုလိုတာပါ။ ဣဋ္ဌ ရမ္မကာကို 'ဣဋ္ဌာရမ္မကာ'လို့ တွဲလိုက်တာပေါ့။ 'ဣဋ္ဌာရုံ' လို့လဲ သုံးတယ်။ အဲဒီစကားနဲ့ အသံချင်း နဘောထပ်မိအောင် 'စိတ်မှာကြံသမျှ'ဆိုတဲ့ စကားကို ရွေးသုံးလိုက်တာလေ"

"သဘောပေါက်ပါပြီ ဘဘ"

"နဘောထပ်အဖွဲ့နိုင်နင်းတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းလဲ ပါတာပေါ့။ သမီးသင်ဖူးမှာပါ။ အဲဒီတုန်းက 'ဘွိုင်းကောက်' လို့ခေါ်တဲ့ တက္ကသိုလ်သပိတ်ကြီးပေါ်လာတော့ ဆရာကြီးက လေးချိုးကြီးရေးတယ်။ 'ထိမထင် ကျောင်းတော်သားတို့ရဲ့ အမည်စဉ်ခေါင်းပေါ်ဖျားမှာပ မင်းတို့ဆရာကို စာရင်းတို့ကာထားလိုက်ကြပေတော့' တဲ့။ ဆရာစံအရေးတော်ပုံကျတော့လဲ 'ရဂုံစံချစ်စရာ တပည့်တို့မှာဖြင့်၊ ဥုံအရဟံသစ္စာဂတိတွေနဲ့ ဂဠုန်သရဏံ ဂစ္ဆာမိကြပေတော့'တဲ့။ သိပ်ပြောင်မြောက်တဲ့ နဘောထပ်အဖွဲ့တွေပေါ့ကွယ်"

"သမီးသင်ဖူးပါတယ် ဘဘ၊ သိပ်ကောင်းပါတယ်"

"ရှေးက နဘောထပ်အဖွဲ့တွေအကြောင်း အများသိကြပါတယ်။ ဘဘတို့ကျောင်းသားဘဝကပေါ်တဲ့ ရေဒီယိုသီချင်းတွေမှာ နဘောထပ်အဖွဲ့တွေနဲ့ ဝေဝေဆာဆာရေးတဲ့ ဂီတစာဆိုတစ်ယောက် သိပ်ထင်ရှားတယ်ကွဲ့"

"ဘယ်သူပါလဲ ဘဘ"

"မြတ်လေး…အဲ၊ ကိုမြတ်လေးပေါ့ကွယ်။ အကယ်ဒမီရုပ်ရှင်မင်းသား၊ ဒါရိုက်တာ၊ ဂီတစာဆို ဆိုတဲ့ ဂုဏ်ထူးဝိသေသတွေနဲ့ အင်မတန်ထင်ရှား ခဲ့တာပေါ့"

"သမီး…ဦးမြတ်လေးအကြောင်းတွေ ဖတ်ဖူးပါတယ်။ ရုပ်ရှင်တွေတော့ မကြည့်ဖူးပါဘူး။ သီချင်းတွေလဲ နားမထောင်ဖူးပါဘူး ဘဘ"

"ကိုမြတ်လေးရဲ့သီချင်းတွေမှာ ထူးခြားတဲ့ အချက်တစ်ချက်က အဲဒီတုန်းက ဘဘတို့ လူငယ်တွေ အင်မတန်သဘောကျတဲ့ လက်ဝဲဆန်တဲ့ အသုံးအနှုန်းတွေ၊ အဲ…အဲဒီတုန်းကတော့ နိုင်ငံရေးဆန်တဲ့ စကားတွေလို့ ခေါ်ကြတယ်။ အဲဒီ အသုံးအနှုန်းတွေကို နဘောထပ်ပြီး လှလှပပဖွဲ့တာပဲကွဲ့"

"ပြောပြပါ ဘဘ"

" 'ပစ္စည်းမဲ့ယဉ်ကျေးမှု' ဆိုတာ အဲဒီတုန်းက ရေပန်းစားတဲ့ လက်ဝဲဆန်တဲ့ အသုံးတစ်ခုပေါ့။ ကိုမြတ်လေးက ဘယ်လိုရေးသလဲဆိုတော့

'အချစ်ကြီးတဲ့ ဘဝင်ဆွေးထုနဲ့ ဝေးရန်မြင်လာဖွယ်၊ ပစ္စည်းမဲ့ယဉ်ကျေးမှုရဲ့ တေးသံရှင်ပါကွယ်'…တဲ့"

"သိပ်လှတယ်နော် ဘဘ"

"ဘဘတို့ လူငယ်တွေ သိပ်ကြိုက်တာပေါ့ကွယ်၊ နောက်'အစွန်းထွက်တန်ဖိုး'ဆိုတာက ဘောဂဗေဒမှာ သုံးတဲ့စကား 'လက်ဝဲဆန်တယ်…ပေါ့၊ ကိုမြတ်လေးက 'ခွန်းဆက်ရန်ငြိုးအမိရယ် အမိရယ်၊ အစွန်းထွက်တန်ဖိုး မရှိတယ် မရှိတယ်…တဲ့"

"ဟုတ်ကဲ့ပါ"

"ကိုမြတ်လေးရဲ့ နာမည်ကျော်'ပင်လုံထိပ်ထားဦး' ဇာတ်ကားမှာ ဇာတ်ဝင်သီချင်းက ကိုမြတ်လေးပဲရေးတာ။ အဲဒီမှာ နဘောထပ်အဖွဲ့ တစ်ခုက 'လူ့လောကဟန်ပန်ရေးနဲ့ ပျမ်းမျှကြေး အဖြေ၊ ဥရောပဆန်ဆန်တွေးတဲ့ ရှမ်းမလေးရေ'တဲ့"

"သိပ်ကောင်းတာပဲနော် ဘဘ"

"အမှတ်တရပြောစရာတစ်ခုက နဘောထပ် အဖွဲ့တွေနဲ့ထင်ရှားတဲ့ ကဗျာဆရာတစ်ယောက် ရှိသေးတယ်ကွဲ့။ တွံတေးသက်ဦးတဲ့။ နဘောသက်ဦးလို့လဲ ခေါ်ကြတယ်။ သူ့ကဗျာတွေထဲက 'ခံခက်ချေ မာန်မက်မေ မုန်းမော့မို့ နှန်းနေ့နေ့နွမ်း'ဆို တဲ့ အဖွဲ့ကလေးကိုတော့ ဘဘ မှတ်ဉာဏ်ထဲမှာ ကျန်နေလေသေးရဲ့"


"ဟုတ်ကဲ့ပါ"

"ဒီတော့ ခေတ်အဆက်ဆက်ဖွဲ့ခဲ့ကြတဲ့ နဘောထပ်အဖွဲ့တွေဟာ အသံချိုသာတဲ့အတွက် စာဖတ်သူတွေရဲ့ အာရုံထဲမှာ စွဲငြိကျန်ခဲ့ပြီး မမေ့နိုင်စရာ စာပေအလှကွက်ကလေးတွေဖြစ်နေတယ်ဆိုတဲ့ အချက်ဟာ ဘာသာစာပေပေါင်းကူးအမြင်နဲ့ ရှုမြင်မိတဲ့ အချက်တစ်ချက်ပဲပေါ့ကွယ်"

"သမီးတော့ မှတ်သားစရာတွေ အများကြီးရသွားပါပြီ ဘဘ"။

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ချင်းပြည်နယ်သို့ ပြည်ပနိုင်ငံမှ ပြန်လာမည့်သူများ အသွားအလာကန့်သတ်ထားရှိရန် မြို့နယ်အားလုံးတွင် ကြိုတင်စီစဉ်ဆောင်ရွက်

**ဟားခါး ဧပြီ ၂၄**

ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ကကျင်းပသော ချင်းပြည်နယ် ကိုဗစ်-၁၉ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ၁၂/၂၀၂၀ အစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်များအရ ချင်းပြည်နယ်အတွင်းသို့ မေလ၌ ထိုင်းနိုင်ငံမှပြန်လာကြမည့် သူများအား သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားရှိနိုင်ရေး မြို့နယ်အားလုံးတွင် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမည်ဖြစ်သည်။ ယခုလက်ရှိတွင်ထိုင်းနိုင်ငံမှ ပြန်လာနိုင်မည့် သူများ၏ လူဦးရေစာရင်းများကို ကြိုတင်စာရင်းကောက်ယူလျက်ရှိသည်။

အဆိုပါအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မေလအတွင်း ထိုင်းနိုင်ငံမှပြန်ရောက်လာမည့်သူများအား ရပ်ကွက်ကျေးရွာအလိုက် မိသားစုများနှင့် ပူးပေါင်း၍ ကြိုတင်စာရင်းကောက်ယူနိုင်ရေး၊ ပြည်နယ်အတွင်း သက်ဆိုင်ရာ မြို့နယ်များအလိုက် သယ်ယူပို့ဆောင်နိုင်ရေး၊ မြို့နယ်များသို့ရောက်ရှိပါက သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းကိုကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ညွှန်ကြားချက်နှင့်အညီ စနစ်တကျစီမံဆောင်ရွက်နိုင်ရေး၊ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ယခုလက်ရှိ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းထားရှိသည့်သူများအား သတ်မှတ်ရက်အတွင်းစနစ်တကျနေထိုင်ရေး၊ စိတ်ပိုင်းဆိုင်ရာအားငယ်မှုမရှိစေရေး၊ စိတ်ဓာတ်တက်ကြွမှုရှိစေရေး ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ (ယာပုံ)

ချင်းပြည်နယ်အတွင်း မြို့နယ်ကိုးမြို့နယ်ရှိပြီး ဧပြီ ၂၁ ရက်တွင် ပြည်ပမှပြန်လည် ဝင်ရောက်လာသူ အသွားအလာကန့်သတ်ခြင်းထားရှိသူဦးရေ ၆၈ ဦးရှိပြီး မေလအတွင်း ထိုင်းနိုင်ငံမှ ပြန်ရောက်လာမည့်သူများအား သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းထားရှိနိုင်ရေး ပြည်နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေး၊



ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်အရ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ လိုအပ်မည့် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများ၊ ရေအိမ်၊ ရေချိုးခန်းများ၊ ကျန်းမာရေးစစ်ဆေးစောင့်ကြည့်မှုများနှင့် အခြားသော ဝန်ဆောင်မှုလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်နိုင်စိုး(ပြန်/ဆက်)**

## ဘက်စုံစွမ်းဆောင်ရည်ဆု(ဆေးရုံ) ရရှိသည့် လှိုင်ကော်မြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်

**လှိုင်ကော် ဧပြီ ၂၄**

တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုကို အခြေခံ၍ ဘက်စုံစွမ်းဆောင်ရည်ဆု (ဆေးရုံ) ရရှိသည့် ကယားပြည်နယ် လှိုင်ကော်မြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးကို အကြိမ်(၂၀)မြောက် မြန်မာ့သမားတော်များနေ့ ညီလာခံတွင်ဆုချီးမြှင့်ပေးအပ်ခဲ့ပြီး ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်နယ်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့်အတွက် လှိုင်ကော်မြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေး ခန်းမ၌ ကျင်းပခဲ့သည်။ (ယာပုံ)



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ စွမ်းဆောင်မှုကို အသိအမှတ်ပြု ဂုဏ်ယူပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် နှိုင်းယှဉ်မည်ဆိုပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းဆေးပညာဦးစီးဌာနများကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပံ့ပိုးမှုမနိမ့်ကျဘဲ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဝန်ထမ်းများအားလုံးအနေဖြင့်လည်း မိမိတို့တာဝန်များကို ကျေပွန်အောင် စည်းလုံးညီညွတ်စွာဖြင့် စွမ်းဆောင်ပေးနေသည်ကိုလည်း တွေ့မြင်ရ၍ ဂုဏ်ယူမိပါကြောင်း၊ ပြည်နယ်အနေဖြင့်လည်း တိုင်းရင်းဆေးပညာဦးစီးဌာနအပေါ် ပံ့ပိုးမှုများနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းရင်းဆေးပညာဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်မှုအပေါ်တွင်လည်းကောင်း အသိအမှတ်ပြုလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာဖြင့် ထပ်ဆင့်ဂုဏ်ပြုခြင်းဖြစ်ရာ တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့ရာ သက်ဆိုင်ရာ ပြည်နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူးနှင့် လှိုင်ကော်မြို့နယ်ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ ဆေးရုံအုပ်တို့က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းလေး (ပြန်/ဆက်)**

## လွယ်ဂျယ်မြို့ရှိ ကိုဗစ်-၁၉ စောင့်ကြည့်စင်တာသို့ မီးသတ်တပ်ဖွဲ့က နေ့စဉ် ရေလှူဒါန်းပေးနေ

**ဗန်းမော် ဧပြီ ၂၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား ဧပြီ ၁၆ ရက်မှစ၍ သီးသန့်ထားရှိပြီး အသွားအလာကန့်သတ်၍ ကိုဗစ်-၁၉ နှင့်ပတ်သက်သော ကျန်းမာရေးအခြေအနေ စောင့်ကြပ်ကြည့်ရှုမှုများ ပြုလုပ်လျက်ရှိရာ ၎င်းတို့သုံးစွဲရန်အတွက် သုံးရေများကို လွယ်ဂျယ်မြို့ မီးသတ်တပ်ဖွဲ့က နေ့စဉ် လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ် လုံ့ချွမ်ခရိုင်မှ မြန်မာနိုင်ငံဘက်သို့ နေရပ်ပြန်ဝင်ရောက်လာသူများအား မြန်မာနိုင်ငံက ဧပြီ ၁၆ ရက်မှစ၍ လက်ခံလျက်ရှိရာ ဧပြီ ၂၃ ရက်အထိ ဝင်ရောက်လာသူ မြန်မာနိုင်ငံသား စုစုပေါင်း ၂၄၁၈ ဦး ရှိနေပြီဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများထဲမှ ၃၇၃ ဦးအား အဆိုပါကျောင်းဝင်းအတွင်း ထားရှိ စောင့်ကြည့်လျက်ရှိရာ ၎င်းတို့အတွက် ချိုးရေ၊ သုံးရေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လွယ်ဂျယ်မြို့ မီးသတ်တပ်ဖွဲ့ဝင်များက နေ့စဉ် ရေများလှူဒါန်းပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ပထမဆုံး မဝင်ခင်ကတော့ ရေလုံလောက်အောင် ကြိုတင်ဖြည့်ဆည်းပေးထားပါတယ်၊ ဒါပေမယ့် နောက်ရက်တွေမှာ စောင့်ကြပ်ကြည့်ရှုခံသူဦးရေများလာတာနဲ့အမျှ ရေလိုအပ်ချက် ထပ်ရှိလာပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်များအနေနဲ့ နေ့စဉ် တစ်ရက်ကို ရေဂါလန် ၁၆၀၀ ကို လှူဒါန်းဖြည့်ဆည်းပေးလျက်ရှိပါတယ်။ နောက် လိုအပ်တဲ့အချိန်မှာလည်း ဆက်လက်ကူညီပေးသွားမှာပါ"ဟု လွယ်ဂျယ်မြို့ မီးသတ်တပ်ဖွဲ့မှ တာဝန်ခံ ဦးမင်းကိုက ပြောသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**


## ဝန်းသိုမြို့နယ်ရှိ စာသင်ကျောင်းဆောင် ဆောက်လုပ်နေမှု ၈၅ ရာခိုင်နှုန်းကျော် ပြီးစီး

**ဝန်းသို ဧပြီ ၂၄**- စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကောင်းကွေ့ကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် စာသင်ကျောင်းဆောင် ဆောက်လုပ်နေမှုလုပ်ငန်းအခြေအနေများကို ယမန်နေ့က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်းနှင့် မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းတို့က ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ စာသင်ကျောင်းဆောင်၏ အတိုင်းအတာမှာ အလျားပေ ၆၀ ၊ အနံပေ ၃၀နှင့် အမြင့် ၁၂ ပေ ရှိပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ငွေကျပ်သိန်း၁၀၀၊ အလှူရှင်များနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၁၀၀ ကျော်စုပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဆောက်လုပ်နေခြင်းဖြစ်ကာ လုပ်ငန်းအားလုံး၏ ၈၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကျော်မြိုင် (ပြန်/ဆက်)**


## ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လေးစားပါ။

အခြားအသုံးပြုသူတစ်ယောက်၏
ကိုယ်ရေးအချက်အလက်များအား သက်ဆိုင်သူ၏
သဘောတူညီချက်မရှိပဲ တစ်ဆင့် ပြန်လည်
ဖြန့်ဝေခြင်းမှ ရှောင်ကြဉ်စေလိုပါသည်။



# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လထိ)(ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၉၉၃၂ သန်း ဆောင်ရွက်နိုင် ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၈၂၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် မေ ၂၄**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (မတ်လထိ) (ယာယီ)တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၅၃ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၆၇၉ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉၉၃၂ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ် ကာလတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (မတ်လထိ) တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၂၉၃ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၈၁၅ သန်းဖြစ်၍ ပြည်ပ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇၁၀၈ သန်း ဖြစ်သဖြင့် ယခင်နှစ် ကာလတူထက် ပို့ကုန်တွင် ၉၆၀ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၁၈၆၄ ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၈၂၄ သန်း ပိုမို ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည် -

**တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (မတ်လထိ)(ယာယီ) | ၂၀၁၈-၂၀၁၉ (မတ်လထိ) | နှိုင်းယှဉ်ချက်(+/-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၀၉၃.၂၅၆ | ၁၇၀၈.၂၂၅ | ၃၈၅.၀၃၁ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၅၄.၄၄၇ | ၂၇၅.၃၉၁ | -၂၂၀.၉၄၄ |
| ၃ | ရေထွက်ပစ္စည်းများ | ၄၉၆.၆၃၃ | ၄၃၂.၈၃၆ | ၆၃.၇၉၇ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၁၂၃.၃၃၅ | ၅၄၈.၄၁၇ | ၅၇၄.၉၁၈ |
| ၅ | သစ်တောထွက်ပစ္စည်း | ၉၀.၇၇၇ | ၉၀.၇၄၅ | ၀.၀၃၂ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁၇၄.၄၆၆ | ၄၇၂၅.၆၆၃ | ၄၄၈.၈၀၃ |
| ၇ | အခြားပစ္စည်းများ | ၂၂၀.၂၃၈ | ၅၁၂.၀၉၅ | -၂၉၁.၈၅၇ |
| | **စုစုပေါင်း** | **၉၂၅၃.၁၅၂** | **၈၂၉၃.၃၇၂** | **၉၅၉.၇၈၀** |

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့သည်-

**တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း**

| | | | | |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၄၁၉၃.၈၃၈ | ၂၇၉၄.၉၁၂ | ၁၃၉၈.၉၂၆ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၃၉၃၆.၃၂၉ | ၃၆၉၉.၀၀၂ | ၂၃၇.၃၂၇ |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၅၄၉.၂၈၃ | ၂၃၂၁.၄၂၀ | ၂၂၇.၈၆၃ |
| | **စုစုပေါင်း** | **၁၀၆၇၉.၄၅၀** | **၈၈၁၅.၃၃၄** | **၁၈၆၄.၁၁၆** |

**သတင်းစဉ်**

# ဆွာမင်းလမ်း-တံတားကြီး-ရေနီး ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးက ဒေသတွင်းသွားလာရေး အဆင်ပြေနိုင်မည်

**ရေတာရှည် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းတောင်ဘက်ခြမ်းရှိ ဆွာမင်းလမ်း-တံတားကြီး- ရေနီး ကျေးရွာချင်းဆက်လမ်းဖောက်လုပ်လျက်ရှိပြီး မိုးရာသီမတိုင်မီ ပြီးစီးနိုင်မည်ဖြစ်ရာ ဆွာမြို့အရှေ့ဘက်ခြမ်းဒေသနေသူများ အနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များတွင် များစွာ အဆင်ပြေကြမည်ဖြစ်သည်။ ဒေသတွင်းလိုအပ်ချက်များအရ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရန်ကုန်-မန္တလေးကားလမ်း၏ အရှေ့ဘက် ဆွာမင်းလမ်းကျေးရွာမှ တံတားကြီးကျေးရွာအထိ ၁ မိုင် ၂ ဖာလုံအရှည်ရှိ ကျောက်ရော မြေသားလမ်းကိုလည်းကောင်း၊ ယခုနှစ်တွင် တံတားကြီး-ရေနီး လမ်းပိုင်းအရှည် ၁ မိုင် ၂ ဖာလုံကို ကျောက်ရောမြေသားလမ်းအဖြစ် လည်းကောင်း ဖောက်လုပ်လျက်ရှိသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ရွာက ရေကြီးလျှံမှုဖြစ်ပြီးကတည်းက တစ်ရွာလုံးသဲတွေ ဖုံးနေတော့ လမ်းလျှောက်ရတာလည်း အဆင်မပြေ၊ ဆိုင်ကယ်စီးလို့လည်း အဆင်မပြေဖြစ်နေတာကြာပြီ။ အခုဆို ရွာထဲကနေ ကျောက်ရောမြေသားလမ်း အဖြစ် ဖြတ်သွားတော့ အတိုင်းမသိဝမ်းသာတယ်။ အရင်တုန်းကဆို ကျွန်တော်တို့ရွာကို ဖြတ်ပြီးသွားတဲ့သူတောင်သိပ်မရှိဘူး" ဟု တံတားကြီးကျေးရွာနေ ဒေသခံရွာသားတစ်ဦးက ပြောသည်။ ဆွာချောင်း အရှေ့ဘက်ခြမ်းရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံများသည် ယခုလမ်းပိုင်းသာ ပြီးစီးသွားပါက ရေတာရှည်မြို့နှင့် တောင်ငူမြို့များသို့ ခရီးသွားလိုပါက ဆွာမြို့သို့ဝင်စရာမလို တော့ပဲ ကျေးရွာချင်းလမ်းပိုင်းမှ အချိန်တိုအတွင်း သွားလာနိုင်မည် ဖြစ်သည်။ **(အောက်ပုံ)**

**သန်းလွင်**



# နေပြည်တော်တွင် အသွားအလာကန့်သတ်ခြင်းဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် နေပြည်တော်ပြင်ပဒေသမှ ဝင်ရောက်လာသူများနှင့် ယာဉ်များကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

"နေပြည်တော်မှာ စစ်ဆေးရေးဂိတ် ခြောက်ခုနဲ့ ဘူတာ လေးနေရာတို့မှာ ကျန်းမာရေးဝန်ထမ်းတွေက စစ်ဆေးမှုပြုလုပ်ပါတယ်။ လိုအပ်ရင် သတ်မှတ်ထားတဲ့နေရာတွေမှာ အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိဖို့ စီစဉ်ပေးပါတယ်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့နေရာဒေသက ပြန်လည်ရောက်ရှိလာသူတွေကိုတော့ သက်ဆိုင်ရာမြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်နေရာတွေမှာထားရှိပြီး စောင့်ကြပ်ကြည့်ရှုပါတယ်။ ၂၃-၄-၂၀၂၀ ရက်နေ့အထိ ၁၄၀ လက်ခံစောင့်ကြည့်ထားပါတယ်" ဟု နေပြည်တော် ပြည်သူ့ကျန်းမာရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအေးအေးမာက ပြောသည်။

မြို့နယ်အလိုက် အသွားအလာ ကန့်သတ်စောင့်ကြည့်နေရာများ၌ စောင့်ကြည့်ထားရှိသူ ဦးရေတို့မှာ ပျဉ်းမနား ၁၁ ဦး၊ လယ်ဝေး ၅၄ ဦး၊ ဇမ္ဗူသီရိ ခုနစ်ဦး၊ ဇေယျာသီရိ တစ်ဦး၊ တပ်ကုန်း ၄၄ ဦး၊ ပုဗ္ဗသီရိ ၁၈ ဦးနှင့် ဥတ္တရသီရိ ငါးဦး စုစုပေါင်း ၁၄၀ တို့ဖြစ်သည်။

နေပြည်တော်မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောနိုင်ငံများနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများမှ ပြန်လည်ရောက်ရှိလာသူများအား အသွားအလာကန့်သတ်စောင့်ကြည့်လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက် ရှိရာ ၂၃-၄-၂၀၂၀ ရက်နေ့အထိ အသွားအလာကန့်သတ်စောင့်ကြည့်နေရာ သုံးနေရာဖြစ်သည့် ဒက္ခိဏသီရိ နယူးရောဟိုတယ်တွင် ခြောက်ဦး၊ ဇမ္ဗူသီရိ မြို့နယ် စည်ပင်ဧည့်ရိပ်သာတွင် ၅၇၆ ဦး၊ ရွာတော်တည်းခိုရိပ်သာ(၃)တွင် ၅၀၃ ဦး စုစုပေါင်း ၁၀၈၅ ဦးရှိကြောင်း သိရသည်။ နေပြည်တော်ကောင်စီ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းကော်မတီသည် သက်ဆိုင်ရာဌာနများ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ပြည်သူများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။ **နေပြည်တော်(ပြန်/ဆက်)**



# တားဆီးဟန့်တား Quarantine အကျိုးကျေးဇူးများ

မာဦး(သီးနှံကာကွယ်ရေး)

**မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် လတ်တလောကြားဖူးနားဝရှိလာသော စကားလုံးနှစ်လုံးမှာ ကိုဗစ်နိုင်တင်း (Covid-19)နှင့် ကွာရန်တင်း (Quarantine) ဟူသည့် စကားလုံးနှစ်လုံး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါသည် ၎င်းရောက်ရှိရာအရပ်၌ လူကို ဒုက္ခပေးသည့်ရောဂါဖြစ်ကြောင်းနှင့် ကွာရန်တင်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိအောင် ဥပဒေပြဋ္ဌာန်းချက်များ ထုတ်ပြန်ပြီး တားဆီးသော လုပ်ငန်းစဉ် ဖြစ်ကြောင်းကိုလည်း နားလည်သဘောပေါက်နေကြပြီ ဖြစ်ပါသည်။**



ယခုအချိန်သည် Plant Quarantine လုပ်ငန်းနှင့် ၎င်းလုပ်ငန်းကို မည်သည့်အတွက်ကြောင့် ဆောင်ရွက်ရသည်၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် မည်သည့်အကျိုးကျေးဇူးရရှိလာမည် စသည့်အကြောင်းအရာများကို အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်သွင်း၊ တင်ပို့ခြင်းလုပ်ငန်းများနှင့် ဆက်စပ်ပတ်သက်သော လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် အခြားဆက်စပ်ပတ်သက်မှုရှိတတ်သော လူများအား သဘောပေါက်အောင် ရှင်းပြရန် အကောင်းဆုံးအချိန်ဖြစ်မည်ဟု ယူဆမိသောကြောင့် ယခုဆောင်းပါးကို ရေးသားခြင်း ဖြစ်ပါသည်။

၁၉ ရာစု အစောပိုင်းကာလတွင် အမေရိကန်ပြည်ထောင်စုမှ စတင်လုပ်ဆောင်ခဲ့သော Quarantine လုပ်ငန်းကို တိုးတက်သော နိုင်ငံများအားလုံး၌ အရှိန်အဟုန်ဖြင့် ဖွဲ့စည်း ဆောင်ရွက်နေကြပါသည်။ Human Quarantine, Animal Quarantine နှင့် Plant Quarantine ဟူသော Quarantine အမျိုးအစား သုံးမျိုးရှိသဖြင့် ညီအစ်မသုံးဖော် (3 Sisters) ဟုလည်း ဆိုကြပါသည်။

Covid- 19 Quarantine လုပ်ခံရမည်ကို ကြောက်သောနိုင်ငံသားများ၊ မလိုက်နာသောသူများ ၊ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများကို အသိမပေး ခိုးဝှက်ပြီး နေထိုင်ကြရာမှ အချိန်လွန်ရောဂါထပ်တွေ့၊ ကူးစက်ပျံ့နှံ့ပြီး မလိုလားအပ်သော ဆိုးကျိုးများနှင့် အပြစ်မဲ့ပြည်သူများအား Covid-19 ၏ ဒုက္ခပေးတာကိုလည်း တွေ့နေကြပြီဖြစ်ပြီး Quarantine ၏ အကာအကွယ်ကိုလည်း ရယူချင်နေကြပြီ ဖြစ်ပါသည်။

**ဖျက်ပိုးများ မဝင်ရောက်စေနိုင်သော Plant Quarantine**

နိုင်ငံခြားမှ ပြန်လာသည့်သူများ၊ Covid-19 ရောဂါသယ်ဆောင်သူများနှင့် ဆက်စပ်ထိတွေ့မိသည့်သူများအား Quarantine Camp ၌ သီးခြားထား၍ စောင့်ကြည့်သကဲ့သို့ သီးနှံပင်များတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများကို ပြည်ပမှ ဝင်ရောက်မှုမရှိစေရန် ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်နေသည့် Plant Quarantine လုပ်ငန်းအား ပူးပေါင်းလိုက်နာဆောင်ရွက်ရမည့်အချက်များကို သတိမထားမိကြဘဲ အတားအဆီးအနှောင့်အယှက်ပေးသော လုပ်ငန်းစဉ်တစ်ခုဟု ယူဆတတ်ကြပါသည်။ ဖျက်ပိုးများ ဝင်ရောက်လာမှုမရှိစေရန် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းများကို လုပ်ဆောင်မှုမရှိဘဲ စိုက်ပျိုးသီးနှံများတွင် ကျရောက်သော ဖျက်ပိုးများအား ဓာတုပိုးသတ်ဆေးမျိုးစုံသုံး၍ နှိမ်နင်းခြင်းကို စိတ်အားထက်သန်စွာ ဆောင်ရွက်နေကြပါသည်။ အကျိုးဆက်ရလဒ်အနေဖြင့် စိုက်ပျိုးထွက်ကုန်များတွင် ဓာတုဓာတ်ကြွင်းများ ပါဝင်ခြင်းကြောင့် နိုင်ငံ၏ လယ်ယာထွက်ကုန်များ ဈေးကောင်းရရှိခြင်းမရှိသည်အထိ ဖြစ်ပေါ်စေနိုင်ပါသည်။

နိုင်ငံခြားမှ တင်သွင်းသည့် အပင်နှင့် မျိုးစေ့များ၊ သီးနှံများကို Quarantine လုပ်ဆောင်ရန် ကျွန်တော်တို့နိုင်ငံတွင် စိတ်ဝင်စားမှုနည်းပါးကြပါသည်။ တိုးတက်သောနိုင်ငံတိုင်း၌ ၎င်းတို့နိုင်ငံတွင် မရှိသေးသော ဖျက်ပိုးများနှင့် စီးပွားရေးအရ ပျက်စီးဆုံးရှုံးစေနိုင်သော ဖျက်ပိုးများကို(Quarantine Pest- တားဆီးထိန်းချုပ်ရန် လိုအပ်သောဖျက်ပိုး) များအဖြစ် သတ်မှတ်ပြီး မိမိနိုင်ငံထဲသို့ လုံးဝ (လုံးဝ) အဝင်မခံရအောင် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်၊ တင်းကျပ်သော ဥပဒေ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေကြပါသည်။

လူသားတွေအားလုံး ကြောက်စရာကောင်းသည့် ကူးစက်ပြန့်ပွားရောဂါများကို ကာကွယ်ထိန်းချုပ်ရန် Human Quarantine လုပ်ငန်းရှိသကဲ့သို့ စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍတစ်ခုလုံးအတွက် အရေးကြီးသော အပင်နှင့် မျိုးစေ့များ နိုင်ငံခြားမှ တင်သွင်းမှုမှာလည်း Plant Quarantine လုပ်ငန်းကို နိုင်ငံတိုင်းတွင် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၁၄ ခုနှစ်ကတည်းက ရှိပြီးသည့် ဥပဒေတစ်ခုဖြစ်သည့် Insect & Pest Act ဥပဒေကို နိုင်ငံတကာနှင့်အညီ အသစ်ပြဋ္ဌာန်းနိုင်ရေးအတွက် FAO မှ ပညာရှင်တစ်ဦးဖြစ်သော Dr. Osmo Revinon ၏ အကူအညီကို ရယူရေးဆွဲပြီး ၁၉၉၃ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ ၌ Plant Pest Quarantine Law ကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများ ၌ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေဖြင့်(By Law) တားဆီး ပိတ်ပင်ခြင်း၊ သက်သေခံလက်မှတ်များ(Certification) အပြန်အလှန်ထုတ်ပေးခြင်း၊ တင်သွင်းချိန်လွန် ပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးလုပ်ငန်း (Post Entry Quarantine) များကို ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၃ ခုနှစ် ဥပဒေ မပြဋ္ဌာန်းမီကပင် ၁၉၈၉ ခုနှစ်မှစပြီး နိုင်ငံကိုယ်စားပြု အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့အစည်း (NPPO) အဖြစ် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

**နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရသော လုပ်ငန်း**

Plant Quarantine လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်း လုပ်ဆောင်ရသည့် လုပ်ငန်းမျိုး မဟုတ်ဘဲ နိုင်ငံတကာနှင့် ဆက်သွယ်ညှိနှိုင်းလိုက်နာ အတူတကွဆောင်ရွက်ရသော လုပ်ငန်းမျိုး ဖြစ်ပါသည်။ IPPC (International Plant Protection Convention) သည် ကမ္ဘာ့အပင်အရင်းအမြစ်များအား ဖျက်ပိုးများ နိုင်ငံဖြတ်ကျော်ဝင်ရောက် ပျံ့နှံ့ဖျက်ဆီးခြင်းမှ ကာကွယ်ရန်နှင့် ဘေးကင်းလုံခြုံသော ကုန်သွယ်မှုဖြစ်ပေါ်စေရန် ရည်ရွယ်၍ ကမ္ဘာ့နိုင်ငံများ၏ အစိုးရများမှ အတူတကွညှိနှိုင်း ပူးပေါင်းချမှတ်ပြီး လိုက်နာဆောင်ရွက်မည်ဟု အဖွဲ့ဝင်အဖြစ် ပါဝင်ကာ လက်မှတ်ရေးထိုးထားသော သဘောတူညီချက်ဖြစ်သည်။

The 183 signatories adhere to the Convention. (23 Oct 2019) Source: FAO legal website

၁၉၅၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပခဲ့သော ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization – FAO) ၏ အစည်းအဝေးတွင် IPPC (International Plant Protection Convention) ကို ဆောင်ရွက်နိုင်ရန် ချမှတ်ခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၃ နိုင်ငံမှ ပါဝင်သဘောတူလက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။

အဖွဲ့ဝင်နိုင်ငံများအားလုံး တစ်ပြေးညီလိုက်နာရန်အတွက်လည်း အပင်ကျန်းမာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျင့်သုံးဆောင်ရွက်ရမည့်နည်းလမ်းများအတွက် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ (International Standard for Phytosanitary Measures – ISPMs) ကိုလည်း (ISPM-43) အထိ ပြဋ္ဌာန်းရေးဆွဲပြီးဖြစ်ပါသည်။ နိုင်ငံတကာနှင့် ကုန်သွယ်မှုပြုရာတွင် အပင်နှင့်အပင်ထွက် ပစ္စည်းများအတွက် ချမှတ်ထားသော စံချိန်စံညွှန်းများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရပါသည်။

မြန်မာနိုင်ငံတွင် ၁၉၉၃ ခုနှစ်၌ ပြဋ္ဌာန်းထားသော အပင်ပိုးမွှားကာကွယ်သည့် ဥပဒေကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရန်အတွက် အသစ်ပြန်လည်ရေးဆွဲထားသော အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်း၊ တင်ပို့ခြင်းဆိုင်ရာဥပဒေသစ်ကို အတည်ပြုနိုင်ရေးကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။

ဤနေရာတွင် မည်သည့်အတွက်ကြောင့် နိုင်ငံတကာ၌ Plant Pest Quarantine အား တင်းတင်းကျပ်ကျပ်ဆောင်ရွက်ကြသည်ကို ရှင်းလိုပါသည်။

မိမိနိုင်ငံ၌ မရှိသေးသည့်ဖျက်ပိုးများ ရှိသော်လည်း များစွာပြန့်ပွားမှုမရှိသေးသည့်ဖျက်ပိုးများ၊ နိုင်ငံထဲရောက်လာလျှင် မည်သည့်အချိန်တွင် ဆိုးရွားစွာဖျက်ဆီးမှုများ ရှိလာမည်ဆိုသည်ကို မသိနိုင်သည့် ဖျက်ပိုးများအတွက် Quarantine ကို ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ ဖျက်ပိုးများသည် စားသောက်ရန် ကုန်သွယ်သည့် သီးနှံထွက်ကုန်များ၊ စိုက်ပျိုးရန်ကုန်သွယ်သည့် အပင်နှင့် မျိုးစေ့များ၊ မျိုးပိုင်းများ၊ ၎င်းတို့ကို သယ်ဆောင်လာသည့်ယာဉ်၊ တိရစ္ဆာန်၊ container ထုပ်ပိုးပစ္စည်းများနှင့် အတူပါလာတတ်ကြပါသည်။ မျိုးအသစ်လက်ဆောင်ပေးခြင်း၊ တင်သွင်း/တင်ပို့ခြင်း၊ စားနပ်ရိက္ခာ အကူညီပေးခြင်း (သာဓကအားဖြင့် အာဖရိကနိုင်ငံတစ်ခုတွင် စားနပ်ရိက္ခာပြတ်လပ်သဖြင့် စားနပ်ရိက္ခာပံ့ပိုးရန်အတွက် အကူအညီပေးသော ပြောင်းဖူးမှုန့်များကို စစ်ဆေးခြင်းမပြုဘဲ လက်ခံခဲ့သည့်အတွက် ပြောင်းမှုန့်တွင်ပါလာသော ဖျက်ပိုးတစ်မျိုးကြောင့် နောင်တွင် ၎င်းနိုင်ငံထဲ၌ အဆိုပါပိုးပျံ့နှံ့ပြီး ဆုံးရှုံးမှုများ အကြီးအကျယ်ဖြစ်ကာ တကယ့်ကို အငတ်ဘေး ဆိုက်သွားခဲ့ဖူးသည်) တို့ကြောင့်လည်း ကိုယ့်နိုင်ငံမှာ မရှိသေးသော ဖျက်ပိုးများသည် နိုင်ငံထဲဝင်ရောက်လာနိုင်ပြီး အခြေချခွင့်ရသွားကြသည်။ ဝင်လာပြီးနောက်ပိုင်းတွင် အကျိုးဆက်အားဖြင့်–

- ဖျက်ပိုးကိုနှိမ်နင်းနိုင်သည့် သဘာဝ သားရဲကောင်များ မရှိသေးသည့်အတွက် အထိန်းအကွပ်မဲ့ ပေါက်ပွားမည်။
- ကိုယ့်နိုင်ငံ ရာသီဥတုအခြေအနေသည် ဖျက်ပိုးအကြိုက် ဖြစ်နေသည့်အတွက် အထိန်းအကွပ်မဲ့ ပေါက်ပွားနိုင်မည်။
- ပိုးအသစ်ကြောင့် ပိုးသတ်ဆေးအသစ် (သို့) ပိုးသတ်ဆေး ပိုသုံးရပါမည်။
- တောင်သူများ ငွေပိုကုန်နိုင်သည်။ ဆေးဖျန်းရသောကြောင့် ပိုးသတ်ဆေးအန္တရာယ် ပိုတိုးလာမည်။
- ဓာတုဓာတ်ကြွင်းပြဿနာ ပိုတိုးလာမည်။
- စားသုံးသူများအတွက်လည်း အဆိပ်အတောက်ပိုများလာနိုင်မည်။
- သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများ ပိုများလာမည်။
- ထွက်ကုန်သီးနှံအား ဈေးကွက်တွင် လက်မခံနိုင်ဖြစ်လာမည်။
- နိုင်ငံ့ထွက်ကုန်များ ဈေးနှိမ်ခံရပြီး နိုင်ငံတော်ဝင်ငွေကျဆင်းမည်။

ဆက်စပ်ပြောဆိုရမည့် အကျိုးဆက်များအား ပြောပြရလျှင် အများကြီး ဖြစ်ပေတော့မည်။ Food chain ကြီးတစ်ခုလုံးကို သက်ရောက်စေခြင်းဖြစ်သည်။

**“လူသားတွေအားလုံး ကြောက်စရာကောင်းသည့် ကူးစက်ပြန့်ပွားရောဂါများကို ကာကွယ်ထိန်းချုပ်ရန် Human Quarantine လုပ်ငန်းရှိသကဲ့သို့ စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍတစ်ခုလုံးအတွက် အရေးကြီးသော အပင်နှင့် မျိုးစေ့များ နိုင်ငံခြားမှ တင်သွင်းမှုမှာလည်း Plant Quarantine လုပ်ငန်းကို နိုင်ငံတိုင်းတွင် ဆောင်ရွက်လျက်ရှိ။ မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၁၄ ခုနှစ်ကတည်းက ရှိပြီးသည့် ဥပဒေတစ်ခုဖြစ်သည့် Insect & Pest Act ဥပဒေ ကို နိုင်ငံတကာနှင့်အညီ အသစ်ပြဋ္ဌာန်းနိုင်ရေးအတွက် FAO မှ ပညာရှင်တစ်ဦးဖြစ်သော Dr. Osmo Revinon ၏ အကူအညီကို ရယူရေးဆွဲပြီး ၁၉၉၃ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ ၌ Plant Pest Quarantine Law ကို ပြဋ္ဌာန်းနိုင်ခဲ့”**

*စာမျက်နှာ ၂၅ သို့*

## ဒေါက်တာမြင့်မြင့်စိန် (မေ့ဆေးအထူးကု ဆရာဝန်ကြီး)အား ဂုဏ်ပြုသောအားဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှာဖွေရေးစက်ပစ္စည်း လှူဒါန်း

**မင်းဘူး ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပြည်ဆေးရုံမှ မေ့ဆေးအထူးကု ဆရာဝန်ကြီး ဒေါက်တာမြင့်မြင့်စိန်အား ဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ်သိန်း၂၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါရှာဖွေရေးစက်ပစ္စည်း Video Assisted Laryngoscope Unit (For COVID-19) လာရောက်လှူဒါန်းခြင်းကို ယမန်နေ့က မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းသည်။

"အခုလို လာရောက်လှူဒါန်းဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ ပြည်မြို့မှာဖြစ်သွားတဲ့ ဒေါက်တာမြင့်မြင့်စိန် (မေ့ဆေးအထူးကု ဆရာဝန်ကြီး)တင်ထားတဲ့ လူမှုကွန်ရက်စာမျက်နှာမှာ ဒီပစ္စည်းလေးအကြောင်း တင်ထားတာတွေ့လိုက်ရပါတယ်။ အဲဒီ Page မှာ အခု လှူဒါန်းလိုက်တဲ့ စက်ပစ္စည်းမျိုးမရှိဘဲနဲ့ လူနာကို ကရုဏာသက်ပြီးတော့ မိမိကိုယ်ကျိုးမငဲ့ကွက်ဘဲနဲ့ သူ့ရဲ့ကာကွယ်ရေးမှန်လုပ်ကြည့်ကာ စစ်ဆေးလိုက်တဲ့အခါမှာ ကူးစက်ခံခဲ့ရတာပါ၊ အဲဒီအတွက် ဒီကိရိယာလေးသာရှိခဲ့မယ်ဆိုရင် သူဒီလိုမျိုး ကူးစက်ခံရမှာ မဟုတ်ပါဘူး။ ကုသရေးဆေးရုံတွေမှာ ဒီလိုပစ္စည်းတွေ လိုအပ်တယ်လို့ ဆရာမကြီးက သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ တင်ထားတာ တွေ့လိုက်ရပါတယ်။ ဆရာမကြီး ဒေါက်တာမြင့်မြင့်စိန် (မေ့ဆေးအထူးကု ဆရာဝန်ကြီး)ကို ဂုဏ်ပြုတဲ့အနေနဲ့လည်း လှူဒါန်းတာ ဖြစ်ပါတယ်" ဟု အလှူရှင်ဦးခင်မောင်ချိုက ပြောသည်။



အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှာဖွေရေးစက်ပစ္စည်းအား အလှူရှင်ပြည်သူက လှူဒါန်းပေးစဉ်။

ဆက်လက်၍ မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာမေလဲ့ထွန်းက ယခုရောဂါရှာဖွေရေး ပစ္စည်းကိရိယာနှင့် လူနာလည်ချောင်းထဲကို ထည့်ပြီး ရောဂါ ရှိ/မရှိ Screen မှာ ကြည့်ရမည် ဖြစ်သည့်အတွက် များစွာအသုံးဝင်ကြောင်း၊ လှူဒါန်းရရှိသော စက်ပစ္စည်းနှင့်ပတ်သက်၍ အသုံးပြုပုံ အသေးစိတ်ကို ရှင်းလင်းပြောကြားခဲ့ပြီး၊ ခရိုင်ဆေးရုံအုပ်ကြီးက အလှူရှင်ဖြစ်ကြသော မင်းဘူးမြို့ အောင်လံဆီ စက်(၂)၊ လူသုံးကုန်ပစ္စည်းမျိုးစုံရောင်းဝယ်ရေးမှ ဦးခင်မောင်ချို- ဒေါ်ခင်မာချို မိသားစုထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

**ကျော်စိုးဝင်း၊ မောင်မောင်(မင်းဘူး)**

## ချောင်းဆုံပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ကာကွယ်ရေး သီးသန့်ဆေးကုခန်းဖွင့်လှစ်

**ချောင်းဆုံ ဧပြီ ၂၄**

မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ရိုးရိုးဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများအား သီးသန့်ပြင်ပလူနာများ ပြသနိုင်ရန် ဆေးကုသခန်းကို ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမအရှေ့ဘက်ဆောင်၌ ဧပြီတတိယပတ်က ဖွင့်လှစ်ထားသည်။

မြို့နယ်အတွင်းရှိ ဖျားနာ၊ ချောင်းဆိုး၊ လူနာများအား ပိတ်ရက်မရှိ နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့်၁၂ နာရီ အထိ အခမဲ့ပြသနိုင်ပြီး နာတာရှည်ရောဂါများဖြစ်သည့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ စသည့်ရောဂါများအား ယခင်ပြသည့်နေရာတို့တွင် ဆက်လက်ပြသနိုင်ကြောင်း၊ လူနာများအနေဖြင့် ဆေးခန်း ပြင်ပချိန်တွင် ရောဂါနှင့်ပတ်သက်၍ ဆွေးနွေးလိုပါက ဆက်သွယ်မေးမြန်းနိုင်ရန် ဆရာဝန်အမည် အချိန်နှင့် ဖုန်းနံပါတ်များကိုလည်း ထုတ်ပြန်ပေးထားကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေနံနှင့်ပတ်သက်သည့် အခွန်အခများ လျှော့သင့်၊ မသင့် ကိစ္စအား ပြန်သုံးသပ်ပေးမည်

**မကွေး ဧပြီ ၂၄**

ကမ္ဘာ့ရေနံဈေး ကျဆင်းမှုနှင့်အတူ မကွေးတိုင်းဒေသကြီးရှိ ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းများ၌ အဆင်မပြေမှုများ ဖြစ်နေကြောင်းသိရပြီး ယင်းအခြေအနေအပေါ် အခွန်အခများ လျှော့သင့် ၊ မသင့် ကိစ္စကို ပြန်၍ သုံးသပ်ပေးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်ထံမှ သိရသည်။

ရေနံထုတ်လုပ်သည့်အခါ ဂါလန် ၅၀ ဆံ့ တစ်ပီပါလျှင် အထွေထွေကုန်ကျစရိတ်မှာ ငွေကျပ် ၃၁၂၅၀ ကျသင့်ပြီး လက်ရှိရေနံတစ်ပီပါ ပေါက်ဈေးမှာ ငွေကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ အထိသာ ရောင်းရသည့်အတွက် ရေရှည်လုပ်ငန်းရပ်တည်နိုင်ရေး အစိုးရဘက်မှ အခွန်အခများ ဖြေလျှော့ပေးရန် လုပ်ငန်းလုပ်ကိုင်သူများက မျှော်လင့်လျက်ရှိသည်။

"သူတို့ရဲ့လုပ်ငန်းတွေ မလည်ပတ်နိုင်တာ ၊ အရှုံးခံလုပ်နေတာကို ကိုယ်ချင်းမစာလို့ မဟုတ်ဘူး။ ကိုယ်ချင်းစာတယ်။ သူတို့လည်း နိုင်ငံသားတွေပဲ။ အခြေအနေတည်ငြိမ်တဲ့အချိန်မှာ ဒီဒေသမှာ ပေါက်ဈေး ဘယ်လောက်ရှိတယ်၊ အခွန်အခတွေ ဘယ်လိုလုပ်ရမလဲဆိုတာကို ကျွန်တော်တို့ အစိုးရအဖွဲ့မှာ ညှိနှိုင်းပြီးတော့ လုပ်သင့်လုပ်ထိုက်တာတွေကိုတော့ အကုန်လုပ်ပေးမှာပါ " ဟု တိုင်းဒေသကြီးဝန်ကြီးက ပြောသည်။

ကမ္ဘာ့ကပ်ရောဂါကာလ၌ ရေနံလုပ်ငန်းများ အရှုံးဘက်သို့ ဦးတည်နေချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ရေနံချက်ဖိုများ ပိတ်လိုက်သဖြင့် မကွေးတိုင်းဒေသကြီးမှထွက်သည့် ရေနံစိမ်းပို့ဆောင်မှုလုပ်ငန်း၌ အခက်အခဲအချို့ဖြစ်ပေါ်ခဲ့ပြီး ရေနံများကို သိုလှောင်ရန်၊ မီးဘေးကာကွယ်ရန်နှင့် လုပ်သားများ၏ စားဝတ်နေရေးဖြေရှင်းရန် ကိစ္စများ၌ ဝန်ထုပ်ဝန်ပိုးများ ရှိနေကြောင်း ရေနံလုပ်ငန်းခွင်မှ သိရသည်။

"လုပ်ငန်းတွေ ရပ်ကုန်ရင် ရေနံလုပ်သားတွေ ၊ သူတို့ကို မှီခိုနေတဲ့ မိသားစုတွေ အခက်အခဲဖြစ်ကုန်တော့မှာပါ။ အကောင်းဆုံးဖြေရှင်းနည်းက သူတို့ကို အလုပ်ပေးဖို့ပါပဲ။ အဲဒီလိုပေးနိုင်အောင် အလုပ်ဆက်ပြီး လည်ပတ်ဖို့လိုပါတယ်။ အလုပ်လည်ပတ်ဖို့ကလည်း ဖြေလျှော့ပေးမှ လည်ပတ်နိုင်မှာပါ ။ ယာယီအခွန်နှုန်းထားတွေနဲ့ ကာကွယ်ပေးမယ်ဆိုရင် လုပ်ငန်းရှင်တွေလည်း အသက်ရှူချောင်မှာပါ " ဟု မြိုင်မြို့နယ်တွင် ရေနံလုပ်ငန်းလုပ်ကိုင်သူ ဦးစောနိုင်ဦးက ပြောသည်။

**ဇေယျာတု(မကွေး)**

## ပန်းတနော်မြို့၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ယာယီပျံကျဈေး စတင်ဖွင့်လှစ်

**ပန်းတနော် ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ လူစုလူဝေးမဖြစ်ပေါ်စေရန်နှင့် ပြည်သူများက အခြေခံစားကုန်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသောက်နိုင်စေရန်အတွက် မြို့မဈေး ယာယီပျံကျဈေးကို အနောက်ပိုင်းရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းနေရာ၌ ယမန်နေ့က စတင်၍ နေ့စဉ်နံနက် ၆နာရီမှ ၁၀ နာရီအထိရောင်းချခွင့်ပြုထားကြောင်း သိရသည်။ **(အောက်ပုံ)**



အဆိုပါ ယာယီပျံကျဈေးအတွင်း ရောင်းချနေသည့် ဈေးသည်များကို မြို့နယ်စည်ပင်သာယာရေးမှ တာဝန်ရှိသူများက ကြီးကြပ်၍ ဈေးရောင်းဈေးဝယ်သူများအနေဖြင့် သတ်မှတ်အကွာအဝေးနေရာများတွင် ရောင်းချဝယ်ယူနိုင်ရေး၊ အသားငါးများ၊ စားသုံးကုန်ပစ္စည်းများ ရောင်းချသူများနှင့် ဈေးဝယ်သူများအနေဖြင့်လည်း နှာခေါင်းစည်း တပ်ဆင်ရန်၊ လက်အိတ်များကို အသုံးပြုရန်၊ လက်ဆေးကန်တွင် လက်ဆေးပြီးမှ ဈေးအတွင်းသို့ဝင်ရန်၊ စွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာများတွင် စည်းကမ်းတကျ စွန့်ပစ်ရေးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီက ချမှတ်ထားသည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ကြိုတင်အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**အေးချမ်းအောင်(ပန်းတနော်)**

*စာမျက်နှာ ၂၄ မှ*

နိုင်ငံတကာတွင် မိမိနိုင်ငံအတွင်းသို့ တင်သွင်းလာမည့် သီးနှံ၊ အပင် ၊ မျိုးစေ့၊ မျိုးကိုင်းများအတွက် ဖျက်ပိုးအန္တရာယ် ဆန်းစစ်လေ့လာခြင်း (Pest Risk Analysis-PRA) လုပ်ငန်းဆောင်ရွက်ပြီး သူတို့နိုင်ငံထဲမရှိသေးသည့် ဖျက်ပိုး (ပိုးမွှားရောဂါ)များ ဝင်ရောက်မှုကို တားဆီးနေကြပါသည်။ သူတို့နိုင်ငံရှိ သီးနှံစိုက်ခင်းများနှင့် အပင်ထွက်ပစ္စည်းများ ဖျက်ပိုးအသစ်ကြောင့် ဆုံးရှုံးမှုမရှိစေရန် ကြိုတင်ကာကွယ်နေကြပါသည်။

မြန်မာနိုင်ငံမှာတော့ ပိုးမွှားကင်းရှင်းကြောင်း အာမခံချက်မရှိဘဲ အဖွဲ့အစည်းမျိုးစုံမှ နည်းလမ်းမျိုးစုံနှင့် ဝင်ရောက်လာသော သီးနှံ၊ မျိုးစေ့၊ အပင်အစိတ်အပိုင်းများနှင့်အတူ ပါလာသည့် ပိုးမွှားရောဂါမျိုးစုံကို ဓာတုပိုးသတ်ဆေးပေါင်းများစွာအတွက် ငွေအကုန်အကျ များစွာခံပြီး နှစ်ပေါင်းများစွာ နှိမ်နင်းနေကြရပါသည်။

ယနေ့ခေတ် Food Safety လုပ်ငန်းစတင်လုပ်ဆောင်သည့်အချိန်ရောက်မှ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများစွာပါဝင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများဖြစ်ပေါ်ခြင်း၊ ပိုးမွှားရောဂါများကို နှိမ်နင်းရာတွင် ပိုးသတ်ဆေးနှုန်းထားပိုဖျန်းရခြင်း၊ အကြိမ်ရေများစွာ ဖျန်းရခြင်း စသည့်အချက်များကို သတိထားမိလာကြတော့သည်။ ယခုမှ အကျိုးဆက်များကို သိရှိခံစားနေရခြင်းဖြစ်ပါသည်။

Plant Quarantine လုပ်ငန်းကို လိုက်နာရမည်၊ ပူးပေါင်းဆောင်ရွက်ရမည် ဆိုသည့် "အမျိုးသားရေး အသိနှင့် သတိရှိဖို့ရန်အချိန်တန်ပြီ" ဟု ပြောချင်ပါသည်။ Plant Quarantine မလုပ်ခဲ့ခြင်းကြောင့် ရောဂါပိုးမွှားတွေ ဝင်ရောက်ခဲ့သော သာဓကတွေ များစွာရှိခဲ့ပါပြီ။ Plant Quarantine ကို ဂရုစိုက်ကြပါရန်၊ သတိထား ကြပါရန်၊ ဥပေက္ခာပြုမထားပါရန်နှင့် သူ့ကိုမေ့ထားပါက ပထမဆုံး ကျွန်တော်တို့၏ တောင်သူများ ပိုးသတ်ဆေးဖိုးကုန်ကျစရိတ်များခြင်း၊ ပိုးသတ်ဆေးသုံးစွဲမှု မမှန်ခြင်းကြောင့် ကျန်းမာရေး ထိခိုက်လာနိုင်ခြင်း၊ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ များလာပြီး စားသုံးသူများ အန္တရာယ်ဖြစ်လာခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် ကြုံတွေ့လာရနိုင်ပါသည်။

ထို့ကြောင့် နိုင်ငံအတွင်းသို့ အပင်နှင့် အပင်ထွက်ပစ္စည်းများကို နည်းလမ်းတကျ တင်သွင်း၍ မှန်ကန်တိကျစွာစစ်ဆေးခံရန် လိုအပ်ပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည်ပင်လျှင် Plant Quarantine လုပ်ငန်းကို ကနဦး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ မျက်မြင်စစ်ဆေး၍ ချက်ချင်းအဖြေမထွက် နိုင်သည့် ရောဂါပိုးမွှားများအတွက် အပင်များအား ဓာတ်ခွဲခန်း ပို့စစ်ခြင်း (Lab Test) နှင့် ဗိုင်းရပ်စ်ရောဂါ ဟုသံသယရှိလျှင် (ကိုဗစ်-၁၉ ကဲ့သို့ နိုင်ငံခြားမှ ဝင်ရောက်လာသူများအား Facility Quarantine, Home Quarantine လုပ်သကဲ့သို့) Quarantine အရင်လုပ်၍ ရောဂါဟုတ်/မဟုတ် အတည်ပြုရန် ဓာတ်ခွဲခန်းပို့စစ်ဆေးရန်ဖြစ်ပါသည်။ နောင်တွင် နယ်ပယ်အသီးသီးမှ နားလည်၊ အားပေးထောက်ပံ့မှုများ၊ အကူအညီများ ပြည့်စုံလာလျှင် PEQ (Post Entry Quarantine) ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကိုဗစ်-၁၉ နှင့် အတူပူးတွဲရှင်းပြရခြင်းမှာ ကွာရန်တင်းလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ (Quarantine SOP: Standard Operating Procedure) များသည် အတူတူ ပင်ဖြစ်ပါသည်။

အချုပ်အနေနှင့် တင်ပြလိုသည်မှာ-

၁။ ကိုဗစ်-၁၉ က ကိုယ်တိုင်မရွေ့နိုင်ပါ၊ လူတွေရွေ့သောကြောင့် လူနဲ့အတူပါသွားပြီး ရောဂါပြန့် ခြင်းဖြစ်ပါသည်။ အပင်နဲ့ပတ်သက်သည့် ပိုးမွှား၊ ရောဂါများသည်လည်း တင်သွင်းလာသော ပစ္စည်းများနှင့် အတူပါလာကြပြီး နိုင်ငံထဲတွင် ဝင်ရောက်ပေါက်ပွားပျံ့နှံ့ဒုက္ခပေးကြခြင်းဖြစ်သည်။ ထို့ကြောင့် လူနှင့် ပစ္စည်းများကို တားဆီးတာမဟုတ်ဘဲ ၎င်းတို့နှင့် အတူပါလာနိုင်သော ရောဂါ၊ ပိုးမွှားများကိုသာ တားဆီးရန် လုပ်ဆောင်ခြင်းဖြစ်ပါသည်။

၂။ ကိုဗစ်-၁၉ ရောဂါ ဝင်လာသောကြောင့် နိုင်ငံများ စီးပွားပျက်ကြရပါသည်။ ထို့အတူ Quarantine Pest များ ဝင်ရောက်လာခဲ့လျှင်လည်း တောင်သူများနှင့် အတူ စိုက်ပျိုးရေးကို အားထားနေရသော မိမိတို့ နိုင်ငံအနေဖြင့် စီးပွားပျက်စေနိုင်ပါသည်။

၃။ ရောဂါစောင့်ကြည့်ကာလ Incubation period သည် လူ၊ တိရစ္ဆာန်၊ အပင်များ၏ ဗိုင်းရပ်စ်ရောဂါ အားလုံးတွင် သဘောတရားအတူတူပင်ဖြစ်ပါသည်။

၄။ ဝင်ရောက်လာပြီးနောက်ပိုင်း ထိန်းချုပ်ခြင်း (PEQ) လုပ်ဆောင်ချက်များသည်လည်း အတူတူ ပင်ဖြစ်ပါသည်။

ထို့ကြောင့် လူသားများ နိစ္စဓူဝ အသက်ရှင်သန်နိုင်ရေးအတွက် တိုက်ရိုက်/သွယ်ဝိုက် အထောက်အကူပြုနေသော သက်ရှိအပင်များနှင့် သက်ဆိုင်သည့် Plant Quarantine ကဏ္ဍသည်လည်း လွန်စွာအရေးကြီးလျက်ရှိပါကြောင်းနှင့် Plant Quarantine လုပ်ငန်းစဉ်များနှင့် ပတ်သက်လာခဲ့လျှင် ယခုအချိန်မှစ၍ အားလုံးက (တစ်ဦး တစ်ယောက်ချင်းက) အသိစိတ်ရှိရှိနှင့် ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ကိုဗစ်-၁၉ ကို ဥပမာပြု၍ တိုက်တွန်းအပ်ပါသည်။ ။

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၃) ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲတာဝန်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ



မောင်စာဂ

ရွေးကောက်ပွဲတစ်ခုကျင်းပမည်ဆိုလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများအပြင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ဌာနဆိုင်ရာဝန်ထမ်းများလည်း ပါဝင်ဆောင်ရွက်ကြရသည်။ မည်သို့ဆောင်ရွက်ကြရသနည်း။ မည်သို့တာဝန်ရှိကြသနည်း။ အနှစ်ချုပ်မျှဝေပါရစေ။

## ရွေးကောက်ပွဲကျင်းပရန် တာဝန်နှင့်လုပ်ပိုင်ခွင့်

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ တို့အရ လွှတ်တော်ရွေးကောက်ပွဲများကျင်းပရန်နှင့် ရွေးကောက်ပွဲများကို ကြီးကြပ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ရှိသည်။ ထို့ပြင် ရွေးကောက်ပွဲများကို ကြီးကြပ်စေရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းနိုင်သည့် လုပ်ပိုင်ခွင့်ရှိသည်။

တစ်ဆက်တည်းပင် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊ မဲစာရင်းများ ပြုစုခြင်းနှင့် ပြင်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းစသည့် လုပ်ပိုင်ခွင့်များလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ရှိပါသည်။

## ရွေးကောက်ပွဲ ကြီးကြပ်ရန်တာဝန်

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ခ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ခ)နှင့် (ဂ) ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ရွေးကောက်ပွဲများကို ကြီးကြပ်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်တို့၏ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ကို ဖွဲ့စည်းသည်။

ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသော မူဝါဒများနှင့်အညီ မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းသည်။

## ဌာနဆိုင်ရာများပါဝင်လာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဒေသရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်ခြောက်ဦး၊ သက်ဆိုင်ရာအဆင့်ရှိ အစိုးရဌာနကိုးခုမှ တာဝန်ခံအရာရှိကိုးဦးနှင့် ရွေးကောက်ပွဲအရာရှိတစ်ဦး စုစုပေါင်း ၁၆ ဦး ပါဝင်သည်။ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌဖြစ်ပြီး သက်ဆိုင်ရာရွေးကောက်ပွဲအရာရှိက အတွင်းရေးမှူးတာဝန် ထမ်းဆောင်ရသည်။

အစိုးရဌာန ကိုးခုဟုဆိုရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်တွင်ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ ပညာရေးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဥပဒေရုံး၊ စာရင်းစစ်ရုံးနှင့် စည်ပင်သာယာရေးအဖွဲ့တို့ဖြစ်သည်။ ယင်းဌာန ကိုးခုတွင် တာဝန်ထမ်းဆောင်နေရသော တာဝန်ခံအရာရှိများသည် သက်ဆိုင်ရာအဆင့်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အဖွဲ့ဝင်များ ဖြစ်ကြသဖြင့် ၎င်းတို့သည် သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၏ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည်။

## ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များအရ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်သည် လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊ ကြီးကြပ်ခြင်း၊ မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေးခြင်းတို့ ဖော်ဆောင်ခြင်း၊ ရွေးကောက်ပွဲဝင်လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်း၊ မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်းဟူ၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များအဖြစ် ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ သက်ဆိုင်ရာအဆင့်ရှိ အစိုးရဌာနကိုးခုတွင် တာဝန်ထမ်းဆောင်နေကြရသော တာဝန်ခံအရာရှိများသည် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၏ အဖွဲ့ဝင်များဖြစ်ကြပြီး ရွေးကောက်ပွဲလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြီးကြပ်ခွင့်ရရှိကြသည့် တာဝန်ရှိသူများဖြစ်ကြသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အဆုံးအဖြတ်ပြုတိုင်းပြုတိုင်း ပါဝင်ဆောင်ရွက်ကြရသည်။ ထိုသူများသည် မိမိ၏ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြရင်းနှင့် နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကိုလည်း ပါဝင်ဆောင်ရွက်ခွင့်ရကြသည်။

## ရွေးကောက်ပွဲကြိုတင်မဲပေးခြင်းတာဝန်

ရွေးကောက်ပွဲတစ်ခုတွင် မဲရုံသို့ မဲဆန္ဒရှင်ကိုယ်တိုင် သွားရောက်မဲပေးရသည်။ မဲရုံသို့ ကိုယ်တိုင်သွားရောက် ဆန္ဒမဲပေးနိုင်ခြင်းမရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခြင်းရှိသည်။ မဲဆန္ဒနယ်ပြင်ပ ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ကြသည့် တပ်မတော်သားများနှင့် အတူနေမိသားစုများအတွက် သက်ဆိုင်ရာတပ်မှူးက တာဝန်ယူ၍ ကြိုတင်ဆန္ဒမဲရယူခြင်းကို ဆောင်ရွက်ရသည်။ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများအတွက် သက်ဆိုင်ရာ ဌာနအကြီးအမှူးကတာဝန်ယူ၍ လည်းကောင်း၊ နိုင်ငံ ပြင်ပတွင် ရောက်ရှိနေသူ မဲဆန္ဒရှင်များအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးတို့မှ တာဝန်ယူ၍လည်းကောင်း ကြိုတင်ဆန္ဒရယူခြင်းကို ဆောင်ရွက်ကြရသည်။

ထိုသူများသည်လည်း နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည်။ မိမိတို့၏ဌာနဆိုင်ရာ တာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်း တာဝန်များကို ထမ်းဆောင်ကြရသည်။

## မဲရုံတွင်ကြီးကြပ်ခြင်းတာဝန်

ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံကိုကြီးကြပ်တာဝန်ယူရသည်မှာ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ ဖြစ်ကြသည်။ သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေပုဒ်မ ၃၉ အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် နိုင်ငံ့ဝန်ထမ်းများထဲမှ သင့်လျော်သည့် သူများကို မဲရုံမှူးများအဖြစ် ခန့်အပ်ရသည်။ မဲရုံအဖွဲ့ဝင်များကို ဖြစ်နိုင်သရွေ့ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံအများယုံကြည်လေးစားခြင်းခံရသူများကို ခန့်အပ်သည်။ ထို့ကြောင့် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ခန့်အပ်ခြင်းခံရသော နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ကြရသည်။

## ရွေးကောက်ပွဲလုံခြုံရေးတာဝန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု

ရွေးကောက်ပွဲတစ်ခုကျင်းပမည်ဆိုလျှင် လုံခြုံရေးက အရေးကြီးသည်။ ရွေးကောက်ပွဲမကျင်းပမီ ဆန္ဒမဲ လက်မှတ်များနှင့် မဲရုံသုံးပစ္စည်းကိရိယာ စာရွက်စာတမ်းများ သယ်ယူဖြန့်ဖြူးခြင်းလုပ်ငန်း၊ ထိန်းသိမ်းခြင်းလုပ်ငန်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ ဆန္ဒမဲပေးခြင်း၊ မဲရလဒ်ကြေညာခြင်းစသည့် လုပ်ငန်းများအပါအဝင် ရွေးကောက်ပွဲကာလတစ်လျှောက်လုံး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံမှုရှိစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးဆောင်၍ ရွေးကောက်ပွဲလုံခြုံရေးတာဝန်များ ယူကြရသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မိမိတို့၏ ဌာနဆိုင်ရာတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ကြရသည်။

အချို့သော မဲရုံတော်တော်များများတွင်လည်း သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား ဘေးအန္တရာယ်လုံခြုံမှုရှိစေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုပေးနိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဌာနမှဝန်ထမ်းများက ပါဝင်၍ ရွေးကောက်ပွဲတာဝန်များ ထမ်းဆောင်ပေးရသည်။ နိုင်ငံ့တာဝန်ထမ်းဆောင်ခြင်းပင်ဖြစ်သည်။

## ဌာနဆိုင်ရာလုပ်ငန်းတာဝန်နှင့် ရွေးကောက်ပွဲတာဝန်

ရွေးကောက်ပွဲလုပ်ငန်းတာဝန်သည် နိုင်ငံတော်တာဝန် ဖြစ်သည်။ ပြည်သူနှင့်နိုင်ငံတော်အတွက် အရေးကြီးသော လုပ်ငန်းတာဝန်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားများက မိမိတို့ကိုယ်စား ပြည်သူနှင့် နိုင်ငံတော်အတွက် အရေးအရာများကိုဆောင်ရွက်နိုင်ရန် မိမိတို့၏ကိုယ်စားလှယ်များကို ဆန္ဒမဲပေး၍ ရွေးချယ်ပေးရသည့်လုပ်ငန်းဖြစ်သည်။ ဥပဒေနှင့်အညီ လွတ်လပ်ရသည်။ မျှတစွာဆောင်ရွက်ရသည်။ မွန်မြတ်သန့်စင်သော လုပ်ငန်းဟုလည်း ခေါ်ဆိုနိုင်သည်။

ဌာနဆိုင်ရာဝန်ထမ်းများသည် မိမိတို့၏ဌာနဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံတော်တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ရရှိခြင်းသည် တန်ဖိုးထား၍ ဂုဏ်ယူစရာပင်ဖြစ်သည်။ မိမိတို့၏ဌာနဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရင်း နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကိုလည်း မပျက်မယွင်းလစ်ဟင်းမှုမရှိစေရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရပါမည်။

သို့ဖြစ်ရာ ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ခွင့်ရရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ နိုင်ငံ့တာဝန်ဖြစ်သော ရွေးကောက်ပွဲလုပ်ငန်းများကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်ကြစေလိုကြောင်းပါ။

- ❑ ဌာနဆိုင်ရာဝန်ထမ်းများ၊ မိမိတို့၏ဌာနဆိုင်ရာလုပ်ငန်းတာဝန်များ ကျေပွန်စွာဆောင်ရွက်နိုင်ကြပါစေ၊
- ❑ နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲတာဝန်များကိုလည်း စွမ်းအားရှိသမျှ ပါဝင်ဆောင်ရွက်နိုင်ကြပါစေ၊
- ❑ ဌာနဆိုင်ရာလုပ်ငန်းတာဝန်များ ထမ်းဆောင်ရင်း ရွေးကောက်ပွဲတာဝန်များကို ထမ်းဆောင်ခွင့်ရရှိခြင်းဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်ကြပါစေ။ ။

- ◆ **ရွေးကောက်ပွဲလုပ်ငန်းတာဝန်သည် နိုင်ငံတော်တာဝန် ဖြစ်သည်။ ပြည်သူနှင့် နိုင်ငံတော်အတွက် အရေးကြီးသော လုပ်ငန်းတာဝန်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားများက မိမိတို့ကိုယ်စား ပြည်သူနှင့် နိုင်ငံတော်အတွက် အရေးအရာများကို ဆောင်ရွက်နိုင်ရန် မိမိတို့၏ကိုယ်စားလှယ်များကို ဆန္ဒမဲပေး၍ ရွေးချယ်ပေးရသည့်လုပ်ငန်းဖြစ်သည်။ ဥပဒေနှင့်အညီ လွတ်လပ်ရသည်။ မျှတစွာဆောင်ရွက်ရသည်။ မွန်မြတ်သန့်စင်သောလုပ်ငန်းဟုလည်း ခေါ်ဆိုနိုင်သည်။**
- ◆ **ဌာနဆိုင်ရာဝန်ထမ်းများသည် မိမိတို့၏ဌာနဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံတော်တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ရရှိခြင်းသည် တန်ဖိုးထား၍ ဂုဏ်ယူစရာပင်ဖြစ်သည်။**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းနှင့် အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဧပြီ ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ရပ်ကွက်များအလိုက် ပိုးသတ်ဆေးများ ဖျန်းပေးခြင်းနှင့် ပြည်သူလူထုအား ရောဂါကာကွယ်ရေး အသိပညာပေးသည့် လုပ်ငန်းများကို တာဝန်ရှိသူများက အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၃ ရက် ညနေပိုင်းက သိမ်ဖြူလမ်း၊ မြယာကုန်းလမ်း၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ဗိုလ်မင်းရောင်လမ်း စသည့် လမ်းမကြီးများနှင့် ဖို့မြေရပ်ကွက်အတွင်းရှိ လမ်းသွယ်များ၌ ပိုးသတ်ဆေးများဖျန်းခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ပြည်သူများ သိရှိစေရန် လှည့်လည်ကြေညာခြင်းများကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း၏ ဦးဆောင်မှုဖြင့် ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော အဖွဲ့များဖြင့် ဆောင်ရွက်ပေးခဲ့ကြပြီး မြို့နယ်တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကလည်း ပူးပေါင်းကူညီခဲ့ကြကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**



မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်း လမ်းမကြီးတစ်ခုပေါ်၌ ပိုးသတ်ဆေး များ ဖျန်းနေစဉ်။

## ဖားကန့်၌ ကျောက်မျက်ကုမ္ပဏီတစ်ခုက ရွာနှင့်ကပ်လျက်ကျောက်စိမ်းတူးဖော်မှုကြောင့် မြေသားအက်ကြောင်းများဖြစ်ပေါ်ပြီး မြေပြိုမည့်အန္တရာယ်ကို ပြည်သူများ စိုးရိမ်နေ

**ဖားကန့် ဧပြီ ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆိုင်းရာရွာသစ်ကျေးရွာ၌ ကျောက်မျက်ကုမ္ပဏီတစ်ခုက ရွာနှင့်ကပ်လျက် ကျောက်စိမ်းတူးဖော်နေမှုကြောင့် ဧပြီ ၂၃ ရက် နံနက် ၅ နာရီခန့်တွင် ကျေးရွာအတွင်း မြေသားလမ်း၏ နေရာအချို့ ကုမ္ပဏီလုပ်ကွက်အတွင်း လျှောကျပျက်စီးခဲ့ပြီး လူနေအိမ် ငါးလုံးခန့်မှာလည်း မြေသားအက်ကြောင်းများ ဖြစ်ပေါ်နေသည့်နေရာများအတွင်း၌ ရှိနေကာ မြေပြိုမည့်အန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း အဆိုပါကျေးရွာ၌ နေထိုင်သူများထံမှ သိရသည်။

"ကျွန်တော်တို့အိမ်က သမံတလင်းခင်းထားတဲ့ အိမ်ပေါက်ဝအထိအောင် လှေကားခုံတွေရော အက်ကြောင်းတွေဖြစ်တာ၊ ကုမ္ပဏီရဲ့ သွပ်ကာထားတဲ့ ဝင်းနဲ့ ကျွန်တော်တို့အိမ်နဲ့က ခန့်မှန်း ပေ ၁၀၀ လောက် ဝေးတာပေ့ါ၊ အရင်က လမ်းက ပေ ၃၀ လောက်ရှိတာ၊ လမ်းက လွန်ခဲ့တဲ့ နှစ်ရက်လောက်က တစ်ခါပြိုတယ်၊ အခု ၂၃ ရက်မှာ တစ်ခါထပ်ပြိုတယ်ဆိုတော့ လမ်းက အခု ၁၅ ပေလောက်ပဲ ရှိတော့တယ်၊ ထိခိုက်မှုများတာကတော့ ကျွန်တော့်အိမ်ရယ်၊ ဘေးက ကုန်စုံဆိုင်ရယ်ပေ့ါ၊ အခုဆို အိမ်တံခါး အဖွင့်အပိတ်လည်း မရတော့ဘူး"ဟု ဆိုင်းရာရွာသစ်ကျေးရွာမှ ကိုမြင့်ကျော်က ပြောသည်။



လုပ်ကွက်အတွင်းသို့ ပြိုကျသွားသည့် လမ်းနေရာ၌ ပြုပြင်မှုများဆောင်ရွက်နေစဉ်

ဧပြီ ၂၃ ရက်က ပြိုကျခဲ့သော မြေသားလမ်းသည် အရှည် ပေ ၇၀ ခန့်နှင့် အကျယ် ငါးပေခန့်ရှိကြောင်း၊ လက်ရှိတွင် အဆိုပါ ကျောက်မျက်ကုမ္ပဏီအနေဖြင့် ပြိုကျသွားခဲ့သော လမ်းနေရာကို မြေသားပေါင်များ ပြုလုပ်ပေးခြင်း၊ ခြံစည်းရိုးတိုင်များ စိုက်ထူခြင်း၊ လမ်းမြေညှိခြင်းများကို ဘက်ဟိုးယာဉ်တစ်စီး၊ မြေသယ်ယာဉ်တစ်စီးဖြင့် ပြန်လည်ပြုပြင်မှုများ လုပ်ဆောင်ပေးနေကြောင်း လုံးခင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အဆိုပါကုမ္ပဏီ၏ တူးဖော်နေမှုအရ ရွာကအပေါ်ဘက်၊ လုပ်ကွက်က အောက်ဘက်တွင် ရောက်နေသဖြင့် နေအိမ် အလုံးပေါင်း ၃၇၀ ခန့်ရှိသော ဆိုင်းရာရွာသစ် ကျေးရွာတူးဖော်မှုလုပ်ကွက်အတွင်းသို့ ပြိုကျမည့် အန္တရာယ်ကို ရွာသားများက စိုးရိမ်လျက်ရှိကြသည်။

"အခုအခြေအနေအရတော့ ကျွန်တော်တို့ ပြောင်းရွှေ့ဖို့ လိုအပ်တယ်ဆိုရင် ပြောင်းရွှေ့နိုင်အောင် သက်ဆိုင်ရာ ကုမ္ပဏီနဲ့ တာဝန်ရှိသူတွေက ဆောင်ရွက်ပေးစေချင်တယ်။ ဒီတိုင်းနေလို့ရပါတယ်လို့ အာမခံရင်လည်း လက်ရှိ ထိခိုက်သွားတာတွေအတွက် ညှိနှိုင်းဖြေရှင်းပေးဖို့ ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ကိုမြင့်ကျော်က ဆက်လက်ပြောကြားသည်။

**တာလင်းမောင်(ပြန်/ဆက်)**

### စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
### အောင်ဘာလေသိန်းဆုဌာနခွဲ

### ကြေညာချက်
### (ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်)

၁။ (၁၅)ကြိမ်မြောက် ၁၀၀၀/- ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၅-၂၀၂၀ ရက်နေ့တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် အောင်ဘာလေထီဝယ်ယူခွင့် ရရှိသူများထံသို့ အချိန်မီဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

၃။ ယခုအခါ ဖြစ်ပေါ်လျက်ရှိသော COVID 19 ရောဂါအခြေအနေများကြောင့် အောင်ဘာလေထီဝယ်ယူခွင့်ရရှိသူများမှ အောင်ဘာလေထီလက်မှတ်များ လာရောက် ထုတ်ယူခြင်းမပြုသဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအသီးသီးတွင် အောင်ဘာလေထီလက်မှတ်များ ကျန်ရှိလျက်ရှိပါသည်။

၄။ အဆိုပါ ကျန်ရှိသော မရောင်းရထီလက်မှတ်များစာရင်းကို စိစစ်ပြုစုပြီးပါက (၁၅)ကြိမ်မြောက် ၁၀၀၀/-ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်မည့် ဆုမဲစာရင်းကို အချိန်မီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## စစ်ကိုင်းတောင်ရိုး မူလရေစက်နှင့် ဆွမ်းလောင်းအသင်းကြီးသို့ ထာဝရရေအလှူတော်ငွေပဒေသာပင် စိုက်ထူလှူဒါန်းတော်မူကြသော အလှူရှင်များစာရင်း

ဆက်သွယ်လှူဒါန်းရန်- ဦးမျိုးမြင့်မောင်(နာယက) ဖုန်း-၀၇၂-၂၁၄၃၂၊ ဦးစိုးမြင့် (ဥက္ကဋ္ဌ) ဖုန်း-၀၉-၇၉၇၁၈၆၆၄၃
ဦးကျော်လွင် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၇၉၇၁၇၉၁၇၅
စစ်ကိုင်းမြို့ မြန်မာ့ရှေ့ဆောင်ဘဏ် ငွေစာရင်းနံပါတ် 056 01 62 056001335 06 8

| စဉ် | အလှူရှင်အမည် | လှူဒါန်းငွေ |
|---|---|---|
| ၂၈၃။ | စစ်ကိုင်းမြို့မဈေး သွပ်မိုးတန်းကထိန် မိသားစု | ၁၀၀၀၀၀ |
| ၂၈၄။ | မမိုးသူ+မသီတာ မြစ်ငယ်မြို့ | ၁၀၀၀၀၀ |
| ၂၈၅။ | ဦးကျော်မောင်-ဒေါ်ညိုညိုစိမ့် မိသားစု နန္ဒဝန်ရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၈၆။ | ဦးကောမလ+ဦးဂုဏိသရ ဇေယျာသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၂၈၇။ | ဘဒ္ဒန္တစန္ဒဇောတိ အောင်မြေဘုံစံကျောင်း စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၂၈၈။ | ဒေါ်ညွန့်အား ရည်စူး၍ ဦးသန်းငွေ မိသားစု လားရှိုးမြို့ | ၁၀၀၀၀၀ |
| ၂၈၉။ | ဦးတင်မောင်မြင့်-ဒေါ်တင်တင်ဦး မိသားစု နန်းတော်ရာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၉၀။ | ဒေါက်တာကျော်သက်ဦး-ဒေါက်တာစောသန္တာမြင့်(သား)မောင်ရဲဘုန်းဦး(၁၀)နှစ်ပြည့်မွေးနေ့ကုသိုလ် အောင်သုခသွားအထူးကုဆေးခန်း၊ (၅၈)လမ်း ပြည်ကြီးတံခွန် မန္တလေး | ၁၀၀၀၀၀ |
| ၂၉၁။ | ဒေါ်စိုးမိုးခိုင်နှင့် အထက်တန်းပြဆရာမများ အထက(၅) ရွှေဘိုမြို့ | ၃၀၀၀၀၀ |
| ၂၉၂။ | ဦးလှကြီး-ဒေါ်မြမြ မြရိပ်မွန် မိသားစု မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၉၃။ | ဦးသန်းလွင်-ဒေါ်ထွေးတင် မိသားစု စ-၁/၆ ဇလပ်ဝါနှင့် ဒေလီယာလမ်းကြား၊ ၆၈လမ်း မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၉၄။ | ဦးကျော်သန်းအောင် အားရည်စူး၍ ဒေါ်ခင်သက် မိသားစု မင်းလမ်းရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၉၅။ | ဖခင်ကြီး ဦးလှမောင်-မိခင်ကြီး ဒေါ်နော်၊ အဒေါ်ရွှေ တို့ကို ရည်စူး၍ ဒေါ်နန်းတင်တင်ငွေးမိသားစု၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၉၆။ | မောင်ကျော်ဝင်းဖြိုးအားရည်စူး၍ ဦးကျော်လှ-ဒေါ်ခင်ဝင်း(သမီး)မမို့မို့သန်း ရွှေစင် ခတ်ပုံ မိသားစု သောတာပန်ရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၉၇။ | ဦးမောင်မောင်-ဒေါ်ဝင်းငွေး(သမီး) မသဲနုငယ် လှိုင်သံဂဟေ မိသားစု ဈေးကုန်းရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၉၈။ | ဦးသိန်းလွင်အားရည်စူး၍ ဒေါ်ကြင်ရွှေ မိသားစု ၂၉လမ်း၊ ၅၄-၅၅လမ်းကြား မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၉၉။ | ဦးမျိုးသန်း-ဒေါ်သူဇာလွင်(သမီး)မသက်ထက်ခိုင်(သား)မောင်စိန်ထွန်းအောင်မိသားစု ၂၉လမ်း၊ ၅၄-၅၅လမ်းကြား မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၃၀၀။ | ကျေးဇူးရှင်မိဘများနှင့်ဦးကိုကိုကြီးတို့အားရည်စူး၍ ဒေါ်မြင့်မြင့်သိန်း မိသားစု မိုးဇာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၀၁။ | သားဖြစ်သူ ကိုတိုးဝဏ္ဏအားရည်စူး၍မိခင်ကြီး ဒေါ်မြင့်မြင့်သိန်း မိုးဇာရပ်စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၀၂။ | ဦးဉာဏ်မြင့်-ဒေါ်ငွေးတင် ဥက္ကဋ္ဌ မြတ်ဇေယျာ အခမဲ့ဆေးကုခန်း ဇေယျာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၀၃။ | ဦးဇော်လွင်-ဒေါ်လှိုင်သင်းထုံ(သမီး)မရှင်းကျော့ဝတီ(သား)မောင်သာထက်အောင် ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၀၄။ | ဦးမောင်မောင်လွင်-ဒေါ်လှိုင်လှိုင်မိုး(သားကြီး)မင်းခန့်မောင်(သားငယ်)ကောင်းသန့်မောင် ကန်သာယာရပ်ကွက် ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့ | ၄၀၀၀၀၀ |
| ၃၀၅။ | ဦးဝင်းဗိုလ်-ဒေါ်မြင့်မြင့်စန်း(သား)ကိုထက်မြက်ဝင်း၊ ထက်ထက်ဆီစက် အပ်ချုပ်စုရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၀၆။ | ဦးလှမြင့်-ဒေါ်ကြည်ကြည်နွဲ့ မိသားစု အိုဆာကာ ရွှေတောင်ခေါက်ဆွဲ ရေကျော်ရပ် ပုဗ္ဗန်တောင် | ၁၀၀၀၀၀ |
| ၃၀၇။ | ခမည်းတောင်ချောင် ဆရာကြီး ဒေါ်သီရိမာလာနှင့် ဒေါ်ပညာဝတီ တပည့်များကောင်းမှု၊ စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၃၀၈။ | ဖခင်ကြီး ဦးမောင်ကြီး-မိခင်ကြီးဒေါ်ရွှေအိတို့အားရည်စူး၍ သမီးဒေါ်သီရိမာလာ ခမည်းတော်ချောင် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၃၀၉။ | မိဘဘိုးဘွားများအားရည်စူး၍ ဦးအောင်မျိုးထွန်း-ဒေါ်စိုးစိုးဝင်းမိသားစု ရွှေကြာပင်ရပ်၊ နေပြည်တော် | ၂၀၀၀၀၀ |
| ၃၁၀။ | ဦးကျော်ငြိမ်းအားရည်စူး၍ ဒေါ်ကြင်စန်းမိသားစု နန်းတော်ရာမြောက်ပိုင်း၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၁၁။ | ဦးခင်မောင်စိုး-ဒေါ်အမာရီ မိသားစု ပိုးတန်းရပ်၊ နယ်မြေ (၅/၆) စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၁၂။ | ရေစကြိုမြို့ ခေမာသီရိသီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်မိရဉာဏီနှင့် မုံရွာမြို့+ရေစကြိုမြို့မှ ဒါယကာ၊ ဒါယိကာမများကောင်းမှု | ၂၀၀၀၀၀ |
| ၃၁၃။ | ဖခင်ကြီး ဦးခင်မောင်အေးနှင့် (သား)မောင်ကျော်သူထိုက်တို့အား ရည်စူး၍ ဒေါ်ခင်မျိုးဝင်း (သမီး) မလှိုင်မျိုးအေး(ခ)အိလှိုင် ကျန်ရစ်သူမိသားစု ကောင်းမှု နန္ဒဝန်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၁၄။ | ဒေါက်တာဦးဗထွန်း-ဒေါက်တာဒေါ်ခင်ထူးမိသားစု "ထူး"ဆေးတိုက်၊ (၅)ရပ်ကွက်၊ မြင်ခြံမြို့ | ၁၀၀၀၀၀ |
| ၃၁၅။ | ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အ.မ.က-၁ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများကောင်းမှု | ၁၀၀၀၀၀ |
| ၃၁၆။ | ဦးသန်းထွန်း-ဒေါ်မြသင်း(၇၃)နှစ်ပြည့် မွေးနေ့ကုသိုလ်၊ နန်းတော်ရာရပ်တောင်ပိုင်း စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၁၇။ | ဦးခင်မောင်သန်း-ဒေါ်ထွေးကြည် "အောင်သန်းကျော် ကုမ္ပဏီမိသားစု (၆၅)လမ်း၊ ချမ်းမြသာစည် | ၃၀၀၀၀၀ |
| ၃၁၈။ | ဒေါ်ကြင်ဥ "ရွှေသီဟ"မိသားစု (၆၄)လမ်း မနော်ဟရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြား၊ ချမ်းမြသာစည် | ၁၀၀၀၀၀ |
| ၃၁၉။ | ဒေါ်ကြင်ရွှေ "ရွှေနန်းတော်" ဘက်ထရီမိသားစု ပျူစောထီးလမ်းနှင့် ၆၄ လမ်းထောင့် ပြည်ကြီးတံခွန် | ၂၀၀၀၀၀ |
| ၃၂၀။ | ကိုဝင်းဇော်ဟိန်း-မဥမ္မာချို (သား)မောင်ဝေယံဖြိုး (သမီး)မဖူးမြတ်သွယ် မိသားစု ဖွဲထော်ရွာ၊ သုံးခွမြို့ | ၁၀၀၀၀၀ |
| ၃၂၁။ | ဦးထွန်းမြတ်-ဒေါ်ခင်သန်း သားသမီးမြေးမြစ်တစ်စု ကျောင်းကုန်းရွာ၊ သုံးခွမြို့နယ် | ၁၀၀၀၀၀ |
| ၃၂၂။ | ဒေါ်ကောမာရထေရီ (တူမ) ဒေါ်နေလာမနိ ခေမေသကချောင် အထက်ထပ်၊ စစ်ကိုင်းတောင်ရိုး၊ မွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၃၂၃။ | ဦးကျော်တင့်အားရည်စူး၍ ဒေါ်နုနုရီမိသားစု ရွှေပြည်ရန်နိုင်ရပ်ကွက်၊ ပျော်ဘွယ်မြို့ | ၁၀၀၀၀၀ |
| ၃၂၄။ | ကိုပြည့်ဖြိုးကျော်-ကိုဟန်ဖြိုးဇော် (၆)ရပ်ကွက်၊ သုံးခွမြို့ | ၁၀၀၀၀၀ |
| ၃၂၅။ | ဦးဝင်းတင့်(ဦးပါ) ဥက္ကဋ္ဌ မလွန်ဆန်လှူသင်း သင်းထောက်အဖွဲ့ခွဲ ချောင်းဦးမြို့ | ၁၀၀၀၀၀ |
| ၃၂၆။ | ဦးသန်းစိန် ဘုရားလမ်း၊ ဘားအံမြို့ | ၁၀၀၀၀၀ |
| ၃၂၇။ | ဦးတင်လှ၊ ဒေါ်မမကြီး၊ ဦးလှမြင့် တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ (၈)ရပ်ကွက်၊ တောင်ငူမြို့ | ၁၀၀၀၀၀ |
| ၃၂၈။ | ဦးသက်နိုင်-ဒေါ်မြင့်မြင့်သိန်း (သမီး) မဖြိုးမွန်သက်၊ (သား)ထင်ဇော်လင်း (၈)ရပ်ကွက်၊ ကမ်းနားလမ်း၊ တောင်ငူမြို့ | ၁၀၀၀၀၀ |
| ၃၂၉။ | ဒေါ်အုံးကြည်မိသားစု (၉)ရပ်ကွက်၊ တောင်ငူမြို့ | ၁၀၀၀၀၀ |
| ၃၃၀။ | ဦးမိုးဆွေ (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) နေပြည်တော် | ၁၀၀၀၀၀ |
| ၃၃၁။ | မောင်ဘုန်းမြတ်ငွေး အမှတ် (၅၈) ကုန်သည်လမ်း၊ စစ်တွေမြို့ | ၁၀၀၀၀၀ |
| ၃၃၂။ | ဒေါ်ခင်အေးဆင့် အမှတ်(၄)၊ ဦးကျော်လှလမ်း၊ (၇)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၃၃။ | မိဘနှစ်ပါးအားရည်စူး၍ သမီး-ပါမောက္ခ ဒေါ်ခင်တင့်နှင့် (ညီမ) ဒေါ်ချိုမာ အမှတ် ၂၀၄၊ ကွန်ဒို A၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၃၄။ | ဗိုလ်မှူးတင်အုန်း(ငြိမ်း)-ဒေါ်ခင်စမ်းဝင်းမိသားစု ပါရမီရပ် စစ်ကိုင်းမြို့၊ (၅၇)နှစ်မြောက် မင်္ဂလာရက်မြတ် အထိမ်းအမှတ်အတွက် မြတ်ဒါနအလှူတော် | ၂၀၀၀၀၀ |
| ၃၃၅။ | မိဘများ၊ အစ်ကိုများနှင့် အစ်မကြီး ဆရာမကြီးဒေါ်ခင်ဆွေနှင့် ခင်ပွန်းဆရာကြီး ဦးညိုအုန်းတို့အား ရည်စူး၍ ဒေါ်မြင့်မြင့်(သမီး) မစုစုမြင့် (သား)ကိုကျော်ကျော်အုန်းမိသားစု ပိုးတန်းရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၃၆။ | မိခင်ကြီး ဒေါ်မြသိန်းအားရည်စူး၍ ကျန်ရစ်သူ သားသမီးမြေးမြစ်တစ်စု၊ ချင်းစုရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၃၇။ | ဒေါ်တင်ကြည် (သမီး) မစုစုလှိုင် "ဖိုးချစ်" စတိုးမိသားစု၊ ပိုးတန်းရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၃၈။ | ဦးကျော်ဇေယျ-ဒေါ်ခင်ခင် (သမီး) မပိုးစန္ဒီဇေ (သား)ကိုကိုဇေ မောင်နှမနှစ်ဦးတို့၏ ၂၈-၃-၂၀၂၀ ရက်တွင် ကျရောက်သော မွေးနေ့အထိမ်းအမှတ်ကုသိုလ် နန်းတော်ရာရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၃၉။ | လ/ထ အင်ဂျင်နီယာ ဦးနိုင်လင်း-ဒေါ်စန္ဒာလင်း (သား)မောင်သာဟိန်းထက် မိသားစု၊ နေပြည်တော် | ၁၀၀၀၀၀ |
| ၃၄၀။ | ဦးစိုးမောင်-ဒေါ်ခင်စုကြည်မိသားစု မြေငူရွာ အနောက်ရပ်တောင်ဘက်စု တံတားဦးမြို့နယ် | ၁၀၀၀၀၀ |
| ၃၄၁။ | ဦးမောင်ဦး၊ ဒေါ်သန်းသန်းနွယ် (သမီး) ဝင်းဝါဦး၊ ဖြိုးအိဇင်၊ ကြည်ဖြူသန့်မိသားစု မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၃၄၂။ | ဦးလှမောင်-ဒေါ်စန်းရီ (သမီး) ဆရာမ ဒေါ်ဆွေဆွေ သိန်းသန်းဘော်ဒါမိသားစု ရွှေပြည်ရန်အောင်ရပ်၊ ပျော်ဘွယ်မြို့ | ၁၀၀၀၀၀ |
| ၃၄၃။ | ဒေါ်နိုစွေသီ၊ ဒေါ်မေဓာနန္ဒီနှင့် တူမများ၊ အမေပိုက်ဇရပ်၊ ခေမေသကချောင် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၃၄၅။ | ဒေါ်တင်လှိုင် ပေါင်းလောင်း(၃)ရပ်ကွက်၊ အမှတ်(၁၅/၁၇၆၆)၊ ပေါင်းလောင်း ၁၄ လမ်း၊ ပျဉ်းမနားမြို့ | ၁၀၀၀၀၀ |

## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
၂၀၂၀ ပြည့်နှစ် မေ ၂၃ ရက်

၁။ ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက် | - | ၂၄-၄-၂၀၂၀ ရက် သောကြာနေ့ ၉:၃၀ နာရီ |
| တင်ဒါအဆိုပြုလွှာပိတ်မည့်ရက် | - | ၈-၅-၂၀၂၀ ရက် သောကြာနေ့ ၁၆:၃၀ နာရီ |
| အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | - | ၈-၅-၂၀၂၀ ရက် သောကြာနေ့ ၁၆:၃၀ နာရီ |
| အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်၊ နေရာ | - | ၁၁-၅-၂၀၂၀ ရက် တနင်္လာနေ့ ၁၀:၀၀ နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျောက်တံခါးမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ၂၄-၄-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဖုန်း-၀၅၄-၂၈၆၀၀၂၆**

## လူပျောက်ကြော်ငြာ



ကျွန်မ၏မောင်ဖြစ်သူ မောင်ကျော်မျိုးလင်း (ခ)မောင်ယောင်းသည် ၁၀-၄-၂၀၂၀ ရက်တွင် အစ်မဖြစ်သူ နေအိမ်မှ ထွက်သွားရာ ယနေ့ထိတိုင် ပြန်မလာဘဲ ပျောက်ဆုံးနေပါသည်။ မိခင်ဖြစ်သူမှာလည်း သားဖြစ်သူကြောင့် ပူလောင်သောကရောက်နေရပါသဖြင့် ရောက်ရာအရပ်မှ အမြန်ပြန်လာရန်နှင့် တွေ့ရှိပါက အကြောင်းကြားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မမိချမ်းခင်**
**ဖုန်း-၀၉-၇၈၂၂၆၈၃၅၄၊ ၀၉-၇၆၂၄၁၇၅၂၉**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား တရားဝင်ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

တောင်ငူမြို့၊(၂၁)ရပ်ကွက်(၃)လမ်းသွယ်နေ (ဘ)ဦးစောမောင်ဖြူ၏သမီး နော်စီးလ်ယာ(ခ)ဒေါ်ကျင်နု ၇/တငန(နိုင်)၀၆၆၃၀၈ ကိုင်ဆောင်သူက တောင်ငူမြို့ ၁၇/ ၁၂၁၊ ရတနာလမ်းနေ (ဘ)ဦးအောင်ခင်၏သမီး ဒေါ်ထားထားရီ ၇/တငန(နိုင်)၀၇၄၆၉၂ အား ၁၂-၇-၂၀၁၂ ရက်တွင် တောင်ငူမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲပြောင်းခဲ့ပါသည်။ ထိုသို့လွှဲပြောင်းခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား တရားဝင်ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးအပ်ပါသည်။

**နော်စီးလ်ယာ(ခ)ဒေါ်ကျင်နု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မိတ္ထီလာခရိုင်တရားရုံးတော်
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၀

ဒေါ်ဝင်းဝင်းကျော် **တရားလို** နှင့် ၁။ ဒေါ်နန်းကေသီ ၂။ ဦးစံလင်း ၃။ ဒေါ်စန္ဒာဝင်း **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ကမ္ဘာအေးဂမုန်းပွင့်အိမ်ရာ၊ အခန်းအမှတ် (L) (၈)လွှာနေ ဒေါ်နန်းကေသီ (ဘ)ဦးကျော်ဝင်း (ယခုနေရပ်လိပ်စာမသိ)နှင့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ချမ်းအေးသာယာရပ်ကွက်၊ အမှတ်(၁၈၈)၊ သိမ်တော်ကုန်းလမ်းနေ ဦးစံလင်း (ဘ)ဦးအောင်လင်းနှင့် ဒေါ်စန္ဒာဝင်း (ဘ)ဦးစိုးသိန်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်ဝင်းဝင်းကျော်က တရားမကျင့်ထုံးဥပဒေအမိန့်-၂ နည်းဥပဒေ- ၆၃ အရ ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် မေ ၅ ရက် (၁၃၈၂ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဧပြီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းအောင်)**
**ခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးဝင်းကြည်(ဘ)ဦးသောင်းလှ ၁၂/သကတ(နိုင်)၀၆၇၉၉၅မှ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်၊ ဇေယျာဝတီ (၄)လမ်း၊ အမှတ် ၂၃၈၁/ခ၊ ပေ(၂၀x၆၀)အကျယ်ရှိမြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့စာချုပ်စာတမ်းရုံး၏ မှတ်ပုံတင်အမှတ် (၆၅၈၈) ၄-၃-၂၀၁၄ရက်စွဲဖြင့် ဦးတင်ဝင်း(ဘ)ဦးလူထုရောမန် ၁၂/လမန(နိုင်)၁၅၂၅၅၈ထံသို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ၂၄-၄-၂၀၂၀ ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်သည်။

**ဦးဝင်းကြည် ၁၂/သကတ(နိုင်)၀၆၇၉၉၅**
**ဖုန်း-၀၉-၄၂၅၇၇၃၃၈၇**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ လိပ်ချောင်းအုပ်စု၊ ကြက်တူရွေးကြီးကျေးရွာနေ ဦးတင်အောင် ၁၄/ဟသတ(နိုင်)၁၈၄၇၆၄၊ ဒေါ်လှဝင်း ၁၄/ဟသတ(နိုင်)၁၈၄၇၆၅တို့၏သမီးဖြစ်သူ မနှင်းနှင်းအေး ၁၄/ဟသတ(နိုင်)၂၄၅၆၂၄သည် မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်း၊ မိဘများ၏ဂုဏ်သိက္ခာညှိုးနွမ်းစေအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူမည်မဟုတ်ပါ။

**ဦးတင်အောင်-ဒေါ်လှဝင်း**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျောက်တော်မြို့နယ်၊ သံချောင်းကျေးရွာနေ (ဘ) ဦးရွှေလှဦး၏သား ဦးမောင်အေးထွန်း(ခ)ဦးလှမောင်သာ ၁၁/ကတန(နိုင်)၀၃၆၈၇၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ ပေါင်းလောင်း ၃၊ မြေကွက်အမှတ် ၁၂၅၃၊ ဧရိယာ ၀.၁၁၃မ၀၁၅၁ဧကရှိ ဗိုလ်ကြီးလှမျိုးအောင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အိသန္တာချိုနွဲ့ဦး(ခ)အိသန္တာ ၁၄/ရကန (နိုင်)၀၈၆၂၀၉မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီ၏ မြေကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင် ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်) မြေကွက်အမှတ် (ဒ-၃၁၈၉၈)၊ မြေဧရိယာ ၀ဒသမ၁၄၆ ဧကရှိ ဒေါ်ညိုညိုဆွေ(ဘ) ဦးသက်တင် ၁၂/လကန(နိုင်)၁၂၀၃၅၁ အမည်ပေါက် ပါမစ်မြေကွက်အား ဦးလှိုင်ဇော်ဦး (ဘ) ဦးသိန်းဟံ ၈/ ပခက(နိုင်)၁၁၆၂၇၀ မှ မြေပေးမိန့် (ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ် မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၀/ပေါင်းလောင်း-၁၊ ဒေါ်စောအောင်အောင်ဦး ၉/ ပမန(နိုင်)၁၄၄၈၀၃ အမည်ပေါက် ဦးပိုင်/မြေကွက်အမှတ် (၃၈/၂၉၈) နှင့် ဦးပိုင်/မြေကွက်အမှတ် (၃၉/၂၉၉)၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ ပေ(၄၀ x ၆၀) ပါမစ် မြေကွက်(၂)ကွက်အား ဒေါ်မိုးမြင့်စန်းဦး (ဘ)ဦးခင်မောင်ဦး ၉/ပမန(နိုင်)၁၃၆၉၂၁ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ မြေပေးမိန့်မူရင်း ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦး ရေစာရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ ပျောက်ဆုံးကြောင်း ရဲစခန်း ထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်များ တင်ပြပြီး မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာရွက်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်စောအောင်အောင်ဦး အမည်ဖြင့် ထုတ်ပေးထားသည့် မြေပေးမိန့် မူရင်းအား ပယ်ဖျက်၍ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ဦးခိုင်သက်
### အသက် (၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးသက်ထွန်း-ဒေါ်နီနီ)တို့၏ တစ်ဦးတည်းသောသား၊ ဦးမြင့်စွမ်-ဒေါက်တာမာမာသက်တို့၏မောင် ဦးခိုင်သက်သည် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂:၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဝင်း
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၂၄(ငါးလွှာ)နေ ဦးမောင်မောင်ဝင်း-ဒေါ်မြတ်မြတ်စံ၊ (ဦးမောင်မောင်အောင်)-ဒေါ်သန်းမြင့်မော်၊ ဒေါ်နီမာဝင်း၊ ဦးရွှေဘို-ဒေါ်စုစုပိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုးသည် ၂၄-၄-၂၀၂၀ ရက် (သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊
ကျောင်းဒါယိကာမကြီး

## ဒေါ်ယဉ်ယဉ်နွဲ့(ခ)
## အေမီ(သန်လျင်)
### အသက် (၇၄)နှစ်

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ ရုံးတော်ကွက်အမှတ် (စီ-၂၁)သမိန်ဗရမ်းလမ်းနေ(ဦးတင်ပု-ဒေါ်အိ)တို့၏ သမီး၊ (ဦးလောင်းဖျား-ဒေါ်နန်းအောင်)တို့၏သမီးချွေးမ၊ (ဒေါက်တာစိုင်းထွန်းအေး)၏ဇနီး၊ ဦးစိုင်းဟန်လိတ်-ဒေါ်ယဉ်နီအေး၊ ဦးဝင်းထွန်းလတ်-ဒေါ်ယဉ်မိုးအေး၊ ဦးတင်မောင်မောင်စိုး-ဒေါ်ယဉ်နှင်းအေး၊ ဦးစိုင်းဆိုင်မိုင်းတို့၏မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၂၄ - ၄ - ၂၀၂၀ ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ ညနေ ၄:၃၀နာရီတွင် သန်လျင်အမိုးနီသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## သစ်ပင်
## နည်းလာ
## တို့ကမ္ဘာ
## လွန်စွာ
## ပူအေး
## ဥတုဘေး

ရဟန်းဒါယကာကြီး

## ဦးသိန်းဟန်(ရွှေပန်းထိမ်) (ခမ္ဘီ-ဟသ်ာတခရိုင်)
### အသက် (၈၁)နှစ်

ဟသ်ာတခရိုင်၊ ခမ္ဘီကျေးရွာနေ (ဦးဖိုးထိုက်-ဒေါ်လေးတိမ်)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဝါးခယ်မလမ်း အမှတ် (၃၅)နေ (ဦးသိန်း-ဒေါ်မြကြည်)တို့၏သားသမက်၊ ဒေါ်ခင်အုန်းမြင့်၏ခင်ပွန်း၊ ဦးလင်းအောင်-ဒေါ်ခင်လေးနွယ်၊ ဦးကျော်စိုးမင်း-ဒေါ်ခိုင်နွယ်သိမ်း၊ ဦးဇော်လင်းအောင်-ဒေါ်နိုင်နိုင်ဝင်း၊ ဦးနေလင်းထွဋ်တို့၏ ဖခင်၊ မြေး သုံးယောက်တို့ ၏အဘိုးသည် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀:၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၂၀ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာပါမည်။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသန်းစိုး အသက်(၈၀)
### ခရိုင် အုပ်ချုပ်ရေးမှူး(ငြိမ်း)
### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### ပြည်ထဲရေးဝန်ကြီးဌာန(ပ/၂၃၃၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အမှတ် (၉)၊ ဂန္ဓမာလမ်းနေ (ဒေါ်ခင်သန်းတင့်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဖေဦး-ဒေါ်ပြုံးမြင့်သွယ်၊ ဦးနေမင်းစိုး-ဒေါ်ဝါဝါဝင်း၊ ဦးထင်လင်းစိုးတို့၏ချစ်လှစွာသောဖခင်၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၆:၃၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးရွှေစိန်လှ(ခ)ဦးကျော်စိန်(ခ)လေးကျော်
### ဆောက်လုပ်ရေး(ကျောက်ဆည်ခရိုင်၊ ငြိမ်း )
### မင်းပြားမြို့နယ်အသင်း
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် ၃၃၅နေဒေါ်လှလှသန်း၏ခင်ပွန်း၊ (ဦးနှင်းဆီအောင်-ဒေါ်ဦးသာဖြူ)တို့၏သား၊ ဦးကျော်ဆန်းဦး-ဒေါ်သန်းသန်းဆွေ၊(ဦးလှိုင်တင်အောင်)-ဒေါ်လွင်မာဦး၊ ဦးကျော်စွာထွန်း(မြို့တော်စည်ပင်)၊ဦးကျော်မင်းထွန်း-ဒေါ်ပန်းအိဖြူတို့၏ဖခင်၊ မပြည့်ဖြိုးကြွယ်၊မောင်ဝိုင်းဇေယျာဦး၊ မယွန်းဟန်နီကိုတို့၏ အဘိုးသည် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့)မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်ကြီးစိန်လှိုင် (ငြိမ်း)
### ကြည်း -၁၄၁၁၈(တေဇ-၄)
### အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ(၃)၊ မြတ်လေးလမ်း၊ အမှတ် (၁၈၇-ဘီ)နေ (ဦးသိန်းဟန်-ဒေါ်ကြည်ကြည်)တို့၏သား၊ (ဦးအောင်ကြည်-ဒေါ်ခင်ငြိမ်း)တို့၏သားသမက်၊ ဦးဘိုဘိုဦး-ဒေါ်စန္ဒာချိုသက်လှိုင်၊ ဦးမျိုးကိုကို-ဒေါ်သီရိချိုသက်လှိုင်၊ ဒေါ်စန္ဒီချိုသက်လှိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး သုံးယောက်တို့၏ဘိုးဘိုးကြီး၊ ဗိုလ်မှူးဒေါ်ချိုချိုအောင်(ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီး ဇော်လင်းမိုး(ငြိမ်း) (တေဇ-၂၃)၊
### ဦးစီးအရာရှိ(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန
### အသက် (၄၅)နှစ်

အလုပ်သင်ဗိုလ်-ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၃)မှ သူငယ်ချင်း ဇော်လင်းမိုးသည် ၂၃-၄-၂၀၂၀ရက် ည ၇နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်သင်ဗိုလ်-ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၃)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသစ်လွင်
### အသက်(၅၉)နှစ်

မြင်းခြံမြို့၊ ဗိုလ်ချုပ်လမ်း၊ ကျော်ကြားနေ ဦးသန်းမောင်-ဒေါ်စိန်ရင်တို့၏သား၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ခင်မာချို၏ခင်ပွန်း၊ မမြတ်မြတ်သွင်၊ မမိုမိုသစ်လွင်တို့၏ဖခင်၊ မြေး သုံးယောက်တို့၏ အဘိုးသည် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**၁၉၈၂ ခုနှစ် မကွေးဒီဂရီကောလိပ်**
**သတ္တဗေဒဘွဲ့ရ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးဇော်လင်းမိုး(ငြိမ်း)(ခ)ကိုတိုး
### တေဇ(၂၃)
### အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ စော်လမွန်အိမ်ရာ၊ တိုက် (၄)၊ အခန်း(၃)နေ ဒေါ်ချိုရီလွင်၏ချစ်လှစွာသောခင်ပွန်းဗိုလ်ကြီးဇော်လင်းမိုး(ငြိမ်း)(ခ)ကိုတိုးသည် ၂၃-၄-၂၀၂၀ရက် (ကြာသပတေးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Mottama Holdings Limited ဝန်ထမ်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးဇော်လင်းမိုး(ငြိမ်း)(ခ)ကိုတိုး
### တေဇ(၂၃)
### အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ စော်လမွန်အိမ်ရာ၊ တိုက် (၄)၊ အခန်း(၃)နေ ဒေါ်ချိုရီလွင်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးဇော်လင်းမိုး(ငြိမ်း)(ခ)ကိုတိုးသည် ၂၃-၄-၂၀၂၀ရက် (ကြာသပတေးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**Mottama Development Group Co., Ltd မိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ဦး (သံတွဲ)
### အသက်(၇၁)နှစ်
### B.E (Civil)
### (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ရေလမ်းထိန်းသိမ်းရေး)

သံတွဲမြို့၊ ရွာသစ်ရပ်နေ (ဦးသိန်းမောင်-ဒေါ်သန်းမြင့်)တို့၏သား၊ ဒေါ်နွဲ့နွဲ့အေး၏ခင်ပွန်း၊ သံတွဲသားစနေလဘက်ရည်ဝိုင်း၏ ဝိုင်းတော်သား ဦးကျော်ဦးသည် ၂၂-၄-၂၀၂၀ရက်တွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**သံတွဲသား စနေလဘက်ရည်ဝိုင်း**

## ဦးအေးကြူ အသက်(၇၁)နှစ်
### စက်မှု-၁(အငြိမ်းစား)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၆)လမ်း၊ အမှတ်(၁၂)(၅လွှာ/က)နေ ဒေါ်ခင်ထူး၏ခင်ပွန်း၊ ကိုဇေယျာလင်း-မဝင့်နွယ်ကျော်၊ ကိုကျော်ဇင်ဦး၊ မဝေမာသိမ့်(မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ-အဖွဲ့ဝင်)၊ ကိုစည်းစိမ်ကို-မချိုဇင်လှဲ့တို့၏ဖခင်၊ မောင်ကောင်းစည်သူ၊ မောင်ခန့်ဇေယျ၊ မောင်လင်းပြည့်အိမ် တို့၏အဘိုးသည် ၂၄-၄-၂၀၂၀ရက် ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအေးကြူ အသက်(၇၁)နှစ်
### စက်မှု-၁(အငြိမ်းစား)

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင် ဒေါ်ဝေမာသိမ့်၏ဖခင် ဦးအေးကြူ အသက်(၇၁)နှစ် စက်မှု-၁(အငြိမ်းစား)သည် ၂၄-၄-၂၀၂၀ရက် ည ၅:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်သောင်း
### ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့
### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး)သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ် အစိုးရအဖွဲ့**
**တောင်ကြီးမြို့**

## အထူးထပ်တူဝမ်းနည်းကြေကွဲခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (မြန်မာ)တွင် တာဝန်ထမ်းဆောင်နေသော မောင်ပြည့်စုံဝင်းမောင် အသက်(၂၈)နှစ်သည် ၂၁-၄-၂၀၂၀ ရက် နံနက်ပိုင်းတွင် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့(မြန်မာ)မှ ဝန်ထမ်းများ**

## ဦးမြတ်ကျော်
### T.T.C (ကျောင်းသားဟောင်း)
### B.Sc(Bot.)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ် ၂၀၊ အမှတ် ၁၂/ဃနေ (ဦးကျော်ဝင်း-ဒေါ်လှလှဝင်း)တို့၏သား ၊ ဒေါ်စန္ဒာဝင်း၊ ဦးသီဟကျော်၊ ဦးထွန်းဝင်းကျော်တို့၏ အစ်ကို၊ စုစန္ဒာဝေ(ခ)Paw Paw တို့၏ ဦးလေးသည် ၂၄-၄-၂၀၂၀ရက် နံနက် ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၂၀ရက်(ကြာသပတေးနေ့) ရက် နံနက် ၇နာရီမှ ၁၀ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ဗိုလ်ကြီးဇော်လင်းမိုး(ငြိမ်း)(ခ)ကိုတိုး
## တေဇ(၂၃)
## အသက်(၄၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာနေ (ဦးသန်းဆွေ-ဒေါ်လှညွှန့်)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ် ၅၃၈နေ ဦးမောင်ညို -(ဒေါ်ခင်စမ်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ စော်လမွန်အိမ်ရာ၊တိုက်(၄)၊ အခန်း(၃)နေ မမေရှင်းသန့်လွင်(ခေတ္တ-စင်ကာပူ)၊ မကြည်ရှင်းသန့်လွင်တို့၏ဖခင်၊ ဒေါ်ချိုရီလွင်(Mottama Holdings Limited) ၏ချစ်လှစွာသော ခင်ပွန်းသည် ၂၃-၄-၂၀၂၀ရက် (ကြာသပတေးနေ့)ည ၇ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**




ကိုဗစ် ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည့် ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၂၄ ရက်က စမ်းချောင်းမြို့နယ်အတွင်း ဆောင်ရွက်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးငွေဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ အားမာန်လူငယ်ပရဟိတအဖွဲ့ဝင်များက လမ်းမကြီးများပေါ်၌ ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းပေးစဉ်။

ကိုကြီးတင်

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

ပြည်ထဲရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်ချက်များ အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၄-၂၀၂၀) ရက်နေ့၊ ည (၁၁:၀၀) နာရီ စာ ၁၆

# အရှေ့တောင်အာရှ PUBG MOBILE ဂိမ်းပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဧပြီ ၂၄

အရှေ့တောင်အာရှဒေသအတွင်း၌ PUBG MOBILE ၏ အကြီးကျယ်ဆုံး နိုင်ငံတကာအဆင့် ပြိုင်ပွဲကြီးတစ်ခုဖြစ်သည့် PMPL (PUBG MOBILE Pro League) SEA Finals ပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာလူငယ် Yangon Galacticos PUBG MOBILE ကစားသမားအသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းPMPL (PUBG MOBILE Pro League) SEA Finals ပြိုင်ပွဲကြီးကို ယခင်က Offline ပြိုင်ပွဲကျင်းပရန် စီစဉ်ထားသော်လည်း ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် ကိုဗစ် – ၁၉ အခြေအနေကြောင့် PUBG MOBILE ကစားသမားများနှင့် ပရိသတ်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Online သီးသန့်ပြိုင်ပွဲအဖြစ်သာ ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။

PMPL SEA Finals Season – 1 ကို လာမည့် မေ ၁ ရက်ကနေ ၃ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၉ ကော်လံ ၁* ✻




မြန်မာနိုင်ငံကိုယ်စားပြု မြန်မာလူငယ် Yangon Galacticos PUBG MOBILE ကစားသမား အသင်းအားတွေ့ရစဉ်။



# ဆီဆိုင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိ

ဆီဆိုင် ဧပြီ ၂၄

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ဆီဆိုင်မြို့အဝင်ပေါက်တွင် ဝင်/ထွက်သွားလာသော မိဘပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်း၊ မှတ်တမ်းကောက်ယူခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ

*စာမျက်နှာ ၅ ကော်လံ ၁* ◆

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ် –၁၉ နောက်ထပ် ကူးစက်ခံရသူ ၅၀၃ ဦးရှိပြီး နေ့စဉ်ကူးစက်ခံရမှု စံချိန်တင်မြင့်တက်


နိုင်ငံတကာသတင်း စာ ၁၃

# အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဧပြီ ၂၄

ဧပြီ ၂၄ ရက်၊ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ၊ ၄၅ မိနစ်၊ ၂၁ စက္ကန့်အချိန်တွင် ကသာမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၄ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဝန်းသိုမြို့၏ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၀၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၃ ဒီဂရီ၊ အနက် ၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ ဧပြီ ၂၅၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့၌ ၁၅-၁-၂၀၂၀ ရက်က ကျင်းပသည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်စဉ် ပြည်ထဲရေးဝန်ကြီးဌာနမှ လုံခြုံရေးတာဝန်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ပြည်ထဲရေးဝန်ကြီးဌာန၏ စတုတ္ထ (၁)နှစ်တာ ဆောင်ရွက်ချက်များ

ဆောင်းပါး – ရှင်မင်း၊ ဓာတ်ပုံ – ကေကေ၊ ပြည်ထဲရေးဝန်ကြီးဌာန

**ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားရှိသည့် ဥပဒေများကို ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိပြီး လက်ရှိ အစိုးရ၏မူဝါဒနှင့် ကိုက်ညီမှုရှိကာ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်သည့် ဥပဒေဖြစ်စေရေးအတွက် ပြောင်းလဲခြင်းသည် လက်ရှိအစိုးရ သက်တမ်းလေးနှစ်တာအတွင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောင်းလဲဆောင်ရွက်မှုတစ်ခုဖြစ်သည်။**



"လက်ရှိ စီမံခန့်ခွဲလျက်ရှိတဲ့ ဥပဒေ ၃၄ခု အနက် မူလအတိုင်းထားရှိမယ့် ဥပဒေ ၁၉ ခု၊ ပြင်ဆင်ရေးဆွဲဆဲ ဥပဒေနှစ်ခု၊ ရုပ်သိမ်းပြီး အသစ်ရေးဆွဲရမယ့် ဥပဒေ ၁၀ ခုနဲ့ အသစ်ရေးဆွဲဆဲ ဥပဒေသုံးခုရှိပါတယ်"ဟု ပြည်ထဲရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦးက ပြောသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ရွက်မှု**

ထို့ပြင် လေးနှစ်တာ သက်တမ်းကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူလူထု၏ သတင်းပေးချက်များ၊ တောင်းခံလာသော အကူအညီများကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့များတွင် အရေးပေါ် ဆက်သွယ်ခေါ်ဆိုနိုင်သော Command Center များ တည်ထောင်ထားပြီးဖြစ်သည်။

ပြည်သူများ အကူအညီတောင်းခံနိုင်ရန်အတွက် Hot Line များနှင့် Social Network Account များ ဖွင့်လှစ်ခြင်း၊ CCTV နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ကာ ၂၄ နာရီ တာဝန်ချထားခြင်းတို့ဖြင့် ပြည်သူလူထု၏ သတင်းပေးချက်များ၊ တောင်းခံလာသော အကူအညီများကို လက်ခံဆောင်ရွက်ပေးနေပြီဖြစ်သည်။

"မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ ပြည်သူ့ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစဉ်တွေအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်၊ ပြဿနာဖြေရှင်းမှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်နဲ့ ပြည့်စုံသော မှုခင်းဆိုင်ရာ သတင်းအချက်အလက်တွေကို အခြေခံတဲ့ ရဲလုပ်ငန်းစနစ်ဆိုတဲ့ ချဉ်းကပ်မှုပုံစံသုံးမျိုးနဲ့ ဆောင်ရွက်ပါတယ်" ဟု သတင်းရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်သီဟက ပြောသည်။

နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာ သက်တမ်းကာလအတွင်း ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်ရေး၊ ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ဆောင်ရွက်ရန်အတွက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတစ်ရုံး၊ နယ်မြေရဲစခန်းနှစ်ခုနှင့် ရဲကင်းစခန်း ခုနစ်ခုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

စတုတ္ထ (၁) နှစ်တာ အပါအဝင် လက်ရှိအစိုးရသက်တမ်း လေးနှစ်တာကာလအတွင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသုံးရုံး၊ နယ်မြေရဲစခန်း ၂၇ ခုနှင့် ရဲကင်းစခန်း ၃၁ ခု တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

**အချပ်ပို(ခ)သို့**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၈-၁၂-၂၀၁၉ ရက်က ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ရဲတပ်ဖွဲ့အရာရှိကြီးများနှင့် တွေ့ဆုံစဉ်။

အချပ်ပို (က) မှ

## နိုင်ငံတော်အစိုးရ၏ လေးနှစ်တာ သက်တမ်းကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာနသည် လွတ်ငြိမ်းသက်သာပေးမှု ၁၆ ကြိမ် ရှိခဲ့ပြီး နိုင်ငံသားအကျဉ်းသား ၂၉၅၂၄ ဦးနှင့် အကျဉ်းသူ ၂၃၀၆ ဦး၊ နိုင်ငံခြားသားအကျဉ်းသား ၁၆၂ ဦးနှင့် အကျဉ်းသူ လေးဦး စုစုပေါင်း ၃၁၉၉၆ ဦးကို လွတ်ငြိမ်းသက်သာခံစားခွင့်ပေးနိုင်ခဲ့

မြန်မာနိုင်ငံ၏ အနောက်တံခါးဖြစ်သည့် ရခိုင်ပြည်နယ်၏ နယ်စပ်ဒေသလုံခြုံရေးအတွက် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် အမှတ်(၁)မှ (၈)အထိ နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲရှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဒေသ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် နယ်ခြားစောင့်တပ်များအကြား အလံတင်အစည်းအဝေးများကို ပြုလုပ်လျက်ရှိရာ ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး အလံတင်အစည်းအဝေး ၂၆ ကြိမ် ဆောင်ရွက်ခဲ့ပြီး စတုတ္ထ (၁)နှစ်တာကာလအတွင်း လေးကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် နှစ်ဖက်ညှိနှိုင်းပြီး ခြေကျင်ကင်းလှည့်ခြင်း ၂၁၆ ကြိမ်နှင့် မြစ်ကြောင်းကင်းလှည့်ခြင်း အကြိမ် ၁၀၀ ကို မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် တရားခံပြေးများ ဖော်ထုတ်ဖမ်းဆီးရရှိရေးကို စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များကို ဒေသနှင့် လျော်ညီအောင် ထပ်မံဖြည့်စွက်ရေးဆွဲလျက်ရှိသည်။

မှုခင်းများစစ်ဆေးစီရင်ရာတွင် တရားမျှတမှုရှိစေရေး၊ တရားရုံး သက်သေခံတင်ပြရာတွင် တိကျမှန်ကန်သော အထောက်အထားများ တင်ပြနိုင်ရေးအတွက် သိပ္ပံနည်းကျ စစ်ဆေးဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများစစ်ဆေးရာတွင် စမ်းသပ်စစ်ဆေးမှုများကို အရည်အသွေး တိုးမြှင့်ဆောင်ရွက်ခြင်း၊ မှုခင်းဆိုင်ရာ DNA ဌာနအသစ်ကို တိုးချဲ့ဖွဲ့စည်းကာ DNA Profile များ ဖော်ထုတ်ခြင်းတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အခြားမှုခင်းများနှင့် ပတ်သက်၍ မှုခင်းကာကွယ်တားဆီးရေးနှင့် စုံစမ်းဖော်ထုတ်မှုများတွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ နိုင်ငံအလိုက် ရဲအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံဆက်ဆံရေးရုံးများ (Border Liaison Offices - BLOs) အပြန်အလှန် ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လေးရုံး၊ လာအိုနိုင်ငံနှင့် နှစ်ရုံး၊ ထိုင်းနိုင်ငံနှင့် သုံးရုံး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တစ်ရုံး၊ အိန္ဒိယနိုင်ငံနှင့် သုံးရုံး စုစုပေါင်း ၁၃ ရုံး ဖွင့်လှစ်နိုင်ခဲ့သည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နိုင်ငံတော်အဆင့် အလေးထားကိုင်တွယ်ဖြေရှင်းလျက်ရှိသည်။

နိုင်ငံတော်သမ္မတရုံး၌ မူးယစ်ဆေးဝါးသတင်းပေးဌာနကို ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်တွင် စတင်ဖွင့်လှစ်ကာ မူးယစ်သတင်းပေးတိုင်ကြားမှုများကို အရေးယူဆောင်ရွက်ပေးလျက် ရှိရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း အမှုပေါင်း ၃၉၅ မှုနှင့် တရားခံ ၅၉၂ ဦးတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးသယ်ဆောင်/ထုတ်လုပ်မှု အဓိက ပစ်မှတ်များ၊ ပြည်တွင်း၊ ပြည်ပ ဂိုဏ်းအဖွဲ့များနှင့် ပူးပေါင်းကျူးလွန်သူများကို အလေးထားဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလတွင် စိတ်ပြောင်းဆေးဝါးချက်စခန်း ရှစ်ခုကို ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး လေးနှစ်တာကာလအတွင်း ဘိန်းဖြူချက်စခန်းသုံးခုနှင့် စိတ်ပြောင်းဆေးဝါးချက်စခန်း ၁၄ ခုတို့ကို ဖော်ထုတ်ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ထို့ပြင် စတုတ္ထ (၁) နှစ်တာအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ အမှုပေါင်း ၁၀၈၈၂ မှုနှင့် တရားခံ ၁၅၃၉၄ ဦးတို့ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ပြီး လေးနှစ်တာ သက်တမ်းကာလအတွင်း အမှုပေါင်း ၂၇၀၁၅ မှုနှင့် တရားခံ ၆၄၀၇၁ ဦးတို့ကို ဘိန်း ၆၆၃၃ ဒသမ ၆၅ ကီလို၊ ဘိန်းဖြူ ၃၁၄၄ ဒသမ ၁၈ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၇၂၄ ဒသမ ၅၂ သိန်း၊ စိတ်ကြွဆေးအကြေမှုန့် ၆၇၈ ဒသမ ၅၇ ကီလို၊ ဆေးခြောက် ၉၀၁ ဒသမ ၉၅ ကီလို၊ ဘိန်းဆီခဲ ၄၁၅ ဒသမ ၄၅ ကီလို၊ အိုက်(စ်) ၁၃၈၆၈ ဒသမ ၃၅ ကီလို၊ ဘိန်းညိုမှုန့် ၁၄၆၈ ဒသမ ၉၅ ကီလို၊ ဘိန်းစာမှုန့် ၆၄၁၅ ဒသမ ၂၂ ကီလို၊ ကတ်တမင်း ၁၄၇၂ ဒသမ ၇၄ ကီလို၊ ဒိုင်ယာဇီပမ် ၆၁၆၂၀၈ ပြား၊

အချပ်ပို (ဂ) သို့



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနမှ တပ်ဖွဲ့ဝင်များ လေ့ကျင့်နေစဉ်။

အချပ်ပို (ခ) မှ

အယ်ပရာဇိုလမ် ၃၃၆၁၅၁ ပြား၊ အက်တက်စီဆေးပြား ၉၅၆၈၃ ပြား၊ ခဲတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ (ONCB)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ မယ်ဖော့လုံဖောင်ဒေးရှင်းတို့နှင့် ပူးပေါင်းကာ လေးနှစ်တာကာလအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်းရှိ မိုင်းကိုး၊ မိုင်းဟဲနှင့် မိုင်းလင်းဒေသများတွင် ဒေသဖွံ့ဖြိုးရေးနှင့် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထ (၁) နှစ်တာ သက်တမ်းကာလအတွင်း ဘိန်းခင်း ၄၁၃၀ ဒသမ ဝ၁ ဧကဖျက်ဆီးနိုင်ခဲ့ပြီး လေးနှစ်တာကာလအတွင်း ဘိန်းခင်းစုစုပေါင်း ၂၄၂၇၁ ဒသမ ဝ၄ ဧကဖျက်ဆီးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူရာ၌ ၂၀၁၇ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ၂၅ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ထုတ်လုပ်မှုတွင် ၂ ရာခိုင်နှုန်းကျဆင်းလာခဲ့သဖြင့် ယခင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ဒုတိယ နေရာမှ တတိယနေရာသို့ လျော့နည်းကျဆင်းလာသည်။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် (၅) နှစ်စီမံကိန်း (၂၀၁၇ - ၂၀၂၁) ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စတုတ္ထ (၁) နှစ်တာကာလအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုပေါင်း ၁၉၁ မှု အရေးယူဆောင်ရွက်ခဲ့ပြီး တရားခံပေါင်း ၅၇၀ နှင့် လူကုန်ကူးခံရသူပေါင်း ၂၄၇ ဦးကို ဖော်ထုတ်နိုင်ခဲ့သည်။

"လူကုန်ကူးခံရသူတွေကို ပြန်လည်လွှဲပြောင်း၊ လက်ခံမှုတွေ ဆောင်ရွက်ခဲ့ရာ အကြိမ်ပေါင်း ၁၃၂ ကြိမ်နဲ့ စုစုပေါင်း ၂၅၆ ဦး၊ ပြည်ပကို သွားရောက် အလုပ်လုပ်ကိုင်မယ့်သူတွေကို ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ဆေးပြီး အချက်အလက်မပြည့်စုံသူတွေ တွေ့ရှိရင် မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်ပေါ်စေဖို့ တားဆီး၊ ပြန်လွှတ်ခြင်းတွေ ဆောင်ရွက်ခဲ့ရာမှာ အကြိမ်ပေါင်း ၅၁ ကြိမ်နဲ့ စုစုပေါင်း ၂၅၅ ဦး ရှိပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦး ပြောသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ၁-၁၀-၂၀၁၉ ရက်က ကျင်းပသည့် (၅၅) နှစ်မြောက် ရဲတပ်ဖွဲ့နေ့ အခမ်းအနား၌ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၊ စံပြရဲဆုရရှိသူ တပ်ဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ ဆောင်ရွက်မှု

ထို့အတူ လေးနှစ်တာကာလအတွင်း စီးပွားရေးဆိုင်ရာပြစ်မှု ၂၀၄ မှုနှင့် ဝန်ထမ်းမသမာမှု ၁၉၉ မှု၊ ပုဂ္ဂလိကဘဏ်များ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း၊ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းခြင်း၊ ငွေကြေးခဝါချခြင်း အပါအဝင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အကျုံးဝင်သောအမှု ၂၆၈ မှု စုစုပေါင်း ၆၇၁ မှု ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

"စုံစမ်းစစ်ဆေးခဲ့တဲ့ အမှုတွေကနေ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့တဲ့ ငွေကြေးနဲ့ပစ္စည်းတန်ဖိုးက နိုင်ငံခြားငွေ အပါအဝင် မြန်မာကျပ်ငွေအနေဖြင့် စုစုပေါင်း ၅ ဒသမ ၈၃ ဘီလီယံခန့်သိမ်းဆည်းနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ငွေကျပ် ၅၃၆ ဒသမ ၄၃ ဘီလီယံနဲ့ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅၇ သန်းတို့အပေါ် အခွန်စည်းကြပ်နိုင်ဖို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကို အကြောင်းကြားနိုင်ခဲ့ပါတယ်" ဟု အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန ဥပဒေနှင့် အကျိုးဆောင်ဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်လေးက ပြောသည်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ ထိခိုက်နစ်နာစေသော ကိစ္စရပ်များ၊ နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှုများ အပါအဝင် စီးပွားရေးဆိုင်ရာပြစ်မှုများ၊ ဝန်ထမ်းမသမာမှုများနှင့် ငွေကြေးခဝါချမှုများကို အဓိကထား စုံစမ်းဖော်ထုတ်လျက်ရှိသည့်အပြင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ပေးအပ်သည့်ကိစ္စရပ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အကူအညီတောင်းခံသည့် ကိစ္စရပ်များ၊ အခြားတည်ဆဲဥပဒေများအရ အရေးယူနိုင်သည့် ပြစ်မှုများကို ပြည်ထဲရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ ဌာနတစ်ခုဖြစ်သည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် ၁၉၅၁ ခုနှစ် အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေအရ ဖွဲ့စည်းထားသည့် ဦးစီးဌာနတစ်ခုဖြစ်သည်။

"အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေနဲ့ လေးနှစ်တာကာလအတွင်း စုံစမ်းစစ်ဆေးခဲ့တဲ့ အမှုတွေအနက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အကျုံးဝင်သောအမှု ၂၆၈ မှုကို စုံစမ်းစစ်ဆေးခဲ့တာရှိပါတယ်။ ဒီစုံစမ်းစစ်ဆေးခြင်းကနေပြီး ပြည်သူ့ဘဏ္ဍာအဖြစ် တရားရုံးတွေက ပြစ်ဒဏ်ချမှတ်သိမ်းဆည်းခဲ့တဲ့ ငွေကြေးနဲ့ ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၂ ဒသမ ၁၇၂ ဘီလီယံ သိမ်းဆည်းနိုင်ခဲ့ပါတယ်။ စုံစမ်းစစ်ဆေးဆဲငွေကြေးခဝါချမှုတွေက ယာယီသိမ်းဆည်းထားတဲ့ ငွေကြေးနဲ့ ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၇၉ ဒသမ ၄၀ ဘီလီယံဖြစ်ပြီး ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရတဲ့ ငွေကြေးနဲ့ပစ္စည်းတွေကို တရားစွဲဆို တင်ပို့သွားမှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးစိုးမြင့်လေးက ပြောသည်။

## အကျဉ်းဦးစီးဌာန၏ ဆောင်ရွက်မှု

နိုင်ငံတော်အစိုးရ၏ လေးနှစ်တာ သက်တမ်းကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာနသည် လွတ်ငြိမ်းသက်သာပေးမှု ၁၆ ကြိမ်ရှိခဲ့ပြီး နိုင်ငံသားအကျဉ်းသား ၂၉၅၂၄ ဦးနှင့် အကျဉ်းသူ ၂၃၀၆ ဦး၊ နိုင်ငံခြားသား အကျဉ်းသား ၁၆၂ ဦးနှင့် အကျဉ်းသူ လေးဦး စုစုပေါင်း ၃၁၉၉၆ ဦးကို လွတ်ငြိမ်းသက်သာခံစားခွင့်ပေးနိုင်ခဲ့သည်။

ထို့ပြင် လေးနှစ်တာ သက်တမ်းကာလအတွင်း အကျဉ်းထောင်များတွင် "အ"သုံးလုံး ပညာသင်ကြားပေးခြင်း၊ ဘာသာရေးဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်း၊ အတန်းပညာဆက်လက်သင်ကြားပေးခြင်း၊ အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲ ပြုလုပ်ပေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်း စသည့် ကဏ္ဍရပ်များကို ပြောင်းလဲဖော်ဆောင်ခဲ့သည်။

"အကျဉ်းထောင်/စခန်းတွေမှာ အကျဉ်းဦးစီးဌာနရဲ့ နယ်လှည့်အနုပညာရှင်တွေအဖွဲ့နဲ့ လှည့်လည်ဖျော်ဖြေပေးလျက်ရှိသလို နေ့ထူးနေ့မြတ်တွေမှာ အခါအခွင့်သင့်သလို ပျော်ပွဲရွှင်ပွဲတွေ ကျင်းပပေးလျက်ရှိပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ အကျဉ်းဦးစီးဌာနတို့ ပူးပေါင်းပြီး UNODC အဖွဲ့ ရန်ပုံငွေနဲ့ ကိုရီယာလွတ်လေ့ကျင့်ခန်းဆောင်ရွက်စေခြင်းတွေကို တိုင်းဒေသကြီး/ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးမှူးတွေကတစ်ဆင့် အကျဉ်းထောင် ဝန်ထမ်းတွေကို သင်ယူစေပြီး အကျဉ်းထောင်အတွင်းက အကျဉ်းသား၊ အကျဉ်းသူတွေကို လေ့ကျင့်လုပ်ဆောင်စေလျက်ရှိပါတယ်"ဟု အကျဉ်းဦးစီးဌာန ဦးစီးအရာရှိ (ပထမတန်း) လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်နိုင်က ပြောသည်။

အကျဉ်းထောင်/စခန်းများရှိ စာပေပညာမတတ်သူများကို "အ" သုံးလုံး ပညာသင်ကြားပေးလျက်ရှိရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ

အချပ်ပို (ဃ)သို့


25 meter Hydraulic Platform ယာဉ်ဖြင့် မီးငြိမ်းသတ်ပြီး 48 meter Hydraulic Platform ယာဉ်ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ တစ်ပြိုင်နက်တည်း ဆောင်ရွက်နေစဉ်။

**စတုတ္ထ (၁) နှစ်တာအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ အမှုပေါင်း ၁၀၈၈၂ မှုနှင့် တရားခံ ၁၅၃၉၄ ဦးတို့ကို ဖမ်းဆီး အရေးယူဆောင်ရွက်နိုင်ခဲ့**

အချုပ်ပို (၈) မှ

အကျဉ်းသား ၁၅၆၇ ဦးနှင့် အကျဉ်းသူ ၇၁၀ စုစုပေါင်း အကျဉ်းသား/အကျဉ်းသူ ၂၂၇၇ ဦး သင်ကြားပေးနိုင်ခဲ့သည်။

အကျဉ်းထောင်/စခန်းများတွင် အခြားဘာသာဝင်များကို မိမိတို့ ယုံကြည်ကိုးကွယ်ရာဘာသာအလိုက် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားပြီး အကျဉ်းထောင်/စခန်းများတွင် လစဉ် တရားစခန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တရားစခန်းဝင်ယောဂီ အကျဉ်းသား ၁၉၅၅၂ ဦးနှင့် အကျဉ်းသူ ၃၈၉၇ ဦး စုစုပေါင်း အကျဉ်းသား/အကျဉ်းသူ ၂၃၄၄၉ ဦးရှိကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။

“အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားပေးခြင်းအနေနဲ့ အကျဉ်းသားတွေ အကျဉ်းထောင်ကနေ လွတ်မြောက်သွားတဲ့အခါ လူသစ်စိတ်သစ်နဲ့ လူ့အသိုက်အဝန်းအတွင်း ကောင်းမွန်စွာ နေထိုင်သွားနိုင်ဖို့ ရည်ရွယ်ပြီး လုပ်ငန်းရပ်အမျိုးအစား ၃၀ ကို သင်ကြားပေးနိုင်ခဲ့ပါတယ်။ ဒီလုပ်ငန်းရပ်တွေ အနက် အမှတ်(၆) စက်မှုသင်တန်းကျောင်း မြင်းခြံမြို့က လာရောက်သင်ကြားပေးတဲ့ စက်ပြင်နှင့် လျှပ်စစ်သင်တန်း၊ ပြင်ပကုမ္ပဏီက လာရောက်သင်ကြားပေးတဲ့ LCCI စာရင်းကိုင် သင်တန်းအောင်မြင်သူတွေကို သင်တန်းဆင်းအောင်လက်မှတ်တွေ ရရှိတဲ့အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်”ဟု ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်နိုင်က ပြောသည်။

ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ပူးပေါင်းကာ အကျဉ်းထောင်များအတွင်း ပြစ်ဒဏ်ကျခံလျက်ရှိသော ပညာတစ်ပိုင်းတစ်စ လူငယ်အကျဉ်းသားများအား အတန်းပညာ ဆက်လက်သင်ကြားပေးသည့် အစီအစဉ်သည် တိုးတက်အောင်မြင်မှု ရရှိလျက်ရှိသည်။

“၂၀၁၆–၂၀၁၇ ပညာသင်နှစ်မှာ အကျဉ်းသား ကျောင်းသား/ကျောင်းသူပေါင်း ၁၄၄ ဦး၊ ၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်မှာ အကျဉ်းသား ကျောင်းသား/ကျောင်းသူပေါင်း ၂၅၃ ဦး၊ ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်မှာ အကျဉ်းသား ကျောင်းသား/ကျောင်းသူပေါင်း ၃၄၇ ဦး ကို ပညာသင်နှစ်အလိုက် အတန်းပညာ ဆက်လက်သင်ကြားပေးနိုင်ခဲ့ပါတယ်။ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်မှာ အကျဉ်းသား ကျောင်းသား/ ကျောင်းသူပေါင်း ၃၃၅ ဦးကို အတန်းပညာ သင်ကြားပေးလျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲမှာ အကျဉ်းသား ကျောင်းသား/ကျောင်းသူပေါင်း ၃၃၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၆၈ ဦး အောင်မြင်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ၄၃ ဦး ထွက်ပေါ်ခဲ့ပါတယ်။ ၂၀၁၉–၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲမှာ အကျဉ်းသား ကျောင်းသား ၁၆၃ ဦးနဲ့ ကျောင်းသူ ၁၅ ဦး စုစုပေါင်း ၁၇၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ပါတယ်” ဟု ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်နိုင်က ပြောသည်။

ကျန်းမာရေးဆောင်ရွက်မှု အနေဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ခုတင် ၅၀ဆံ့ ဆေးရုံ၊ မန္တလေးဗဟိုအကျဉ်းထောင်နှင့် သာယာဝတီဗဟိုအကျဉ်းထောင်တို့တွင် ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ခုစီ တည်ဆောက်ထားပြီး အခြားအကျဉ်းထောင်/စခန်းများမှ လူနာများကို လက်ခံကုသပေးလျက်ရှိသည်။

ထို့ပြင် မန္တလေးဗဟိုအကျဉ်းထောင်တွင် UNOPS ၏ ပံ့ပိုးကူညီမှုဖြင့် နှစ်ထပ် TB ဆေးရုံဆောင်အသစ်ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး အကျဉ်းထောင်/ စခန်းရှိ ဆရာဝန်များ၊ ကျန်းမာရေးမှူးများက နေ့စဉ် ဆေးဝါးကုသပေးကာ လိုအပ်မှုရှိပါက ပြင်ပ ပြည်သူ့ဆေးရုံများသို့ တင်ပို့ကုသခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုဖြစ်သည့် မီးသတ်ဦးစီးဌာနမှ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ပြည်သူတို့၏ အကျိုးစီးပွားကာကွယ်ရေးတို့အတွက် ရည်မှန်းချက်တာဝန်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

“ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် တစ်အိမ်တက်ဆင်း အသိပညာပေး စစ်ဆေးဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စာသင်ကျောင်း အခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးတာ၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ ဈေးတွေ၊ စက်သုံးဆီအရောင်းဆိုင်တွေ၊ အထပ်မြင့်အဆောက်အဦတွေ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။ တစ်နှစ်တာကာလအတွင်း မီးဘေးလုံခြုံရေးအတွက် မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းတွေကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်” ဟု မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်နိုင်က ရှင်းပြသည်။

မီးသတ်ဦးစီးဌာနကို တပ်ဖွဲ့ဝင်အရာထမ်း ၅၂၀ နှင့် အမှုထမ်း ၁၃၁၃၃ ဦး စုစုပေါင်း ၁၃၆၅၃ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး မီးသတ်စက်ယာဉ်များအနေဖြင့် မီးငြိမ်းသတ်ယာဉ် ၁၆၁၅ စီး၊ မီးသတ်ရေသယ်ယာဉ် ၁၀၅၅ စီး၊ မီးသတ်စက်ယာဉ် ၃၆၃ စီး၊ မီးသတ်အထောက်အကူပြုယာဉ် ၂၈၇ စီး စုစုပေါင်း အစီးရေ ၃၃၂၀ နှင့် အရန်မီးသတ်စခန်းများတွင် မီးသတ်စက်ယာဉ်ပေါင်း ၃၂၀ အထိ ရှိလာပြီဖြစ်သည်။

မီးသတ်စခန်း ဖွင့်လှစ်နိုင်မှုအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်ရုံး ၁၅ ခု၊ ခရိုင်မီးသတ်စခန်း/ရုံး ၇၄ ခု၊ မြို့နယ်မီးသတ်စခန်း/ရုံး ၃၁၄ ခုနှင့် နယ်မြေမီးသတ်စခန်းပေါင်း ၅၁၄ ခု တို့ကို ဖွင့်လှစ်နိုင်ခဲ့သည်။

ကျောင်းသားလူငယ်များအတွက် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချရေး၊ တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ အသိပညာပေး အစီအစဉ် Kaeru Caravan Programme ကို မြို့နယ် စာသင်ကျောင်းများတွင် မီးသတ်ဦးစီးဌာနမှ သရုပ်ပြသင်ကြားပေးလျက်ရှိသည်။

“နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ မီးလောင်မှုဖြစ်စဉ်တွေ တစ်နေ့တခြား ပုံစံမျိုးစုံနဲ့ ဖြစ်ပွားလျက်ရှိပါတယ်။ မီးလောင်မှု အကြိမ်ရေနဲ့ ဆုံးရှုံးမှုတန်ဖိုး လျော့နည်းကျဆင်းစေရေးအတွက် နိုင်ငံတကာ မီးသတ်တပ်ဖွဲ့နည်းတူ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ကျင့်သုံးပြီး အထပ်မြင့်အဆောက်အဦ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းအတွက် ဆောင်ရွက်ပေးခရငွေကောက်ခံပေးလျက်ရှိပါတယ်” ဟု ညွှန်ကြားရေးမှူး ဦးကျော်နိုင်က ပြောသည်။

လေးနှစ်တာကာလအတွင်း မီးသတ်ဦးစီးဌာနသည် အထပ်မြင့်အဆောက်အဦ ၈၉၇၈ လုံးအတွက် ဆောင်ရွက်ပေးခရငွေ ငွေကျပ်သန်း ၁၈၀၀၀ ကျော်ကို နိုင်ငံတော်သို့ ပေးသွင်းနိုင်ခဲ့ကြောင်း သိရသည်။

ပြည်သူတွေအနေဖြင့် မီးသတ်ဦးစီးဌာနကို အချိန်နှင့် တစ်ပြေးညီသတင်းပေးပို့ အကူအညီတောင်းခံနိုင်ရန် 191 Report Application ကို မီးသတ်ဦးစီးဌာနမှ ၂၀၁၉ ခုနှစ် မတ်လတွင် ရေးဆွဲအသုံးပြုလျက်ရှိပြီး ပြည်သူများထံမှ သတင်းပေးပို့မှုပေါင်း ၃၆၆ ခု ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် မီးသတ်ဦးစီးဌာန Website နှင့် Facebook Page များမှတစ်ဆင့် မီးလောင်မှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေမှု သတင်းများ၊ နောက်ဆုံးရအခြေအနေများကို ပေးပို့တင်ပြနိုင်ခြင်းကြောင့် ပြည်သူများ၏ စိုးရိမ်ပူပန်မှုကို လျော့ပါးစေပြီး ပြည်သူများ၏ ယုံကြည်ကိုးစားမှုရရှိလာခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးသတ်ဦးစီးဌာနသည် နိုင်ငံအတွင်း သဘာဝဘေးနှင့် မတော်တဆဘေးများ ဖြစ်ပွားလာပါက ထိခိုက်ဆုံးရှုံးမှု နည်းပါးစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ အလျင်အမြန် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်တိုင်းတွင် ရှာဖွေကယ်ဆယ်ရေးတပ်စုများကို တပ်စု တစ်စုစီတွင် အင်အား ၃၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့တော်များတွင် ရှာဖွေကယ်ဆယ်ရေး တပ်ခွဲ တစ်ခွဲလျှင် အင်အား ၁၁၆ ဦးစီဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်သည်။

ထိုကဲ့သို့ ဖွဲ့စည်းထားရှိသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် နိုင်ငံတကာ အဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးအကြံပေးအဖွဲ့(Insarag) ၏ သတ်မှတ်ချက်နှင့်အညီ Insarag Light Team ကို အင်အား ၂၈ ဦးဖြင့် ဖွဲ့စည်းပြီး ကယ်ဆယ်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မီးသတ်တပ်ဖွဲ့ကို ခေတ်မီပြီး စွမ်းအားပြည့်ဝသည့် တပ်ဖွဲ့ဖြစ်စေရန်အတွက် ပိုလန်နိုင်ငံ အစိုးရနောက်ခံအခြေပြု ဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့မှု ချေးငွေ (Organization for Economic Co–operation and Development–OECD) က တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ (Official Development Assistance – ODA) အစီအစဉ်အရ ထောက်ပံ့ချေးငွေ ယူရိုငွေသန်း ၅၀ ဖြင့် မီးငြိမ်းသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် မီးသတ်အထောက်အကူပြုယာဉ် စုစုပေါင်း ၇၅ စီးကို ဖြည့်တင်းဆောင်ရွက်ခဲ့သည်။

“ဒီလိုဖြည့်တင်းခဲ့မှုကြောင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ AA Electronics ပစ္စည်း သိုလှောင်ရုံမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှု၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန် (၁)ရှိ ဇာမဏီဖယောင်းသိုလှောင်ရုံမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှု၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်ရှိ Sky Walk (၅)လွှာ အဆောက်အဦမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှုနဲ့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် လမ်းမတော်လမ်း သံဈေးမီးလောင်မှုတို့မှာ အထပ်မြင့်မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးယာဉ်တွေ၊ မီးငြိမ်းသတ်ရေးယာဉ်တွေနဲ့ ထိရောက်စွာ အသုံးပြုငြိမ်းသတ်နိုင်ခဲ့ပါတယ်”ဟု ပြည်ထဲရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ထို့ကြောင့် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် စတုတ္ထ (၁) နှစ်တာကာလ အပါအဝင် (၄)နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား ဖြစ်ထွန်းရေးကို ရှေးရှု၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။ ။



၂၀–၂–၂၀၂၀ ရက်က ဖြစ်ပွားသည့် သံဈေးမီးလောင်မှု ငြိမ်းသတ်နေသည်ကို ဝေဟင်မှ တွေ့ရစဉ်။

> “၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ AA Electronics ပစ္စည်းသိုလှောင်ရုံမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှု၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်(၁)ရှိ ဇာမဏီဖယောင်း သိုလှောင်ရုံမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှု၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်ရှိ Sky Walk (၅)လွှာအဆောက်အဦမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှုနဲ့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် လမ်းမတော်လမ်း သံဈေးမီးလောင်မှုတို့မှာ အထပ်မြင့်မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးယာဉ်တွေ၊ မီးငြိမ်းသတ်ရေးယာဉ်တွေနဲ့ ထိရောက်စွာ အသုံးပြုငြိမ်းသတ်နိုင်ခဲ့ပါတယ်”